မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက် | ၂၀၁၈ ခုနှစ်၊ ဧပြီ ၁ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၈၃)

**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘော တစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ - ၅)**

# သဘာဝဘေးအန္တရာယ်များကို ကာကွယ်နိုင်ရန် တမံကြံ့ခိုင်ရေးကို စဉ်ဆက်မပြတ်စောင့်ကြပ်စစ်ဆေး

# တမံ၏ ရေဝေရေလဲဧရိယာအတွင်းရှိ သစ်တောများပြုန်းတီးမှုမရှိစေရေး ထိန်းသိမ်းစောင့်ရှောက်



ဒုတိယသမ္မတ ဦးမြင့်ဆွေ ကွန်းချောင်းရေလှောင်တမံ အတွင်း ရေသိုလှောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစဉ်။

သတင်းစဉ်

နေပြည်တော် မတ် ၃၁

**ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ကွန်းချောင်းရေလှောင်တမံ၊ ဓာတ်အားပေးစက်ရုံနှင့် ကွန်းချောင်းရေလွှဲဆည်ရေသောက်စနစ် တည်ဆောက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ကွန်းချောင်း ရေလှောင်တမံသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်ရွက်ရပ်မှ ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှု အခြေအနေကို ကြည့်ရှုသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဒုတိယသမ္မတအား ရှင်းလင်းဆောင်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးစန်းဝေက ကွန်းချောင်းရေလှောင် တမံ တည်ဆောက်ခဲ့မှု၊ တမံရေသိုလှောင်မှု၊ မိုးရေချိန်နှင့် ရေဝင်ရောက်မှု၊ စိုက်ပျိုးရေ ပေးဝေနိုင်မှု၊ တမံတည်နေရာ၊ တမံ အမျိုးအစား၊ ရေပိုလွှဲနှင့် ရေလွှဲဆည် တည်ဆောက်ထားရှိမှု၊ ရေအားလျှပ်စစ် ထုတ်လုပ်နိုင်မှု၊ အကျိုးပြုစိုက်ဧက နှင့် နှစ်အလိုက် ရေဝင်ရောက်မှုတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက စက်ရုံတည်နေရာ၊ ဓာတ်အား ထုတ်လုပ်နိုင်မှု၊ နှစ်အလိုက်ဓာတ်အား ထုတ်လုပ်နိုင်မှု၊ စက်များ ပြုပြင်ထိန်းသိမ်းမှုအခြေအနေတို့နှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြသည်။

**စောင့်ကြပ်စစ်ဆေး**

ထို့နောက် ဒုတိယသမ္မတက ရေလှောင်တမံ ရေရှည် တည်တံ့ရေးအတွက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေး အန္တရာယ်များကို ကာကွယ်နိုင်ရန်အတွက် တမံကြံ့ခိုင်ရေးကို

*စာမျက်နှာ ၃ ကော်လံ ၁* ❖

“ ကွန်းချောင်း ရေလွှဲဆည် ရေသောက်စနစ် တည်ဆောက်လျက် ရှိရာ ပြီးစီးပါက တောကျွဲအင်း၊ ပဲနွယ်ကုန်း ဒေသများရှိ ဆည်ရေသောက် ဧရိယာ ဧက ၃၅၀၀၀ အား သီးထပ်၊ သီးညှပ်များ ပိုမို စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေ ပေးဝေနိုင်မည် ”



**တိုင်ကြားသူ၏ဆန္ဒသည် အခရာဖြစ်ပြီး ကော်မရှင်အနေဖြင့် လေးလေးနက်နက် သတိထား ဆောင်ရွက်လျက်ရှိ** စာ » ၅

**ပုဂံရှေးဟောင်းမြို့တော် (အမျိုးသားအမွေအနှစ်မှ ကမ္ဘာ့အမွေအနှစ်အဆင့်သို့)** စာ » ၆

**တရုတ်နိုင်ငံ ရှန်ဟိုင်း၌ မောင်းသူမဲ့ ရထားလိုင်းသစ် စမ်းသပ်ပြေးဆွဲ** စာ » ၁၄



မြန်မာ့အလင်း

# စက်မှုဝန်ကြီးဌာနနှင့် FNF Myanmar တို့၏ မင်္ဂလာခြေလှမ်းများ

မြန်မာနိုင်ငံအတွက် အထူးလိုအပ်လျက်ရှိသော အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့က နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပခဲ့ပါသည်။ စက်မှုဝန်ကြီးဌာနနှင့် **Friedrich Naumann Foundation Myanmar (FNF Myanmar)** တို့ပူးပေါင်း၍ ဤအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ၏ ခေါင်းစဉ်မှာ **MSME (Micro, Small and Medium Enterprise)** ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၂၀၁၉-၃၀) ရေးဆွဲရေး ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ **MSMEs** များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ အခြားသော အာဆီယံနိုင်ငံများကဲ့သို့ ပကတိအခြေအနေအား ထင်ဟပ်သည့် ထိရောက်သော လုပ်ငန်းအစီအစဉ်တို့ကို အချိန်ဇယားသတ်မှတ်ချက်တို့နှင့်အတူ အကောင်အထည်ဖော်ပေးမည့် **Master Plan** ထွက်ပေါ်လာရန် ရည်ရွယ်လျက် ဤအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့် တီထွင်ဖန်တီးတတ်မှု၊ ငွေကြေးအရင်းအမြစ်၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဈေးကွက်ရရှိရေး၊ သင့်လျော်သော အခွန်အကောက်နှုန်းထားနှင့် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းရေးအပါအဝင် လုပ်သာကိုင်သာရှိသော စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ပေါ်ထွက်လာစေရေးတို့ကို ရည်ရွယ်လျက် ဤမဟာဗျူဟာကို ရေးဆွဲခြင်းဖြစ်ပါသည်။ အဆိုပါ မဟာဗျူဟာ၏ လိုရင်းအနှစ်သာရမှာ အရည်အသွေးပြည့်မီသော ထုတ်ကုန်တို့ကို ပြည်တွင်း၌ အစားထိုးထုတ်လုပ်နိုင်စွမ်းရှိရေးနှင့် ပြည်ပနိုင်ငံများသို့ပါ တင်ပို့နိုင်ရေးတို့အတွက် လိုအပ်သော လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာ၊ တီထွင်ဖန်တီးနိုင်မှု၊ ငွေကြေးကဏ္ဍနှင့် ဈေးကွက်ချိတ်ဆက်မှုတို့ကို ပံ့ပိုးပေးသွားရန် ဖြစ်ပါသည်။

ဤအလုပ်ရုံဆွေးနွေးပွဲ၌ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ စနစ်တကျ ဖွဲ့စည်းလည်ပတ်လုပ်ကိုင် ဆောင်ရွက်နိုင်ရေးကို ရည်မှန်းထားသည်ဖြစ်၍ တိုင်းပြည်၏လိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းလိုက်ခြင်းဖြစ်ပါသည်။ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်သူလူထု၏ ဘဝအရည်အသွေးမြင့်မားရေးနှင့်အတူ ယှဉ်တွဲဆောင်ရွက်နိုင်ရန်အတွက် **MSME** ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ၌ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေးအတွက် တာဝန်ယူရေးကိုပါ အလေးအနက်ထား ထည့်သွင်းရေးဆွဲမည်ဖြစ်၍ ကြိုဆိုရမည့် ကိစ္စရပ်ဖြစ်ပါသည်။ ဤမဟာဗျူဟာ၏ တခြားသော ဝမ်းမြောက်စရာကိစ္စရပ်မှာ ကျေးလက်ဒေသထွက်ကုန်တို့အား တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရန် တွန်းအားပေးဖော်ဆောင်သွားမည့် လုပ်ငန်းအစီအစဉ်ကို ထည့်သွင်းထားခြင်းဖြစ်ပါသည်။ စက်မှုဝန်ကြီးဌာနနှင့် **FNF Myanmar** တို့က ဤမဟာဗျူဟာရေးဆွဲရေးကိစ္စဆောင်ရွက်ရာ၌ အခြေခံအုတ်မြစ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဦးတည်ထားခြင်းသည် အားရစရာခြေလှမ်းဖြစ်ပါသည်။ အဆိုပါအခြေခံအုတ်မြစ် လိုအပ်ချက်ဆိုသည်မှာ နိုင်ငံတစ်ဝန်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအရေအတွက် အပါအဝင် ၎င်းတို့၏ မတည်ရင်းနှီးငွေ၊ လုပ်သားအင်အား၊ ထုတ်လုပ်မှုနှင့် အသားတင်ဝင်ငွေ စသည့်စာရင်းအင်းတို့ကို တိတိကျကျကောက်ယူရေး ဖြစ်ပါသည်။ မှန်ကန်တိကျသည့် အချက်အလက်တို့အပေါ် အခြေမခံသည့် မဟာဗျူဟာဟူသည် အောင်မြင်မှုကို ဖန်တီးနိုင်စွမ်းရှိမည်မဟုတ်ပါ။ နိဂုံးချုပ်အနေဖြင့် စက်မှုဝန်ကြီးဌာနနှင့် **FNF Myanmar** တို့၏ **MSME** ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာပူးတွဲရေးဆွဲရေး လုပ်ငန်းစဉ်အား ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၃၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့ နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ **မိုး/ဇလ**

## ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ကျင်းပ

**နေပြည်တော် မတ် ၃၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၁၈ ခုနှစ် ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၃ နာရီအထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၂ ဌာနတို့၌ (စတုတ္ထနေ့)အဖြစ် ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲ (ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြု) စတုတ္ထနေ့ကို စာရင်းသွင်း သံဃာနှင့်သီလရှင် စုစုပေါင်း ၅၇၄၉၇ ပါးအနက် ၄၇၂၇၀ ပါး ဖြေဆိုကြပြီး ၈၂ ဒသမ ၂၀ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညို

**ရန်ကုန် မတ် ၃၁**

တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ မကာအိုအထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူးဟောင်း Mr. Edmund Ho Hau Wah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၁ နာရီတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြသည်။

ထို့နောက် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်းရှိ ရွှေစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့အား ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် ဦးသန်းဇော်က ရွှေတိဂုံစေတီတော်၏ သမိုင်းကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာရည်များ ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့သည် ကျောက်စိမ်းဘုရားကို ဖူးမြော်ကြည်ညိုကြကာ ရွှေတိဂုံစေတီတော်အား လက်ယာရစ်လှည့်လည်ဖူးမြော်ကြသည်။ **သတင်းစဉ်**

## ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စစ်တောင်းရိပ်မွန်နှင့် ယုဇနဥယျာဉ်မြို့တော် အိမ်ရာအဆောက်အအုံဆိုင်ရာ ခိုင်ခံ့မှု ရှိ၊ မရှိ စစ်တမ်းများ လိုက်လံကောက်ယူလျက်ရှိ

**ရန်ကုန် မတ် ၃၁**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စစ်တောင်းရိပ်မွန် ၉၂ ရပ်ကွက်၌ အိမ်ရာတိုက်ခန်းပေါင်း ၁၀၀၀ကျော်နှင့် ယုဇနဥယျာဉ်မြို့တော် ၉၄ ရပ်ကွက် အေ၊ ဘီ၊ စီ အပိုင်းလိုက်ရှိ အိမ်ရာတိုက်ခန်းပေါင်း ၉၀၀၀ ကျော် နှစ်ရပ်ကွက်ပေါင်း တိုက်ခန်း ၁၀၀၀၀ ကျော်တွင် တိုက်ခန်းတစ်ခန်းချင်းစီ၏ အစိတ်အပိုင်းဆိုင်ရာ ခိုင်ခံ့မှု ရှိ၊ မရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာဌာနက ရပ်ကွက်အတွင်းရှိ တိုက်ခန်းတစ်ခန်းချင်းစီကို စစ်တမ်းဖောင်များ ဖြန့်ဝေပေးခဲ့သည်။

အဆိုပါစစ်တမ်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာဌာနက ကောက်ခံရရှိသည့် မှတ်တမ်း၊ စစ်တမ်းကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းသို့ လတ်တလော တင်ပြပို့ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဒေါ်ခင်သီသီက ပြောကြားကြောင်း သိရှိရသည်။ ၉၂၊ ၉၄ ရပ်ကွက် တိုက်ခန်းတွင် နေထိုင်လျက်ရှိကြသည့် ဒေသခံပြည်သူများက စစ်တမ်းများလိုက်လံကောက်ယူရာတွင် လုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မျှော်လင့်လျက်ရှိကြောင်း သိရှိရသည်။ **ကျင်မောင်(ဆိပ်ကမ်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၃၁-၃-၂၀၁၈

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၃၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၈၀၅/၈၂၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၉၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၄၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၅/၈၄၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၂ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၈ . ၀ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၅၄ . ၃ |
| ထိုင်း | တစ်ဘတ် | ၄၂ . ၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၅ |
| တရုတ် | တစ်ယွမ် | ၂၁၂ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၅ . ၅ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

## မဏ္ဍိုင်ကြီးသုံးရပ် ပူးပေါင်းဆောင်ရွက်

ကျွန်တော်တို့အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ အခွင့်အာဏာကို တတ်နိုင်သမျှ ပိုင်းခြားကျင့်သုံးနေကြတဲ့ မဏ္ဍိုင်ကြီး သုံးရပ်အကြားမှာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ယုံကြည်မှုတွေနဲ့ ပြည်သူတွေ အကျိုးအတွက် ပူးပေါင်း ဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ နားတွေ၊ မျက်စိတွေဖြစ်တဲ့ သတင်းမီဒီယာတွေရဲ့အခန်းကဏ္ဍကို အလေးအနက်ထားကြဖို့၊ ကျွန်တော်တို့ အလုပ်အကျွေးပြုရမယ့် နိုင်ငံသူ နိုင်ငံသားတွေရဲ့ပြည်သူ့မဏ္ဍိုင်ကို အလေးအမြတ်ပြုကြဖို့ တစ်ဆက်တည်းမှာပဲ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲ အခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## တရားဥပဒေစိုးမိုးရေးဆိုတာ အလိုအပ်ဆုံးအရာ

ပြည်သူလူထုဟာ ကိုယ့်နိုင်ငံမှာရှိနေတဲ့ ဥပဒေတွေဟာ တရားတဲ့ဥပဒေတွေလား၊ ဒီဥပဒေတွေဟာ၊ ဒီတရားဥပဒေတွေဟာ စိုးမိုးနေရဲ့လား၊ တရားဥပဒေစိုးမိုးရေးဆိုတာ ရှိရဲ့လား။ အင်မတန်မှ လှပကောင်းမွန်တဲ့ တရားဥပဒေတွေကို စာအုပ်ကြီးထဲမှာထားပြီးတော့ ပြည်သူတွေရဲ့ဘဝတွေအပေါ်မှာ သက်ရောက်မှုရှိအောင် မလုပ်နိုင်ဘူးဆိုရင် တရားဥပဒေစိုးမိုးရေးရှိတယ်လို့ ပြောလို့မရပါဘူး။ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရဟာ အစကတည်းက တရားဥပဒေစိုးမိုးရေးဆိုတာ အလိုအပ်ဆုံးအရာဆိုပြီး၊ ကျွန်မတို့တင်ပြပြီးတော့ ရွေးကောက်ပွဲမှာ ဝင်ခဲ့တာဖြစ်ပါတယ်။

(၇-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

❖ ရှေ့စာမျက်နှာမှ

စဉ်ဆက်မပြတ် စောင့်ကြပ်စစ်ဆေးသွားရန် လိုအပ်ကြောင်း၊ ထို့ပြင်တမံ၏ ရေဝေရေလဲ ဧရိယာအတွင်းရှိ သစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုအပ်ကြောင်း။

ဓာတ်အားပေး စက်ရုံအတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများနှင့် မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအပါအဝင် လိုအပ်သည့် သက်သာချောင်ချိရေးများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားသည်။

### ပြီးစီးခဲ့

ကွန်းချောင်း ရေလှောင်တမံကို စစ်တောင်းမြစ်ဝှမ်းလွင်ပြင်၏ ဒေသအလိုက် ရေလွှမ်းမိုးမှုကို ကာကွယ်ရန်၊ စစ်တောင်းမြစ်ဝှမ်းဒေသ၊ ကညွတ်ကွင်းနှင့် ပဲနွယ်ကုန်းမြို့နယ်များအတွင်းရှိ လယ်မြေများသို့ သီးထပ်၊ သီးညှပ် စိုက်ပျိုးနိုင်ရေး ဆည်ရေပေးဝေရန်နှင့် လျှပ်စစ်ဓာတ်အား ၆၀ မဂ္ဂါဝပ်ကို နိုင်ငံတော် ဓာတ်အားကွန်ရက်စနစ်အတွင်းသို့ ဓာတ်အားဖြန့်ဖြူးပေးရန် ရည်ရွယ်ချက်များဖြင့် ၂၀၀၂ - ၂၀၀၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။




ဒုတိယသမ္မတ ဦးမြင့်ဆွေ ကွန်းချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံအတွင်း လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှု အခြေအနေကို ကြည့်ရှုစဉ်။ သတင်းစဉ်

ယင်းနောက် ဒုတိယသမ္မတသည် ကွန်းချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံအတွင်းရှိ စက်များတပ်ဆင်မောင်းနှင်မှုအခြေအနေနှင့် လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတသည် ကျောက်တံခါးမြို့နယ် ကွန်းချောင်းရေလွှဲဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြတ်မိုးက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ရေလွှဲဆည်တည်ဆောက်နေမှုနှင့် ဆည်ရေ ဖြန့်ဝေပေးရန် လျာထားဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေက ဆည်ရေပေးဝေမှုကို သတ်မှတ်ထားသည့် ဧရိယာများအား လုံလောက်စွာ ဖြန့်ဖြူးပေးရန်၊ စိုက်ပျိုးရေလုံလောက်စွာရရှိပါက ဒေသခံတောင်သူများ ရေကို အကျိုးရှိစွာ အသုံးချ၍ စီးပွားရေး တွက်ခြေကိုက်သည့် သီးနှံများ ပိုမိုစိုက်ပျိုးအောင်စည်းရုံးသွားရန် ပြောကြားသည်။

ကွန်းချောင်းရေလွှဲ ဆည်ရေသောက်စနစ် တည်ဆောက်လျက်ရှိရာ ပြီးစီးပါက တောင်ငူခရိုင်၊ ပဲနွယ်ကုန်းဒေသများရှိ ဆည်ရေသောက်ဧရိယာ ဧက ၃၅၀၀၀ အား သီးထပ်၊ သီးညှပ်များ ပိုမိုစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် သတင်းမီဒီယာကျွမ်းကျင်မှု ဆင့်ပွားသင်တန်းဖွင့်

**ပဲခူး မတ် ၃၁**

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် သတင်းမီဒီယာကျွမ်းကျင်မှု ဆင့်ပွားသင်တန်းအား အဆိုပါရုံး၏ အစည်းအဝေးခန်းမ၌ မတ် ၃၁ ရက် နံနက် ၉ နာရီတွင် ဖွင့်ပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။




### ခန့်အပ်ပြီးဖြစ်

အဆိုပါ သတင်းမီဒီယာဆင့်ပွားသင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက တရားရုံးများ အနေဖြင့် မီဒီယာနှင့် ဆက်ဆံမှုနည်းပါးခဲ့ကြောင်း၊ မီဒီယာနှင့် တွေ့ရာမှာလည်း ကြောက်ရွံ့ခဲ့ကြောင်း၊ မီဒီယာမေးမြန်းချက် ဖြေကြားရာမှာလည်း စိုးရိမ်ကြောင်း၊ လက်ရှိအခြေအနေသည် တရားစီရင်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုရှိရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်အတွက် တရားရုံးများက မီဒီယာနှင့် မဖြစ်မနေ ဆက်ဆံရပါတော့မည်ဖြစ်ကြောင်း၊ ဥပဒေအရ လျှို့ဝှက်ချက်မှအပ မီဒီယာသိလိုသမျှအားလုံးကို ပြောပြရန်တာဝန်သည် တရားရုံး၏ တာဝန်ဖြစ်ကြောင်း၊ ဒါကြောင့် တရားရုံးတိုင်းမှ သတင်းပြန်ကြားရေးအရာရှိများ ခန့်အပ်ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

### တက်ရောက်ခဲ့

အဆိုပါ သတင်းမီဒီယာဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် သင်တန်းသား ၅၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ဖြစ်ကြောင်း သိရသည်။

**သန့်စင်**

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်အဖွဲ့ ထိုင်းနိုင်ငံသို့ သွားရောက် မြန်မာအလုပ်သမားများကိစ္စ အလေးထားဆွေးနွေး

**နေပြည်တော် မတ် ၃၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၊ အလုပ်သမားဝန်ကြီး၏ ဖိတ်ကြားချက်အရ မတ် ၂၈ ရက်က ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့သည်။

အဆိုပါခရီးစဉ်တွင် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အတူ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများအရေး ဆောင်ရွက်နေသည့် လူမှုအဖွဲ့အစည်းများနှင့်တွေ့ဆုံခဲ့ရာ တက်ရောက်လာသည့် အဖွဲ့အစည်းများမှ မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကြုံတွေ့နေရသည့် အခက်အခဲများ တင်ပြခြင်းနှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် အချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၂၉ ရက်တွင် ထိုင်းနိုင်ငံ၊ အလုပ်သမားဝန်ကြီးနှင့် တွေ့ဆုံပြီး မတ် ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည့် မြန်မာအလုပ်သမားများကိစ္စကို အလေးထားဆွေးနွေးပြီး အလုပ်သမားများအား အထောက်အထားထုတ်ပေးခြင်းဆိုင်ရာ ကိစ္စရပ်များ၊ တရားဝင်စေလွှတ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ အလုပ်သမား အခွင့်အရေးနှင့် ကာကွယ်စောင့်ရှောက်မှုများ ရရှိနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် သင်္ကြန်ကာလ ပိတ်ရက်အတွင်း မြန်မာအလုပ်သမားများ လွတ်လပ်စွာပြန်ခွင့်ရရှိနိုင်ရေး စသည်တို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ထိုင်းအလုပ်သမားဝန်ကြီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ထိုင်းနိုင်ငံဘက်မှ ဗီဇာနှင့် အလုပ်လုပ်ကိုင်ခွင့်လက်မှတ် သက်တမ်းတိုးပေးခြင်းလုပ်ငန်းစဉ်နှင့် မည်သူမည်ဝါ ဖြစ်ကြောင်း သက်သေခံလက်မှတ် CI ထုတ်ပေးရေး စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ CI လာရောက် လျှောက်ထားသော အလုပ်သမားများအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်ပြီး အခက်အခဲများ မေးမြန်းခြင်း၊ ဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခြင်းနှင့် မြန်မာအလုပ်သမားများမှ တင်ပြချက်များအပေါ် ထိုင်းအလုပ်သမားဝန်ကြီးနှင့် ညှိနှိုင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆင္ဒမအကြိမ်မြောက် GMS ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

❒ *ကျောဖုံးမှ*

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ဝင်များသည် National Convention Center (NCC)၌ ဆက်လက်ကျင်းပသည့် ဆဌမအကြိမ်မြောက် GMS ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင် စွမ်းဖုု၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက် ဟွန်ဆန်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီဆုလစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယွတ် ချန်အိုချာ၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)ဥက္ကဋ္ဌ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ကမ္ဘာ့ဘဏ် မန်နေဂျင်းဒါရိုက်တာ၊ GMS အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဆဌမအကြိမ်မြောက် GMS ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင် စွမ်းဖုက အဖွင့်မိန့်ခွန်း ပြောကြားသည်။

ယင်းနောက် GMS အဖွဲ့ဝင် နိုင်ငံ့ခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ဥက္ကဋ္ဌတို့က မိန့်ခွန်းပြောကြားကြသည်။

**လက်ရှိအချိန်နှင့်အကိုက်ညီဆုံး**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက မိန့်ခွန်းပြောကြားရာ၌ "ရေရှည်တည်တံ့၍ ပေါင်းစည်းမှုရှိပြီး ပြည့်စုံကြွယ်ဝသည့် ဂျီအမ်အက်စ် ဒေသတစ်ခုအတွက် ၂၅ နှစ်တာကာလ ပူးပေါင်းဆောင်ရွက်မှုများကို အားပြုဖော်ဆောင်ရေး"ဆိုသည့် ထိပ်သီးအစည်းအဝေး၏ ခေါင်းစဉ်သည် မိမိတို့ဒေသ၏ လက်ရှိအချိန်နှင့် အကိုက်ညီဆုံး အသင့်တော်ဆုံးပင်ဖြစ်ပါကြောင်း။

ပြီးခဲ့သည့် ၂၅ နှစ်တာကာလအတွင်း မိမိတို့ ဂျီအမ်အက်စ် အဖွဲ့ဝင်နိုင်ငံများသည် ရေရှည်တည်တံ့၍ ပေါင်းစည်းမှုရှိပြီး ပြည့်စုံကြွယ်ဝသည့် ဒေသခွဲကို အမှန်တကယ် ဖြစ်ပေါ်ရေးနှင့် ဒေသခွဲအတွင်းနှင့် ဒေသခွဲအလွန်တွင် တည်ရှိနေသည့် စိန်ခေါ်မှုများကို ဦးတည်ဖြေရှင်းရေး ဆိုသည့် ရည်ရွယ်ချက်များဖြင့် အတူတကွ လုပ်ဆောင်လာခဲ့ကြပါကြောင်း။

ဂျီအမ်အက်စ်သည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ပို့ဆောင်ရေး၊ စွမ်းအင်နှင့် ဆင်းရဲမှုပပျောက်စေရေး စသည့်အဓိက ဧရိယာများတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် မူဘောင်တစ်ခုနှင့် ကာလကြာရှည် ပံ့ပိုးလုပ်ဆောင်ပေးလာခဲ့ပြီး ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ၂၀၁၁ ခုနှစ်တွင် စတုတ္ထအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့် ရရှိခဲ့ပြီး ယင်းအစည်းအဝေးတွင် ဂျီအမ်အက်စ် မဟာဗျူဟာမူဘောင် (၂၀၁၂-၂၀၂၂)ကို အတည်ပြုခဲ့ကြပါကြောင်း။

၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့သည့် (၂၂) ကြိမ်မြောက် ဂျီအမ်အက်စ်ဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုခဲ့သည့် ယခုငါးနှစ် ဟန်ွိုင်းလုပ်ငန်းအစီအစဉ်အသစ် (၂၀၁၈-၂၀၂၂) နှင့် ယင်းကို အားဖြည့်ပံ့ပိုးပေးမည့် ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု မူဘောင် (၂၀၂၂)တို့ကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်း။

အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၆ ဘီလီယံခန့် တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှု နည်းပညာနှင့် အကူအညီဆိုင်ရာ စီမံကိန်း ၂၂၆ ခု ပါဝင်သော ဒေသတွင်း ရင်းနှီးမြှုပ်နှံမှု မူဘောင် ၂၀၂၂ ပါ စီမံချက်များ အကောင်အထည်ဖော်ရန်အတွက် လိုအပ်သော ဘဏ္ဍာငွေများရရှိအောင် စုစည်းနိုင်လိမ့်မည်ဟု မြန်မာနိုင်ငံအနေဖြင့် ယုံကြည်ပါကြောင်း။

ထို့ပြင် "အကြားအလပ်မရှိ ပြီးပြည့်စုံမှုရှိသော၊ ယုံကြည်အားထားရသော ရေရှည်ဖွံ့ဖြိုးတိုးတက်သော သယ်ယူပို့ဆောင်ရေးစနစ်တစ်ခု" ရရှိရန် ရည်ရွယ်ကာ ဂျီအမ်အက်စ် ပို့ဆောင်ရေးကဏ္ဍ မဟာဗျူဟာအသစ် (၂၀၁၈-၂၀၃၀)ကိုလည်း ထောက်ခံပါကြောင်း။

**အဓိက စီးပွားရေးစင်္ကြံသုံးခု**

မြန်မာနိုင်ငံရှိ မြို့များ အပါအဝင် ဂျီအမ်အက်စ် မြို့တော်များအားလုံး၊ အဓိက မြို့များနှင့် ရေကြောင်း ပို့ဆောင်ရေး ဂိတ်များအားလုံး ဆက်သွယ်ထားပြီး အဓိကကုန်သွယ်ရေး လမ်းကြောင်းများနှင့် ချိတ်ဆက်ထားသည့် ဂျီအမ်အက်စ် အဓိက စီးပွားရေးစင်္ကြံသုံးခု၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကြိုဆိုပါကြောင်း။

အောင်မြင်မှုများသည် ဖွံ့ဖြိုးမှုမိတ်ဖက်များ အထူးသဖြင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဘဏ္ဍာငွေနှင့် နည်းပညာ ဆက်လက် ပံ့ပိုးကူညီနေမှုများကြောင့် ရရှိသော အောင်မြင်မှုများဟု မှတ်ယူရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဂျီအမ်အက်စ်အစီအစဉ် စတင်ကတည်းက ဆက်လက်ပံ့ပိုးကူညီလာသော အာရှဖွံ့ဖြိုးရေးဘဏ်နှင့် နိုင်ငံတကာဖွံ့ဖြိုးမှု မိတ်ဖက်များအားလုံးကို ကျေးဇူးတင်ရှိကြောင်း။

ကြီးမားများပြားလှသည့် တိုးတက်မှုကို ရရှိထားပြီးဖြစ်သော်လည်း ချိတ်ဆက်မှု ဆောင်ရွက်ရာတွင် လည်းကောင်း၊ ယှဉ်ပြိုင်နိုင်စွမ်းတိုးမြှင့်ရာတွင် လည်းကောင်း၊ ဒေသခွဲအတွင်း ပိုမိုကြီးမားသည့် အသိုက်အဝန်းကို မြှင့်တင်ရာတွင် လည်းကောင်း စိန်ခေါ်မှုများစွာ ကျန်ရှိနေသေးသည့်အတွက် ဒေသခွဲတွင်း အခွင့်အလမ်းများနှင့် အလားအလာ များစွာတို့ကို ဖမ်းဆုပ်နိုင်ရန် မိမိတို့၏ တာဝန်ခံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို မျှဝေတာဝန်ယူသည့်စိတ်ဖြင့် လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ်၊ ဧပြီလကစပြီး မိမိတို့ လက်ရှိ နိုင်ငံတော်အစိုးရသည် နိုင်ငံတွင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးနှင့် ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရရှိစေရေးတို့အတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့၏ အဓိကရည်မှန်းချက်သည် ပြည်သူများ၏ လုံခြုံမှု၊ လွတ်လပ်မှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် အာမခံပေးနိုင်သည့်၊ တည်ငြိမ်ပြီး စစ်မှန်သည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးပင် ဖြစ်ပါကြောင်း။

ယခုအချိန် မြန်မာနိုင်ငံသည် အလုံးစုံပါဝင်သော လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုရရှိရန် လိုအပ်နေသော မူဝါဒများ၊ စနစ်များ၊ အဖွဲ့အစည်းများနှင့် လိုက်ဖက်ညီညွတ်သည့် ရည်မှန်းချက်များအပေါ် အခြေခံထားသည့် "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးစီမံကိန်း"ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

စီမံကိန်းကို အစိုးရ၊ လွှတ်တော်၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ အခြားသက်ဆိုင်သူအားလုံးဖြင့် လေးလေးနက်နက် ဆွေးနွေးတိုင်ပင်ကာ အပြီးသတ်ရေးဆွဲမည်ဖြစ်ပါကြောင်း။

**ထိရောက်စွာပံ့ပိုးပေးနိုင်မည်**

MSDP ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများကို အကျိုးရှိစေမည့်အပြင် ဂျီအမ်အက်စ် ဒေသခွဲနှင့် အခြားသော ဒေသတွင်း အဖွဲ့အစည်းများကိုပါ ထိရောက်စွာ ပံ့ပိုးပေးနိုင်မည်ဟု အလေးထား ပြောကြားလိုပါကြောင်း။

မြို့ပြများ အလျင်အမြန် ဖြစ်ထွန်းလာမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝနှင့် လူသားကြောင့်ဖြစ်သော ဘေးအန္တရာယ်များ ကျရောက်မှု၊ နယ်စပ်ဖြတ်ကျော်လူမှုများ ရွှေ့ပြောင်းနေထိုင်မှု၊ ပထဝီဝင်နိုင်ငံရေးအရ မတည်ငြိမ်မှုများစသည့် ပြဿနာများကြောင့် မိမိတို့အားလုံးအတွက် စိန်ခေါ်မှုများကို ပိုမိုခက်ခဲပြင်းထန်စေပါကြောင်း။

ထို့အတူ ယနေ့ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် အကြမ်းဖက်လုပ်ရပ်များနှင့် မတည်ငြိမ်မှုများကြောင့် ဒေသတွင်း တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးမှတစ်ဆင့် human security ကို ပိုမိုကောင်းမွန်အောင် အလေးထားလုပ်ဆောင်ကြရန် အထူးလိုအပ်လျက်ရှိပါကြောင်း။

အောင်မြင်မှုများနှင့် စိန်ခေါ်မှုများအပေါ် အခြေခံပြီး ကမ္ဘာ့အခင်းအကျင်းအသစ်တွင် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများကို ဖြေရှင်းပြီး အခွင့်အလမ်း အသစ်များကို ဖော်ထုတ်ရာတွင် ပိုမိုတုံ့ပြန်နိုင်ပြီး ထိရောက်စေရန်အတွက် မိမိတို့၏ မဟာဗျူဟာများဖြင့် ဦးစားပေးလုပ်ငန်းများကို ပြန်လည်ချိန်ညှိရန် လိုအပ်ပါကြောင်း။

ထို့ပြင် ဂျီအမ်အက်စ်၊ အာဆီယံ စီးပွားရေးအသိုက်အဝန်း (AEC) နှင့် Belt and Road Initiatives အပါအဝင် အခြားသော ဒေသတွင်း initiatives များအကြား အပြန်အလှန် ဖြည့်ဆည်းဆောင်ရွက်နိုင်မှုကို ဖော်ထုတ်လုပ်ဆောင်ရင်းဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့် open regionalism တို့၏ အရေးကြီးသည့် အခန်းကဏ္ဍကို ကောင်းစွာ အသိအမှတ်ပြုရန် လိုအပ်ပါကြောင်း ပြောကြားသည်။

**အတည်ပြုခြင်းဆောင်ရွက်**

ဖွင့်ပွဲအခမ်းအနားတွင် GMS ပူးပေါင်းဆောင်ရွက်ရေးနှင့် Ha Noi Action Plan 2018-2022 ၏ ရလဒ်များတင်ပြခြင်း၊ GMS Private Sector ၏ အောင်မြင်မှုများနှင့် စပ်လျဉ်း၍ GMS စီးပွားရေးကောင်စီ၏ အစီရင်ခံစာတင်ပြခြင်း၊ Ha Noi Action Plan 2012-2018, The Regional Investment၊ Framework 2022 နှင့် 6th GMS Summit Joint Declaration တို့အား အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ညနေ ၆ နာရီခွဲတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင် စွမ်းဖုနှင့် National Convention Center (NCC)၌ တွေ့ဆုံသည်။

**ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး**

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် National Convention Center(NCC)၌ ကျင်းပသည့် မြန်မာ-တရုတ် နှစ်နိုင်ငံတွေ့ဆုံ ဆွေးနွေးပွဲသို့ တက်ရောက်သည်။ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။ **သတင်းစဉ်**


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင် စွမ်းဖုတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တရုတ်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဝမ်ယိ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ရော်ဘာပစ္စည်းစက်ရုံခွဲ(သဃ်န်းကျွန်း)နှင့် Mobile Market ယာဉ်တို့အား ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၃၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မတ် ၃၁ ရက် နံနက်က ရန်ကုန်တိုင်းဒေသကြီး စက်မှုဝန်ကြီးဌာန အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ရော်ဘာပစ္စည်းစက်ရုံ(သဃ်န်းကျွန်း)သို့ ရောက်ရှိလာရာ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးစောအောင်နှင့် စက်ရုံမှူးတို့က စက်ရုံ၏ ကုန်ထုတ်လုပ်မှုနှင့် ရောင်းချမှုအခြေအနေ၊ ဝန်ထမ်းများအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေတို့အား တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး စက်ရုံထုတ် ရော်ဘာပစ္စည်းအစိတ်အပိုင်းများ ခင်းကျင်းပြသထားမှုအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းက တာဝန်ယူဆောင်ရွက်လျက်ရှိသော Mobile Market ယာဉ်အား ကြည့်ရှုစစ်ဆေးပြီးနောက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(ယာပုံ)**

စက်မှုဝန်ကြီးဌာနအနေဖြင့် Mobile Market ယာဉ်များအား ထုတ်လုပ်ပြီး ပြည်သူများ အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် စက်မှုဝန်ကြီးဌာန ထုတ်ကုန်ပစ္စည်းများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၏ ထုတ်ကုန်ပစ္စည်းများကိုလည်း ယာဉ်ပေါ်တွင် ခင်းကျင်းပြသထားမည်ဖြစ်ပြီး ယာဉ်အား ဈေးကွက်ရှိသောနေရာများ၊ လူစည်ကားရာနေရာများ၊ ဈေးများတွင် ပြသရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ Mobile Market ယာဉ်သည် လုပ်ငန်းဆောင်ရွက်နေချိန်တွင် မီးရရှိရေးအတွက် ဆိုလာစနစ်ဖြင့် လည်းကောင်း၊ ပြင်ပလျှပ်စစ်မီးဖြင့်လည်းကောင်း၊ ယာဉ်ပေါ်ရှိ ဒိုင်နမိုမှတစ်ဆင့် လည်းကောင်း အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




**ကျောဖုံးမှ**

ရင်းနှီးမြှုပ်နှံသူများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက “ဒီစီမံကိန်းကတော့ ပြီးခဲ့တဲ့လွှတ်တော်၊ ပြီးခဲ့တဲ့အစိုးရသက်တမ်းမှာ ပြင်ဆင်ခဲ့တဲ့ မြို့သစ်စီမံကိန်းဖြစ်ပါတယ်၊ ဒီစီမံကိန်းကို ကျွန်တော်တို့အစိုးရ တာဝန်ယူချိန်မှာ ကုမ္ပဏီသုံးခုက ပုဂ္ဂလိကကဏ္ဍကနေ ပါဝင်ဆောင်ရွက်ဖို့ ကြိုးစားခဲ့ပါတယ်၊ ဒီအခြေအနေကနေ ခုချိန်မှာတော့ နိုင်ငံတော်အစိုးရက တာဝန်ယူပြီး ဆောင်ရွက်တဲ့ ပုံစံတစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့ပါတယ်၊ သို့သော် ဒီနယ်ပယ်မှာ နိုင်ငံတော်က ဘဏ္ဍာငွေကြေးထည့်ဝင်ဆောင်ရွက်မှာ မဟုတ်တဲ့အတွက် ပုဂ္ဂလိကနဲ့ ပြည်သူလူထု၊ အစိုးရကြား PPP ပုံစံနဲ့ ဆောင်ရွက်ဖို့ ပြင်ဆင်ခဲ့ပါတယ်၊ ဒီလိုဆောင်ရွက်တဲ့နေရာမှာ အစိုးရဘက်ကနေ ပါဝင်ဆောင်ရွက်မယ့် အစီအစဉ်တွေကို လွယ်ကူချောမွေ့စေပြီး ကြိုးနီစနစ်တွေကို နည်းသွားစေဖို့အတွက် ဒီကုမ္ပဏီကို ထူထောင်ရခြင်းဖြစ်ပါတယ်၊ ဒီကုမ္ပဏီဟာ အစိုးရက ၁၀၀ ရာခိုင်နှုန်း ပိုင်ဆိုင်ပါတယ်၊ ပြီးတော့ Developer နေရာကနေ ဆောင်ရွက်ပြီး ပုဂ္ဂလိကနယ်ပယ်က လူတွေနဲ့ စနစ်တကျ ပေါင်းစပ်ပေးမှာ ဖြစ်ပါတယ်၊ ဒီမြို့သစ်စီမံကိန်းကြီးကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်မယ့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံဖို့ဖိတ်ခေါ်သွားမှာ ဖြစ်ပါတယ်၊ ဒီမြို့သစ်ကြီးဟာ နည်းပညာတွေနဲ့ ဖွံ့ဖြိုးလာပြီး အလုပ်အကိုင်နှစ်သန်း ဖန်တီးပေးဖို့ မျှော်လင့်ထားပါတယ်” ဟု ပြောသည်။




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် NYDC ဒါရိုက်တာအဖွဲ့ကို တွေ့ရစဉ်။

အဆိုပါကုမ္ပဏီ၏ Board of Director အဖွဲ့ကိုလည်း အခမ်းအနားတွင် ထုတ်ပြန်ကြေညာလိုက်သည်။ ယင်းကုမ္ပဏီတွင် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှု၊ လက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ဥက္ကဋ္ဌ၊ Serge Pun & Associates ဥက္ကဋ္ဌ ဦးသိန်းဝေက NYDC ၏ ဒုတိယဥက္ကဋ္ဌနှင့် CEO အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီး ဦးဟံထွန်းက ဒါရိုက်တာအဖြစ် လည်းကောင်း၊ စင်ကာပူနိုင်ငံ ပြန်ကြားရေး၊ အနုပညာ၊ ကျန်းမာရေး၊ ကုန်သွယ်ရေး၊ စက်မှုနှင့်နိုင်ငံခြားရေးဝန်ကြီးဟောင်း Mr. George Yeo နှင့် ကုလသမဂ္ဂလုံခြုံရေးညှိနှိုင်းရေးမှူးဟောင်း၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် လက်ထောက်အတွင်းရေးမှူးချုပ်ဟောင်း ဦးထွန်းမြတ်တို့က NYDC ၏ Independent Director များအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကုမ္ပဏီကို အထူးကုမ္ပဏီများအက်ဥပဒေဖြင့် ဖွဲ့စည်းထူထောင်ထားကြောင်း သိရသည်။

NYDC ၏ ရည်မှန်းချက်မှာ ရန်ကုန်မြစ်အနောက်ဘက်ကမ်းရှိ မြေဧက ၂၀၀၀၀ ကို ဖွံ့ဖြိုးတိုးတက်လာစေရန်ဆောင်ရွက်ခြင်းဖြင့် စီးပွားရေး၊ နေအိမ်များနှင့် အလုပ်အကိုင်များ ဖန်တီးပေးရန်အတွက်လည်းကောင်း၊ ယင်း ရန်ကုန်မြို့သစ်စီမံကိန်းသည် အကျယ်အဝန်း စတုရန်းကီလိုမီတာ ၁၅၀၀ ရှိကာ ငါးနှစ်အတွင်း တည်ဆောက်မှုပြီးစီးပါက စင်ကာပူနိုင်ငံ အရွယ်အစားထက် နှစ်ဆ ကျယ်ဝန်းမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ရှင်ကျင့်မြို့ထက်ငယ်သော်လည်း ကိုရီးယားနိုင်ငံ အင်ချွန်းမြို့နှင့် တရုတ်နိုင်ငံ ပူဒေါင်းမြို့များထက်ကြီးမည်ဖြစ်ကြောင်း သိရသည်။

မြို့သစ်တည်ဆောက်ရေး လုပ်ငန်း ပထမအဆင့်နှင့်ဆက်စပ်သည့် အခြေခံအဆောက်အအုံလုပ်ငန်းသည် ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော်ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း၊ အဆိုပါလုပ်ငန်းများတွင် ရွာ မြို့ ငါးခု၊ တံတား နှစ်စင်း၊ ၂၆ ကီလိုမီတာရှည် ပင်မလမ်းကြောင်းများ၊ ၁၀ စတုရန်းကီလိုမီတာရှိ စက်မှုဇုန်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစက်ရုံ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး အဆောက်အအုံများ၊ ရေသန့်နှင့် ရေဆိုးထုတ်စက်ရုံများ ပါဝင်မည်ဖြစ်သည်။

ရန်ကုန်မြို့သစ်ကြီး စနစ်တကျ ပေါ်ထွန်းလာချိန်တွင် ရန်ကုန်မြို့ဟောင်းသည် ရှေးဟောင်းအဆောက်အအုံများ၊ စေတီပုထိုးများ၊ စိမ်းလန်းသော သက်တမ်းလွန် အပင်ကြီးများဖြင့် စိမ်းလန်းသန့်ရှင်းသော ရှေးဟောင်းမြို့ကြီးအဖြစ် စည်ပင်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထိုအချိန်တွင် မြို့သစ်ကြီးမှာ နည်းပညာအဆောက်အအုံများ၊ စက်မှုလုပ်ငန်းများ၊ အတတ်ပညာသင်တန်းကျောင်းများနှင့်အတူ SMART၊ SAFE၊ CLEAN မြို့သစ်ကြီးအဖြစ် ပေါ်ထွန်းလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မြင့်မောင်စိုး**

# တိုင်ကြားသူ၏ဆန္ဒသည်အခရာဖြစ်ပြီး ကော်မရှင်အနေဖြင့် လေးလေးနက်နက် သတိထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၃၁**

တိုင်ကြားသူ၏ဆန္ဒသည်အခရာဖြစ်ပြီး ကော်မရှင်အနေဖြင့် လေးလေးနက်နက် သတိထားဆောင်ရွက်လျက်ရှိပါကြောင်း ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၌ ကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ သတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးလုပ်ငန်းကော်မတီ အဖွဲ့ခေါင်းဆောင် ဦးဟန်ညွန့်က ပြောကြားသည်။

ထို့ပြင် တရားဝင်ရောက်ရှိလာသည့် တိုင်စာများကို မှတ်ပုံတင်ပါကြောင်း၊ အဖွဲ့သုံးဖွဲ့မှ အဆင့်ဆင့်စိစစ်ပြီး နောက်ဆုံးတွင် ကော်မရှင်ဥက္ကဋ္ဌပါဝင်သည့် ၁၂ ဦးအဖွဲ့ဖြင့် သေချာစွာ စိစစ်လေ့လာ၍ ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီ၊ မညီ တိုက်ဆိုင်စစ်ဆေးပါကြောင်း၊ လိုအပ်ချက်များရှိပါက အရေးယူဆောင်ရွက်၍မရပါက ထိုတိုင်စာများသည် မည်သည့်အချက်များကြောင့် အရေးယူဆောင်ရွက်၍ မရကြောင်းကို ဥပဒေနှင့် မညီညွတ်၍ ပယ်သည်၊ ပြန်လည်ပေးပို့သည်စသည့် ဖော်ပြချက်အပြည့်အစုံဖြင့် တိုင်စာတစ်စောင်ချင်းစီကို မတ် ၁ ရက်မှစတင်၍ ပြန်ကြားပေးလျက်ရှိပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေတွင်ပါရှိသည့် သတင်းမီဒီယာများနှင့်ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အရေးယူဆောင်ရွက်ရမည်ဆိုသည့် ဥပဒေပြဋ္ဌာန်းချက်များအရ သတင်းမီဒီယာများ၏ အဂတိလိုက်စားမှုနှင့်ပတ်သက်သည့် ဝေဖန်ရေးသားဖော်ပြချက်များကို နေ့စဉ်မှတ်သားလေ့လာ၍ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာ အရေးယူရေး အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အားနည်းချက်များကို ပြည်သူများနှင့်သတင်းမီဒီယာများမှ ထောက်ပြခြင်းကို လေးစားစွာကြိုဆိုပါကြောင်း၊ ကော်မရှင်နှင့် ပူးပေါင်းလက်တွဲကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်း ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်လှဲ့လှဲ့သွင်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားသည့် တိုင်ကြားစာများ လက်ခံရရှိမှု၊ တိုင်ကြားစာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု၊ သက်ဆိုင်ရာဌာနများသို့ တိုင်ကြားစာလွှဲပေးမှုနှင့် ပြန်လည်ပြန်ကြားချက်ရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးခင်မောင်မြင့်က တိုင်ကြားစာများအပေါ်တွင် ကော်မရှင်အနေဖြင့် အရေးယူဆောင်ရွက်ခြင်းကိစ္စရပ်များ၊ တိုင်ကြားစာအမျိုးအစားများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ထို့နောက် တက်ရောက်လာကြသည့် သတင်းထောက်များက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အနေဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မတ် ၃၀ ရက်အထိ တိုင်စာစုစုပေါင်း ၁၇၈၁ စောင် လက်ခံရရှိခဲ့ပြီး ကော်မရှင်၏ ဥပဒေအရ အကျုံးမဝင်၍ အရေးယူဆောင်ရွက်မရသည့် တိုင်စာ ၉၄၉ စောင်၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ အရေးယူဆောင်ရွက်နိုင်သည့် တိုင်စာ ၄၉၇ စောင်၊ တိုင်စာစိစစ်ရေးကော်မတီမှ စိစစ်ဆဲတိုင်စာ ၃၀၄ စောင်၊ တိုင်ကြားချက်များ မှန်ကန်မှု ရှိ၊ မရှိနှင့် သတင်းကြိုတင်ထောက်လှမ်းနေသော တိုင်စာ ၂၀ နှင့် ကော်မရှင်မှ စစ်ဆေးသည့် တိုင်စာ ၁၁ စောင်ရှိကြောင်း သိရသည်။

ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ဥပဒေအရ အကျုံးမဝင်သည့် စစ်ဆေးမှုမပြုနိုင်သည့်တိုင်စာများအား တိုင်ကြားသူများအနေဖြင့် မည်သို့တိုင်ကြားသင့်သည်ဆိုသည့် အကြံပြုချက်ထည့်သွင်းဖော်ပြကာ မတ် ၁ ရက်မှစတင်၍ တိုင်ကြားသူများထံ ပြန်လည်ပေးပို့ထားသော တိုင်စာအရေအတွက်မှာ ၂၆၁ စောင်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ထူးခြားသည့် နေ့အပူချိန်များ

**နေပြည်တော် မတ် ၃၁-** ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်၊ ဘော်လခဲမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ဂန့်ဂေါမြို့နှင့် ဆင်ဖြူကျွန်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုင်းဆတ်မြို့တွင် ၀ ဒသမ ၉၄ လက်မ ၊ ကော့သောင်းမြို့တွင် ၀ ဒသမ ၁၁ လက်မ၊ ကျိုင်းတုံမြို့နှင့် တီးတိန်မြို့တို့တွင် ၀ ဒသမ ၀၈ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပုဂံရှေးဟောင်းမြို့တော် (အမျိုးသားအမွေအနှစ်မှ ကမ္ဘာ့အမွေအနှစ်အဆင့်သို့)

ဝင်းကြိုင်

မြန်မာအမျိုးသားယဉ်ကျေးမှုတို့ မွေးဖွားထွန်းကားရာ ပုဂံရှေးဟောင်းမြို့တော်သည် သမိုင်းစဉ်တစ်လျှောက် နိုင်ငံသူနိုင်ငံသားအားလုံး၏ လေးစားတန်ဖိုးထားခဲ့ရာ အိမ်ဦးခန်း သဖွယ်ရှိခဲ့သည်။ ပြင်ပကမ္ဘာ့နိုင်ငံများအနေဖြင့်လည်း “ကမ္ဘာ့အကြီးဆုံးနှင့် သမိုင်းဝင် ဗုဒ္ဓဘာသာယဉ်ကျေးမှုဒေသ” အဖြစ် လက်ခံသိရှိထားသည်။ ဤပုဂံရှေးဟောင်းမြို့တော်နှင့် ယဉ်ကျေးမှုအမွေအနှစ်တို့အား ၁၉၉၆ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရန် ယူနက်စကိုအဖွဲ့သို့ ဆက်သွယ်တင်ပြခဲ့ဖူးပါသည်။ သို့သော် ယူနက်စကိုအဖွဲ့၏ အကြံပြုချက်များကို ဆက်လက်ဆောင်ရွက်ရန် အခွင့်မသာခဲ့ပေ။ ယခုအခါ ဦးဆောင်သည့် အစိုးရအဖွဲ့အစည်းများနှင့် ပုဂံဒေသခံပြည်သူများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၏ ကြိုးပမ်းမှုဖြင့် ကမ္ဘာ့အမွေအနှစ်အဆင့်သို့ ပြင်ဆင်တက်လှမ်းနေပြီဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပုဂံရှေးဟောင်းမြို့တော်ကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းခြင်း “စာတွဲ” ၅ တွဲအား နိုင်ငံတော်အဆင့်အနေဖြင့် ယူနက်စကိုသို့ တင်ပြထားခဲ့ပါသည်။

ယင်းစာတွဲများတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်အကြောင်း ရှင်းလင်းဖော်ပြချက်၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်သည့် အမွေအနှစ်တန်ဖိုး အမျိုးအစားများအနက်မှ ပုဂံအတွက် ရွေးချယ်ခဲ့သည့် အမျိုးအစား သုံးမျိုး၊ ပုဂံ၏ ဝိသေသလက္ခဏာရပ်များ၊ အစစ်အမှန်တန်ဖိုးများနှင့် ယင်းသို့ ရှားပါးအမွေအနှစ်တန်ဖိုးများကို အနာဂတ်မျိုးဆက်အဆင့်ဆင့်သို့ လက်ဆင့်ကမ်းနိုင်ရန် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများ မည်ကဲ့သို့ စီမံခန့်ခွဲ၍ မည်ကဲ့သို့ ဆက်လက်ထိန်းသိမ်းသွားမည်တို့ကို စာမျက်နှာပေါင်း ၁၅၉၀ မျက်နှာဖြင့် အသေးစိတ် ရေးသားထားပါသည်။ ဤအသေးစိတ်ရေးသားဖော်ပြချက်များကို အလွယ်တကူသိရှိနိုင်စေရန် အကျဉ်းချုပ် ရေးသားဖော်ပြအပ်ပါသည်။

**ပုဂံ၏ ထူးခြားထင်ရှားသော အားလုံးလက်ခံနိုင်သည့် တန်ဖိုး (ဝါ) ကမ္ဘာလုံးဆိုင်ရာတန်ဖိုးများ**
**(Outstanding Universal Value of Bagan)**

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများဖြင့် ပြန့်ကျဲတည်ရှိနေသော ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ပူပြင်းခြောက်သွေ့သည့် မြန်မာပြည်အလယ်ပိုင်း ဧရာဝတီမြစ်ဝှမ်းတွင် တည်ရှိနေသည်။ ပုဂံယဉ်ကျေးမှုဇုန်တွင် အမွေအနှစ်တည်ရှိရာ ပင်မနယ်မြေနှင့်အတူ ဆက်စပ်စုစည်းနိုင်သော အခြားနေရာများအဖြစ် တုရင်တောင်နှင့် မြကန်၊ ယုန်လွှတ်ကျွန်းနန်းတော်ရာ၊ အလံပုဂံရေလှောင်တမံ၊ တန့်ကြည်တောင် စသည့်နေရာ ခုနစ်ပိုင်းပါဝင်သည်။ ယင်းတို့သည် ပုဂံလွင်ပြင်တွင် နေရာယူထားပြီး မြစ်ဝှမ်းကမ်းပါး၊ တောင်ကုန်း တောင်တန်းများနှင့်လည်း ဆက်စပ်တည်ရှိနေသည်။ ရိုးရာအစဉ်အလာအားဖြင့် ပုဂံမြို့တော်၏ နယ်နိမိတ်သည် အရပ်မျက်နှာထောင့် လေးထောင့်ရှိ စွယ်တော်မြတ်စေတီလေးဆူအတွင်း၌ ထင်ဟပ်ဖော်ပြလျက်ရှိသည်။

ပုဂံသည် ထိုအချိန်အခါက ဗုဒ္ဓဘာသာဝင်တို့ တည်ထောင်ခဲ့သော လက်နက်နိုင်ငံတော် (အင်ပါယာ) ၏ နှလုံးသားဗဟိုချက်အဖြစ်လည်းကောင်း၊ စီးပွားရေးဆုံရပ်နှင့် အနယ်နယ်အရပ်ရပ်တို့မှ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုဓလေ့တို့ နီးနှော ဖလှယ်ရာ ရပ်ဝန်းအဖြစ်လည်းကောင်း တည်ရှိခဲ့သည်။ ပုဂံ၏ အထွတ်အထိပ်ကာလ အေဒီ ၁၁ ရာစုမှ ၁၃ ရာစုအထိသည် ဘာသာဓလေ့ဆိုင်ရာ အခြေခံကောင်းများ တည်ထောင်ခဲ့သည့် ကာလလည်း ဖြစ်သည်။

ဗုဒ္ဓဘာသာဓလေ့ရှိ အလှူဒါနပြုခြင်း ကုသိုလ်စေတနာသည် ပုဂံပေါ်ထွန်းလာရန်အတွက် အားကြီးသော အကြောင်းဖြစ်သည်။ ပုဂံခေတ်တွင် ကုသိုလ်ဒါနပြုခြင်းသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့နှင့်အတူ တွဲ၍ တွေ့ရှိနိုင်သော လူမှုဓလေ့လက္ခဏာတစ်ရပ်ပင် ဖြစ်သည်။ ဤအလှူဒါနတို့၏ ကြွင်းကျန်ရစ်သော အမွေအနှစ်သည် ယနေ့ခေတ်အလယ်ပိုင်းရှိ မြန်မာတို့၏ ဗုဒ္ဓဘာသာဓလေ့ဟု ဆိုရပေမည်။ ဤဘာသာရေးဓလေ့တွင် ရဟန်းသံဃာအဖွဲ့အစည်းအား ထောက်ပံ့လှူဒါန်းခြင်း၊ ပွဲတော်များ၊ အခမ်းအနားများနှင့် ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဓလေ့ထုံးစံများကို လိုက်နာကျင့်သုံးခြင်းနှင့် သာသနိက အဆောက်အအုံဟောင်းများကို ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်း၊ အသစ်ဆောက်ခြင်းများ ပါဝင်သည်။

ပုဂံမြို့တော်နှင့် ၎င်း၏ လက်နက်နိုင်ငံတော်အင်အား ကျဆင်းခဲ့ပြီး အချုပ်အခြာအာဏာသည် အခြားမြို့တော် ဗဟိုချက်မများသို့ ပြောင်းရွှေ့သွားခဲ့သော်လည်း ပုဂံဗုဒ္ဓသာသနာတော်၏ ဦးဆောင်မှုအခန်းကဏ္ဍမှာ ဆက်လက်တည်ရှိနေခဲ့သည်။ အလားတူ ပုဂံ၏ ဘာသာရေး၊ တရားစီရင်မှု၊ အုပ်ချုပ်ရေးအစဉ်အလာများသည် နောက်ခေတ်သမိုင်းဝင်မြို့တော်များ ပြောင်းရွှေ့မှုနှင့်အတူ ယှဉ်တွဲလိုက်ပါသွားခဲ့ပေသည်။

ပုဂံအမွေအနှစ်နယ်မြေတွင် ကျန်ရစ်တည်ရှိသေးသော ရှေးဟောင်းအဆောက်အအုံ ၃၈၂၂ ဆူတွင် စေတီ၊ ဂူဘုရား၊ ဘုန်းကြီးကျောင်း၊ သိမ်၊ နန်းတော်ရာ၊ မြို့ရိုးနှင့်အတူ အချို့မှာ အဆောက်အအုံအစိတ်အပိုင်းများ၊ ကျောက်စာရုံ၊ ရုပ်တုလက်ရာများ၊ နံရံပန်းချီ၊ အဝတ်ပန်းချီနှင့် အခြားသောဝတ္ထုပစ္စည်းများနှင့်အတူ မြေကြီးအောက်တွင် နစ်မြုပ်နေသော သုတေသနမြေလွှာများနှင့် ရှေးဟောင်းရေအရင်းအမြစ် အထောက်အထားများကိုလည်း တွေ့ရသည်။



အမွေအနှစ်နယ်မြေတွင် ပုဂံနှင့် ညောင်ဦးမြို့ နှစ်မြို့၊ ကျေးရွာ ခုနစ်ရွာတို့ကို အတူတွေ့ရသည်။ ဤမြို့ရွာနယ်ပယ်အတွင်းရှိ ဒေသခံပြည်သူများ၏ နေ့စဉ်ဘဝမှာ ဗုဒ္ဓယဉ်ကျေးမှုအလေ့အထများ ခိုင်မြဲစွာ ကျင့်သုံးနေထိုင်မှုပင်ဖြစ်သည်။

အမွေအနှစ်တွင် ပါဝင်သည့် သွင်ပြင်တန်ဖိုးများတွင် စွယ်တော်လေးဆူနယ်နိမိတ်ဖြင့် ကန့်သတ်ထားရာ အတွင်းရှိ မြစ်၊ ချောင်း၊ လွင်ပြင်၊ တောင်ကုန်း စသည့် သဘာဝအခင်းအကျင်းနှင့် ယင်းအတွင်း တည်ရှိသည့် ရှေးဟောင်းအဆောက်အအုံများ၊ ကျောက်စာပုံသဏ္ဌာန်အမျိုးမျိုး၊ အဝတ်ပန်းချီ၊ နံရံပန်းချီနှင့် ရုပ်တု၊ ဆင်းတုလက်ရာများ၊ ဘာသာရေးဓလေ့ထုံးစံနှင့် အလေ့အထများ၊ ပုဂံနန်းတော်ရာ၏ ကျုံး၊ မြို့ရိုး၊ ရေသွင်းရေထုတ်စနစ်နှင့် ရေအသုံးချမှုအသွင်သဏ္ဌာန်များ၊ ရှေးဟောင်းမြေနေရာနှင့် မြေလွှာများ၊ ပြတိုက်နှင့် စေတီ ဂူဘုရားများရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများ ပါဝင်သည်။

ပုဂံရှေးဟောင်းမြို့တော်အတွက် ယူနက်စကိုမှ သတ်မှတ်ထားသည့် အမွေအနှစ်အမျိုးအစားသတ်မှတ်ချက်များ အနက်မှ ယဉ်ကျေးမှုတန်ဖိုးအမျိုးအစား သုံးမျိုးဖြင့် ရွေးချယ်တင်ပြခဲ့ပါသည်။

**ယဉ်ကျေးမှုတန်ဖိုးအမျိုးအစားအမှတ်စဉ် ၃** အေဒီ ၁၁ ရာစုမှ ၁၃ ရာစုအတွင်း ဒေသဆိုင်ရာ လက်နက်နိုင်ငံတော်၏ မြို့တော်နှင့် ယဉ်ကျေးမှုအထွတ်အထိပ် ဗဟိုချက်မ အဖြစ်သို့ ရောက်ရှိခဲ့သည့် သက်သေသာဓကနှင့်အတူ ကြုံတွေ့နိုင်ခဲ့သည့် ဗုဒ္ဓဘာသာအစဉ်အလာဖြစ်သော ဒါနကုသိုလ်ပြုမှုဓလေ့နှင့် လေးစားအထင်ကြီးဖွယ်ရာ ဂုဏ်ဒြပ်တို့သည် ပုဂံ၏ ထူးခြားထင်ရှားသည့် ယဉ်ကျေးမှုတန်ဖိုးပြယုဂ်ပင် ဖြစ်သည်။

**ယဉ်ကျေးမှုတန်ဖိုးအမျိုးအစားအမှတ်စဉ် ၄** သာမန်ထက်ပိုသည့် ပုဂံ၏ ဗုဒ္ဓသာသနိက လက်ရာဖန်တီးမှု ဗိသုကာနှင့် အစုအဝေးလိုက် ကြွယ်ဝစွာတည်ရှိနေပုံမှာ ကိုးကွယ်ရာ ဘာသာတရားအပေါ်တွင် ထားရှိသည့် ယုံကြည်သက်ဝင်မှု သဒ္ဓါတရားအင်အားကြီးပုံကို ပြသရာရောက်သည့်အပြင် ပုဂံ နိုင်ငံတော်၏ ကြွယ်ဝချမ်းသာမှုနှင့် ရာစုနှစ်ပေါင်းများစွာ တည်တံ့ထွန်းကားစေခဲ့သည့် ဘာသာအစဉ်အလာပုံစံကို ဖော်ပြပေးနိုင်ခဲ့သည်။

**ယဉ်ကျေးမှုတန်ဖိုးအမျိုးအစားအမှတ်စဉ် ၆** အမြတ်တနိုး ကိုးကွယ်ရာအဆောက်အအုံနှင့် သုတေသနတန်ဖိုးများ ကိန်းအောင်းတည်ရှိရာ စေတီ၊ ဂူဘုရား၊ ဘုန်းကြီးကျောင်းတို့နှင့် ဒေသခံလူ့အဖွဲ့အစည်း၏ သက်ဝင်လှုပ်ရှား ပေါင်းစည်းတည်ရှိနေမှုသည် ပုဂံ၏ အခြေခံကျ၍ သမိုင်းဝင်ရှင်သန်နေဆဲဖြစ်သော အဆင့်အတန်းမြင့်သည့် ဗုဒ္ဓဘာသာအစဉ်အလာဓလေ့ တန်ဖိုးများကို ပိုမိုပေါ်လွင် ထင်ရှားစေခဲ့ပါသည်။

**ပုဂံအမွေအနှစ်၏ ဝိသေသ (Integrity)**

အမွေအနှစ်တွင်ပါဝင်သည့် ဂုဏ်ဒြပ်အရည်အသွေးတို့ကို ဖော်ပြရပါမူ ပုဂံ၏ တစ်မူထူးခြားစေသည့် အလားအလာကောင်းသော တန်ဖိုးများနှင့် ပိုင်းခြားဖော်ပြထားသည့် ပုဂံယဉ်ကျေးမှုနယ်မြေတို့ ဖြစ်သည်။ ပုဂံ၏ သမိုင်းဝင်အဆောက်အအုံတို့နှင့် အတူ ရှိခဲ့သည့် ဧရာဝတီမြစ်မကြီး၊ နယ်နိမိတ်မှတ်တိုင်သဖွယ် တည်ရှိသည့် စွယ်တော်လေးဆူစေတီတော်များ (နှစ်ဆူမှာ တုရင်တောင်နှင့် တန့်ကြည်တောင်ထိပ်ပေါ်တွင်ရှိ) နှင့် မြို့တော် ပတ်ဝန်းကျင်တွင် ပျံ့နှံ့တည်ရှိနေသည့် အဆောက်အအုံများ ဖြစ်သည်။ ထို့ပြင် ပုဂံခေတ်အတွင်းက တည်ဆောက်ခဲ့သည့် နယ်မြေအတွင်းမှ ထင်ရှားသော အရွယ်အစားကြီးမားသည့် ဘုရားပုထိုးများလည်း ပါဝင်သည်။ ယင်းတို့နှင့်အတူ ကျောက်စာ၊ မင်စာ၊ နံရံဆေးရေးပန်းချီ၊ ရုပ်တုဆင်းတုများလည်း အတူ တည်ရှိနေသည်။ ယင်းတို့အားလုံးသည် ရှေးဟောင်းမြို့တော် တစ်ခု၏ ရှင်သန်နေဆဲ အထောက်အထားများပင်ဖြစ်သည်။

ဤသို့ ကျန်ရှိနေဆဲဖြစ်သော ရှေးဟောင်းအဆောက်အအုံများသည်ပင်လျှင် ပုဂံ၏ ဝိသေသလက္ခဏာရပ်ဖြစ်ပြီး ခေတ်အဆက်ဆက်တွင် ရာသီဥတုဒဏ်ကိုလည်း ဖြတ်ကျော်ခဲ့ရသည်။ နှောင်းခေတ်ကုသိုလ်ရှင်များ၏ ပြုပြင်မွမ်းမံမှု၊ ဆီလျော်မှုမရှိသည့် ထိန်းသိမ်းပြုပြင်မှုများ၊ ရှေးဟောင်းလက်ရာကို ဖယ်၍ ခေတ်သစ်လက်ရာကို အစားထိုးခြင်းများကိုလည်း ကြုံတွေ့ခဲ့ရသည်။ ဤသို့သော နှောင်းခေတ်ကာလတို့မှ အချောသပ်မွမ်းမံမှုနှင့် အဆောက်အအုံအစိတ်အပိုင်းများကို ပြုပြင်မှုများသည် မူလလက်ရာတန်ဖိုးကို ထိခိုက်စေခဲ့ရသည်။

ပုဂံခေတ်အချိန်ကမှ သာသနိကအဆောက်အအုံတို့အား ဒေသခံနှင့် ရပ်ဝေးဒေသကုသိုလ်ရှင်များမှ တည်ဆောက်ရာတွင် အဆောက်အအုံရေရှည်တည်တံ့ရန်နှင့် ကြံ့ခိုင်ရေးအတွက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန် အမွှမ်းတင်မှတ်တမ်းရေးခဲ့လေ့ရှိသည်။ ယခုခေတ်တွင်မူ ထိုသို့ ထိန်းသိမ်းရုံမျှမက သက်ဆိုင်ရာ ဘုရားစေတီတို့တွင် နှစ်စဉ် ဘုရားပွဲကျင်းပ၍ ပျော်ပွဲ ရှင်ပွဲ၊ ရောင်းပွဲ ဝယ်ပွဲနှင့် ခေတ်ပြိုင်အနေအထားအလိုက် အတီးအမှုတ် အကအခုန်များပါ ထည့်သွင်းဆောင်ရွက်လာသည်ကို တွေ့ရပေသည်။

တွေ့ရှိလာရသော အဓိကပြဿနာများမှာ ခရီးသွားလုပ်ငန်း တိုးတက်လာမှုနှင့် မြို့ရွာဖွံ့ဖြိုးတိုးချဲ့လာခြင်း၊ အဆောက်အအုံအသစ်များပြားလာခြင်းနှင့် အဟောင်းများ မွမ်းမံခြင်း၊ ဒေသခြားအပင်များစိုက်ပျိုးခြင်းနှင့် ပြောင်းလဲလာသော စိုက်ပျိုးရေးအလေ့အထများဖြစ်သည်။

**ပုဂံအမွေအနှစ်၏ အစစ်အမှန်တန်ဖိုး (Authenticity)**

တည်ရှိနေဆဲဖြစ်သော ရှေးဟောင်းအဆောက်အအုံများ၊ သုတေသနအထောက်အထား အကြွင်းအကျန်များ၊ ဘာသာရေး လူမှုရေးဓလေ့ထုံးတမ်းစဉ်လာများနှင့် ဒေသ၏ ဝိသေသလက္ခဏာများသည် စစ်မှန်၍ အဆင့်အတန်းရှိကာ အများလက်ခံနိုင်သည့် ထူးခြားထင်ရှားသော ပုဂံ၏ အလားအလာတန်ဖိုးများပင် ဖြစ်သည်။ ဂုဏ်ဒြပ်တို့ဖြင့် လွှမ်းခြုံတည်ရှိနေသည့် ပုဂံ၏ တည်နေဟန်၊ ဧရာဝတီမြစ်ကြီး၊ နယ်လေးရပ်ရှိ စွယ်တော်ရှင် စေတီလေးဆူ၊ အရေအတွက်အမြောက်အမြား တည်ရှိနေသည့် စေတီ၊ ဂူဘုရား၊ ကျောင်းကန်တို့သည် ရှေးခေတ်ပုဂံမြို့တော်၏ သရုပ်သကန်ကို ဖော်ထုတ်လှစ်ဟလျက်ရှိသည်။

စေတီဘုရားအများစုထဲမှ တစ်ဆူချင်းစီကို လေ့လာကြည့်ပါက အဆောက်အအုံ၏ ခန့်ထည်စွာတည်ဆောက်ထားမှုနှင့်အတူ မွမ်းမံခြယ်လှယ်ထားသော အနုလက်ရာ၊ ရုပ်တု၊ အင်္ဂတေ ဆေးရေးပန်းချီတို့သည် မူရင်းအတိုင်းရှိသည့်နေရာ၊ ပုံသဏ္ဌာန်၊ ဖန်တီးမှုနှင့် ဝတ္ထုပစ္စည်းအဖြစ် အများဆုံး တွေ့ရမည်ဖြစ်သည်။ ဤသို့ဖြင့် အဆောက်အအုံပေါင်းများစွာသည်ပုဂံခေတ်၏ အံ့မခန်း မြင့်မားခဲ့သည့် ဖန်တီးမှုနှင့် နည်းပညာစွမ်းအားတို့ကို ဖော်ပြလျက်ရှိသည်။

ကျောက်စာ၊ မင်စာတို့တွင် ပုဂံမင်းနေပြည်တော်နှင့် နှောင်းခေတ်အဆက်ဆက်မှ ကုသိုလ်ဒါနပြုမှု မှတ်တမ်းများကို ရေးမှတ်ခဲ့ကြရာ စမ်းသပ်စစ်ဆေးခံနိုင်သော ခေတ်ပြိုင်မူရင်းမှတ်တမ်းများအဖြစ် အလေးထားနိုင်ပေသည်။

မြို့ရိုးမြို့တာနှင့် နန်းတော်ရာများ၊ ရှေးဟောင်းသုတေသန အထောက်အထားနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲသုံးစွဲခဲ့ရာ အသွင်အပြင် စသည်တို့သည် ယဉ်ကျေးမှု၏ တန်းဝင်သက်သေသာဓကများပင်ဖြစ်သည်။

ပုဂံယဉ်ကျေးမှုနယ်မြေတစ်ဝန်းမှ ရုပ်တု၊ ဆင်းတု၊ ကျောက်စာ အစရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ယင်းတို့၏ မူလတည်ရာနေရာနှင့် အဆောက်အအုံမှတစ်ဆင့် ရှေးဟောင်းသုတေသနပြတိုက်တွင် ထိန်းသိမ်းစုဆောင်းထားသည်များလည်း ရှိသည်။ နေရာပြောင်းရွှေ့ရုံမှအပ ယင်းတို့၏ ပုံသဏ္ဌာန်၊ ဖန်တီးမှုနှင့် ဝတ္ထုပစ္စည်းအမျိုးအစားများမှာ ပြောင်းလဲသွားခြင်းမရှိပေ။ မြောက်မြားစွာသော ဝတ္ထုပစ္စည်းလက်ရာတို့မှာ မူလရှေးဟောင်းအဆောက်အအုံများ၌ပင် တည်ရှိနေပါသေးသည်။

ပုဂံရှေးဟောင်းမြို့တော်နှင့် ပတ်ဝန်းကျင်သည် ရာစုခေတ်အဆက်ဆက် သာသနိကအဆောက်အအုံများ တည်ရှိရာနေရာဖြစ်ခြင်းကြောင့် အလှူဒါနကုသိုလ်ပြုခြင်း၊ ဘာသာရေးဆိုင်ရာ ထုံးတမ်းဓလေ့နှင့် ကိုးကွယ်ယုံကြည်မှုအတွက် ပူဇော်ရာ၌ ရိုးရာအစဉ်အလာအတိုင်း သက်ဝင်လှုပ်ရှားလျက်ပင်ရှိသည်။

စာမျက်နှာ ၇ သို့

# အနုပညာအထက်တန်းကျောင်း(ရန်ကုန်) ၂၀၁၇-၂၀၁၈ ပညာသင်နှစ် သင်တန်းဆင်းအောင်လက်မှတ်အပ်နှင်းပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် မတ် ၃၁

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာအထက်တန်းကျောင်း(ရန်ကုန်) ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပန်းချီ၊ ပန်းပုဌာနနှင့် ပန်တျာဌာနတို့မှ သင်တန်းဆင်းအောင်လက်မှတ်အပ်နှင်းခြင်းနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။**



ရှေးဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ အနုပညာဦးစီးဌာန၊ လေ့ကျင့်ရေးနှင့်သုတေသနဌာနခွဲ၊ အနုပညာအထက်တန်းကျောင်း(ရန်ကုန်)၊ ပန်းချီ၊ ပန်းပုဌာနနှင့် ပန်တျာဌာနတို့မှ ဆရာ၊ ဆရာမများ၊ အနုပညာရှင်များက သင်တန်းဆင်း ကျောင်းသားကျောင်းသူများ ရေးဆွဲပြသထားသည့် ပန်းချီ၊ ပန်းပုအနုပညာလက်ရာများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များ၊ ဆုတံဆိပ်နှင့်ဆုငွေများကို သင်တန်းဆင်း မောင်မယ်များအား အသီးသီးချီးမြှင့်ခဲ့ပြီး ပန်တျာကျောင်းဆင်း မောင်မယ်များက အကပဒေသာများ၊ "ရွှေသီးတဲ့မြေ" ဇာတ်တော်ကြီးဖြင့် တင်ဆက်ကပြကြသည်။

၁၉၅၂ခုနှစ်၊ မတ် ၂၂ ရက်က ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနအဖြစ်ဖွဲ့ခဲ့ကာ ပန်တျာနှင့် ပန်းချီ၊ ပန်းပုကျောင်းများကို ရန်ကုန်မြို့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် မန္တလေးမြို့တွင် ဆက်လက်ဖွင့်လှစ်ခဲ့ရာ ယနေ့တွင် ၆၆ နှစ်ကြာခဲ့ပြီဖြစ်ပြီး ထူးချွန်ထင်ရှားသည့် အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာရှင်ပေါင်းများစွာလည်း မွေးထုတ်ပေးနိုင်ခဲ့ရာ တေးရေးပန်တျာချစ်လှိုင်၊ တယောဦးတင်ရီ၊ မောင်ဦးသိန်းဖေ၊ စန္ဒရားဦးခင်လှ၊ စန္ဒရားခွန်တင်ကြွယ်၊ လူရွှင်တော်မင်းသား ပန်တျာတင်မိုးဝင်း၊ ဆိုဗီယက်ပြန် ဒေါ်ဝင်းဝင်းဝါ၊ ရွှေမန်းမေ၊ ဒေါ်တင်တင်ထွေး(ယု)၊ ဒေါ်ဝင်းမာလေး၊ ဒေါ်အုန်းရီ၊ ဒေါ်စန်းနု၊ ဒေါ်နုနုစိန်၊ ဒေါ်နုနုခင်၊ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်သန္တာလင်း၊ ဒေါ်ခိုင်သဇင်သင်း အစရှိသူတို့မှာ အောင်မြင်ကျော်ကြားခဲ့ကြသည့် ပန်တျာကျောင်းဆင်းများဖြစ်ကြသည်။ ပန်းချီ ဦးသောင်းဟန်၊ ဦးကျော်သောင်း၊ ဦးမောင်မောင်လှမြင့်၊ ဦးဝသုန်၊ အကယ်ဒမီများရှင် ဒါရိုက်တာ အလင်္ကာကျော်စွာပန်းချီစိုးမိုး၊ ဦးမင်းစံချိန်၊ ကာတွန်းရွှေမင်းသား၊ ကာတွန်း ငွေကြည်၊ ဦးမင်းဝေအောင်၊ ဦးဝင်းမြင့်မိုး၊ ပန်းပုဦးစိုးတင့်၊ ပန်းပုဒေါက်တာမြင်စံတို့သည် ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်းဆင်းများဖြစ်ကြသည်။ ၂၀၁၀ ပြည့်နှစ်တွင် ပန်တျာနှင့် ပန်းချီ၊ ပန်းပုကျောင်းဆင်းများကို အနုပညာအထက်တန်းကျောင်းများအဖြစ် ပေါင်းစည်းဖွင့်လှစ်ခဲ့ပြီး နေ့ကျောင်းနှင့် ညနေပိုင်းသင်တန်းများကို ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုရင့်နောင်ဈေးကြီး ဈေးသူ ဈေးသားများ စုပေါင်းသွေးလှူဒါန်းပွဲကျင်းပ သွေးပုလင်းပေါင်း ၂၃၃ ပုလင်းနှင့် ငွေကျပ် ၂၆ သိန်းကျော် လှူဒါန်းနိုင်ခဲ့

**ရန်ကုန် မတ် ၃၁**

ဘုရင့်နောင်ဈေးကြီး (မော်တော်ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်း) ၏ (၁၆) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် ၁ ရပ်ကွက်ရှိ အဆိုပါဈေးကြီးအတွင်း၌ ကျင်းပသည်။

## ပါဝင်လှူဒါန်း

ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့မှ သွေးလှူဒါန်းပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်လွင်က "ဈေးသူ ဈေးသားတွေ စည်းစည်းလုံးလုံးနဲ့ သူတစ်ပါးအသက်ကို ကယ်တင်နိုင်အောင်ဆိုတဲ့အနေနဲ့ နှစ်စဉ် လှူဒါန်းခဲ့ကြတာပါ၊ အစဉ်အလာတစ်ခုလို ဖြစ်နေပါပြီ၊ အခုလို လှူဒါန်းတဲ့အခါမှာတော့ သွေးအလှူတင် မဟုတ်ပါဘူး၊ လိုအပ်တဲ့နေရာမှာ အသုံးပြုနိုင်ဖို့အတွက် ငွေကြေးလှူဒါန်းမှုမျိုးကိုလည်း အမြဲတမ်းပြုလုပ်ပါတယ်၊ ကျွန်တော်တို့ ဈေးကြီးမှာ တိုင်းရင်းသားပေါင်းစုံရှိပါတယ်၊ အားလုံးဟာ စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ အခုပွဲမှာ ပါဝင်လှူဒါန်းကြတာဖြစ်ပါတယ်"ဟုပြောသည်။

## သွေးဖြင့်ကယ်တင်နိုင်ရန်

အဆိုပါသွေးလှူဒါန်းပွဲကို ဘုရင့်နောင်ဈေးကြီးသာယာရေးအဖွဲ့မှ ကြီးမှူးကျင်းပခြင်းဖြစ်ပြီး လူနာများအတွက် လွယ်ကူစွာသွေးရရှိစေရန်၊ သူတစ်ပါးအသက်ကို မိမိ၏သွေးဖြင့် ကယ်တင်နိုင်ရန်၊ ဈေးသူ ဈေးသားများ အချင်းချင်း စည်းလုံးညီညွတ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဈေးသူ ဈေးသားများက စုပေါင်း၍ သွေးလှူဒါန်းကြခြင်းဖြစ်သည်။

အမျိုးသားသွေးဌာန တာဝန်ခံ ဒေါက်တာ သီတာအောင်က "သွေးအလှူရှင်တိုင်းကို သွေးနီအားပြည့်မပြည့်နဲ့ ကျန်းမာရေးအပိုင်းကို အရင်စစ်ဆေးတယ်၊ အဓိကအနေနဲ့ သူတို့ရဲ့ ကျန်းမာရေးအပိုင်းကို အန္တရာယ်မဖြစ်ဖို့ လိုအပ်တဲ့ ကြိုတင်ထောက်ပံ့မှုတွေ လုပ်ပြီးမှ လက်ခံဆောင်ရွက်တာပါ၊ အဲဒီလို သေချာစိစစ်ပြီး လုပ်ဆောင်ပေးမှုကြောင့် သွေးလှူရှင်တွေ အန္တရာယ်ဖြစ်တာမျိုးမရှိခဲ့ပါဘူး"ဟု ပြောသည်။

## အခွင့်သင့်သလိုလှူ

သွေးအလှူရှင် ဦးမင်းမင်းက "ပြီးခဲ့တဲ့ နှစ်တွေတုန်းကလည်း လှူခဲ့ပါတယ်၊ ကိုယ့်ရဲ့သွေးနဲ့ သူတစ်ပါးအသက်ကို ကယ်ခွင့်ရမှာဖြစ်တာကြောင့် စိတ်ထဲမှာ ကြည်နူးမိတယ်၊ လှူဒါန်းရတဲ့အတွက် ကိုယ်တိုင်လည်း ယုံကြည်မှုတွေပိုရှိလာသလိုခံစားရတယ်၊ သတ်မှတ်ထားတဲ့ အသက်အရွယ် မရောက်မချင်းကတော့ အခွင့်သင့်သလို လှူသွားဦးမှာပါ" ဟု ပြောသည်။

## သွေးပုလင်းပေါင်း ၂၃၃

ထိုသို့ စုပေါင်းသွေးလှူဒါန်းမှုကို ၂၀၀၄ ခုနှစ်မှ စတင်၍ ပြုလုပ်ခဲ့ရာ ၁၄ နှစ်တာ ကာလအတွင်း (၁၅)ကြိမ်မြောက်အဖြစ် လှူဒါန်းမှု ပြုလုပ်ခဲ့ရာတွင် သွေးပုလင်းပေါင်း ၄၂၀၃ ပုလင်းနှင့် ဈေးသူ ဈေးသားများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၂၇၇ သိန်းကျော်ကို အမျိုးသားသွေးလှူဘဏ်သို့ လှူဒါန်းနိုင်ခဲ့သည့်အပြင် (၁၆)ကြိမ်မြောက်အဖြစ် ယနေ့လှူဒါန်းမှုတွင် သွေးပုလင်းပေါင်း ၂၃၃ ပုလင်းနှင့် ဈေးသူ ဈေးသားများ၏ စုပေါင်းလှူဒါန်းငွေကျပ် ၂၆ သိန်းကျော်ကိုလည်း ထပ်မံလှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ဇော်ကြီး**



# သကြၤန်ရက်များအတွင်း နမ့်ယောင်းချောင်း၌ အပန်းဖြေနေရာနှင့် ဆိုင်ခန်းများဖွင့်လှစ်မည်

**မိုင်းယောင်း မတ် ၃၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းယောင်းမြို့နယ်တွင် ဝမ်တောင်းကျေးရွာအနီး နမ့်ယောင်းချောင်း၌ မဟာသကြၤန်ရက်များအတွင်း ရေကစားရန် အပန်းဖြေနေရာများ၊ ဆိုင်ခန်းများ ဖွင့်လှစ်၍ ရေကစားသွားမည်ဖြစ်ကြောင်း သိရသည်။ မိုင်းယောင်းမြို့နယ်တွင် နှစ်စဉ် မဟာသကြၤန်ကာလအတွင်း နမ့်ယောင်းချောင်း ရေကစားရန်အပန်းဖြေနေရာများနှင့် ဆိုင်ခန်းများ၌ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ရေကစားကြသောညှော့သည်များဖြင့် စည်ကားပြီး မြန်မာနှစ်သစ်ကူး နှစ်ဆန်းတစ်ရက်နေ့၌လည်း ရှေးဟောင်းသမိုင်းဝင် ထပ်လုံစေတီတော်မြတ်၊ သမိုင်းဝင် ဗောဓိရွှေညောင်ပင်နှင့် ဈာန်ရကိုရင်ကြီးတောရကျောင်းတို့တွင် ကုသိုလ်ပြုသူများဖြင့် နှစ်စဉ်စည်ကားကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမည်

**ရန်ကုန် မတ် ၃၁**

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန် ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည့် (၁၉)ကြိမ်မြောက် နှစ်သစ်အကြိုစုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပရန်ရှိကြောင်း သိရသည်။

အဆိုပါသွေးလှူဒါန်းပွဲကို ဧပြီ ၇ ရက် (စနေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)ရှိ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့်အဖွဲ့က လက်ခံရယူကြမည်ဖြစ်သည်။

နှစ်သစ်အကြို စုပေါင်းသွေးလှူဒါန်းပွဲ၌ ပါဝင်လှူဒါန်းလိုသူများသည် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၉၇၅၊ သီလရှင်များ ပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ လူကိုယ်တိုင် လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဧပြီ ၆ ရက်အတွင်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

*စာမျက်နှာ ၆ မှ*

မဝေးလှသော အတိတ်တစ်ချိန်က ပုဂံဘုရားစေတီအချို့ကို ပြုပြင်မှုနှင့် အုတ်ကုန်းအပြိုအပျက်များကို ပုဂံခေတ်ပုံသဏ္ဌာန်စေတီ၊ ဂူဘုရားများအဖြစ် အသစ်ပြန်တည်ခြင်းများကြောင့် ဝေဖန်မှုများ ရှိခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ ဤအဆောက်အဦများသည် ပုဂံ၏ ယုံကြည်ကိုးကွယ်မှုနှင့် ပူဇော်ရာအဆောက်အဦ မူလဖြစ်ခြင်း၊ အလှူဒါနကုသိုလ်ပြုမှုတစ်ရပ်ဖြစ်ခြင်းတို့အပြင် အသစ်တည်ထားလိုက်သည့် စေတီဘုရားတို့သည် ပုဂံရှေးဟောင်းနယ်မြေ၏ ရှုခင်းတွင် မူရင်းတန်ဖိုးကို ပျက်စီးမသွားစေသည့် တိုးပွားမှုများဟုပင် ဆိုနိုင်ပါသည်။

**စီမံခန့်ခွဲမှုနှင့် ကာကွယ်ထိန်းသိမ်းရန် လိုအပ်ချက်များ**
**(Management and Protection requirements)**

ပုဂံ၏ ထူးခြားထင်ရှားသော အားလုံးလက်ခံနိုင်သည့် (ဝါ) ကမ္ဘာလုံးဆိုင်ရာတန်ဖိုးများကို ဖော်ဆောင်ပေးသော အမွေအနှစ်ဆိုင်ရာပြယုဂ်များကို "ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ ၁၉၉၈" (ပြင်ဆင်၊ ၂၀၀၉) ဖြင့်လည်းကောင်း၊ "ရှေးဟောင်းအဆောက်အဦများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ ၂၀၁၅" ဖြင့်လည်းကောင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ ၂၀၁၅" ဖြင့်လည်းကောင်း အပြည့်အဝကာကွယ်ထားရှိပါသည်။ ယင်းဥပဒေများ သက်ရောက်မှုရှိစေရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက အဓိကဆောင်ရွက်ပါသည်။

ပုဂံဒေသတစ်ခုလုံးအား လွှမ်းခြုံစီမံခန့်ခွဲမှုပြုနိုင်ရန် ဌာနဆိုင်ရာနှင့် တရားဝင်အဖွဲ့အစည်းမူဘောင်များမှ အခြေခံအရင်းအမြစ်၊ ပူးပေါင်းဆောင်ရွက်မှုနှင့် ကြီးကြပ်စစ်ဆေးမှုများ ပါဝင်သော "ပေါင်းစပ်စီမံခန့်ခွဲမှုနှင့် လုပ်ငန်းအစီအစဉ်" (Integrated Management Framework and Plan of Action) အတိုင်း ဆောင်ရွက်သွားရန် ထုထောင်ချမှတ်ထားပြီး ဖြစ်သည်။ အခြေခံမူဘောင်တွင် ရှေးဟောင်းအဆောက်အဦပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ စည်းမျဉ်းများအတွက် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အဆောက်အဦဆောက်လုပ်မှုဆိုင်ရာ ဥပဒေစည်းမျဉ်း၊ အမှားပြင်ဆင်ချက်များနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ စည်းကမ်းတို့နှင့်အတူ ခရီးသွားလုပ်ငန်း၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပေါ် စီမံခန့်ခွဲမှုနှင့် ဒေသဆိုင်ရာ အများပြည်သူတို့၏ ဖွံ့ဖြိုးမှုစီမံကိန်းများ ပါဝင်သည်။ ဤအခြေခံမူဘောင်အား "ပုဂံဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ" (BAGANCOM : Bagan National Coordination Committee) က ထိရောက်စွာ လမ်းညွှန်ကြီးကြပ်ပြီး လက်တွေ့လုပ်ငန်းနယ်ပယ်တွင်မူ တာဝန်ရှိအဖွဲ့အစည်းများနှင့် ကော်မတီများဖြင့် ဆောင်ရွက်လျက်ရှိသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသနှင့် သတ်မှတ်ထားသော အမွေအနှစ်နှင့် ကြားခံဇုန်တို့ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲရုံးက စီမံခန့်ခွဲ၍ လက်တွေ့လုပ်ဆောင်နေပါသည်။

ရေရှည်စီမံခန့်ခွဲမှု၏ မျှော်မှန်းချက်များတွင် အမွေအနှစ်အပေါ် နားလည်လက်ခံ၍ အထောက်အပံ့ပြုနိုင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ တောင့်တင်းခိုင်မာရေး၊ ငလျင်ကြောင့် ပျက်စီးမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်သော ရှေးဟောင်းအဆောက်အဦများအဖြစ် စနစ်တကျထိန်းသိမ်းသွားရန်၊ အမွေအနှစ်ကို ကောင်းကျိုးမပြုနိုင်သည့် ဖွံ့ဖြိုးတိုးတက်မှုများ လျှော့ချရန်နှင့် ဖယ်ရှားသွားရန်၊ အမွေအနှစ်များနှင့် သဟဇာတဖြစ်စေသော ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် အမွေအနှစ်များ ရေရှည်တည်တံ့စေရေးအတွက် လိုအပ်သည့် စစ်ဆေးစောင့်ရှောက်မှုနှင့် ထိန်းသိမ်းပြုပြင်မှုအရည်အသွေးများ ပြည့်ဝလာစေရန် စသည်တို့ ပါဝင်ကြောင်း အကျဉ်းချုံး ရေးသားဖော်ပြလိုက်ပါသည်။ ။

**ရည်ညွှန်း-ပုဂံကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းမှုစာတွဲ**
**Nomination Dossier for Inscription of the World Heritage List, Bagan**

# ၂၀၁၈ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

| စဉ် | အထူးကုန်စည် အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| | (ည) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၉၀၀၁ ကျပ်မှ ကျပ် ၁၀၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၁၁၃ ကျပ် |
| | (ဋ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၀၅၀၁ ကျပ်မှ ကျပ် ၁၃၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၀၀ ကျပ် |
| | (ဌ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၃၅၀၁ ကျပ်မှ ကျပ် ၁၆၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၂၅၀ ကျပ် |
| | (ဍ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၆၅၀၁ ကျပ်မှ ကျပ် ၁၉၅၀၀အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၃၉၀၀ကျပ် |
| | (ဎ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၁၉၅၀၁ ကျပ်မှ ကျပ် ၂၂၅၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၄၅၅၀ ကျပ် |
| | (ဏ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၂၅၀၁ ကျပ်မှ ကျပ် ၂၆၀၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၅၂၅၄ ကျပ် |
| | (တ) ဝိုင်အမျိုးမျိုး။ | တစ်လီတာတန်ဖိုး ၂၆၀၀၁ ကျပ်နှင့်အထက်ဆင့်ဖြစ်လျှင် | တစ်လီတာတန်ဖိုး၏ ၅၀ % |
| ၁၁ | သစ်လုံး၊ သစ်ခွဲသား များ။ | | ၅ % |
| ၁၂ | ကျောက်စိမ်းအရိုင်း ထည်များ။ | | ၁၅% |
| ၁၃ | ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက် ရတနာအရိုင်းထည် များ။ | | ၁၀% |
| ၁၄ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက် ရတနာအချောထည် များ လက်ဝတ်ရတ နာတွင် စွဲကပ်ထား သည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတ နာအချောထည် များ။ | | ၅% |
| ၁၅ | (က) Double Cab 4 Door Pickup မှအပ ၁၅၀၁ CC မှ ၂၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန်(Estate Wagon)ကား များ၊ကူပေး (Coupe)ကား များ။ | | ၁၀% |
| | (ခ) Double Cab 4 Door Pickup မှအပ ၂၀၀၁ CC မှ ၄၀၀၀ CC အထိ ဗင်ကားများ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန်(Estate Wagon)ကား များ၊ ကူပေး (Coupe)ကား များ။ | | ၃၀% |
| | (ဂ) Double Cab 4 Door Pickup မှအပ ၄၀၀၁ CC နှင့် အထက် ဗင်ကား များ၊ ဆလွန်း၊ ဆီဒင်နှင့် ဝက်ဂွန် (EstateWagon) ကားများ၊ ကူပေး (Coupe) ကား များ။ | | ၅၀% |
| ၁၆ | ရေနံဆီ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ဂျက်လေ ယာဉ်ဆီ။ | | ၅% |
| ၁၇ | သဘာဝဓာတ်ငွေ့။ | | ၈% |

(ခ) အောက်ပါအထူးကုန်စည်များကို ပြည်ပသို့တင်ပို့ရောင်းချသူသည် ယင်းရောင်းရငွေအပေါ် ယှဉ်တွဲဖော်ပြပါအခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန်ကျသင့်စေရမည်။ ဖော်ပြပါ အထူးကုန်စည်များမှ တစ်ပါးကျန် အထူးကုန်စည်များကို ပြည်ပသို့တင်ပို့ခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်စေရ။ အခွန်ကျသင့်သည့်အထူးကုန်စည်ကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် ကျသင့်အထူးကုန်စည်ခွန်မှ ကုန်စည်ကို ဝယ်ယူစဉ်၊ တင်သွင်းစဉ်၊ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်ကို သတ်မှတ်ချက်များနှင့်အညီ ခုနှိမ်ရမည်-

| စဉ် | ကုန်စည်အမျိုးအစား | အခွန်နှုန်း |
|---|---|---|
| ၁ | သဘာဝဓာတ်ငွေ့။ | ၈% |
| ၂ | သစ်လုံး၊ သစ်ခွဲသားများ | ၁၀% |
| ၃ | ကျောက်စိမ်းအရိုင်းထည်များ | ၁၅% |
| ၄ | ပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန် ကျောက်မျက်ရတနာ အရိုင်းထည်များ။ | ၁၀% |
| ၅ | ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့်အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ၊ လက်ဝတ်ရတနာတွင် စွဲကပ်ထားသည့် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန် ကျောက်မျက်ရတနာ အချောထည်များ။ | ၅% |

၁၂။ အထူးကုန်စည်ခွန်ဥပဒေအရ အခွန်ကျသင့်သည့် အထူးကုန်စည်များအနက် သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့်ဆေးပြင်းလိပ်ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀တိတိထက်မပိုလျှင် အထူးကုန်စည်ခွန်စည်းကြပ်ခြင်း မပြုရ။

၁၃။ ဤဥပဒေ၏ အခန်း(၅) တွင် ဖော်ပြပါရှိသော စကားရပ်များ၏အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ)ပါ စကားရပ်များမှအပ အထူးကုန်စည်ခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်းဖြစ်စေရမည်။

## အခန်း (၆)
## ကုန်သွယ်လုပ်ငန်းခွန်

၁၄။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၆ အရ ယင်းဥပဒေ၏ နောက်ဆက်တွဲဇယားများကို အောက်ပါအတိုင်း ပြဋ္ဌာန်းလိုက်သည် -

**ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနောက်ဆက်တွဲဇယားများ**

(က) အောက်ဖော်ပြပါကုန်စည်တစ်မျိုးမျိုးနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန်မကျသင့်စေရ-

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁ | စပါး၊ ဆန်၊ ဆန်ကွဲ၊ ဖွဲနု၊ ဖွဲကြမ်း၊ စပါးခွံ။ |
| ၂ | ဂျုံစေ့၊ ဂျုံဖွဲနု၊ ဂျုံဖွဲကြမ်း။ |
| ၃ | ပြောင်းအမျိုးမျိုးနှင့် ပြောင်းမှုန့်အမျိုးမျိုး။ |
| ၄ | ပဲလုံးအမျိုးမျိုး၊ ပဲခြမ်းအမျိုးမျိုး၊ ပဲမှုန့်အမျိုးမျိုး၊ ပဲဖွဲ၊ ပဲခွံများ။ |
| ၅ | မြေပဲတောင့်၊ မြေပဲဆန်။ |
| ၆ | နှမ်း၊ ပန်းနှမ်း။ |
| ၇ | နေကြာစေ့၊ ဝါစေ့။ |
| ၈ | ဆီအုန်း။ |
| ၉ | ဝါအမျိုးမျိုး။ |
| ၁၀ | ဂုန်လျှော်နှင့် အခြားလျှော်များ။ |
| ၁၁ | ကြက်သွန်ဖြူ၊ ကြက်သွန်နီ။ |
| ၁၂ | အာလူး။ |
| ၁၃ | ဟင်းခတ်အမွှေးအကြိုင်များဖြစ်သော အရွက်အသီး၊ အစေ့အခေါက်များ၊ ဟင်းခတ်မဆလာ။ |
| ၁၄ | သစ်သီးစိမ်းအမျိုးမျိုး။ |
| ၁၅ | ဟင်းသီးဟင်းရွက်များ။ |
| ၁၆ | ကြံ၊သကြား၊ ထန်းလျက်၊ ကြံသကာ။ |
| ၁၇ | ပိုးစာရွက်။ |
| ၁၈ | ပရဆေးများ။ |
| ၁၉ | ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင်သီးခြားဖော်ပြထားခြင်း မရှိသည့် လယ်ယာ ကိုင်းကျွန်းဥယျာဉ်ထွက်ကုန်များ။ |
| ၂၀ | ထင်း၊ ဝါး။ |
| ၂၁ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်း ရေတစ်ပိုင်းနေသတ္တဝါများ၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင် ပေါက်ဖွားသည့်အပင်များနှင့် မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိ၊ ရေမှော်များ။ |
| ၂၂ | ပိုးအိမ်။ |
| ၂၃ | ကြိမ်အကြမ်းအချော။ |
| ၂၄ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၅ | ချိပ်များ။ |
| ၂၆ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီး အဖတ်များ။ |
| ၂၇ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင်အသုံးပြုသည့် Hypochlorite များသာ)။ |
| ၂၈ | အုန်းဆံချည်ခင်။ |
| ၂၉ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၃၀ | တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၃၁ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၂ | ငံပြာရည်အမျိုးမျိုး။ |
| ၃၃ | ပဲဆီ၊ နှမ်းဆီ။ |
| ၃၄ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၅ | ငါးခြောက်၊ ပုစွန်ခြောက်အမျိုးမျိုး။ |
| ၃၆ | ငါးချဉ်၊ ပုစွန်ချဉ်အမျိုးမျိုး။ |
| ၃၇ | ပုစွန်ဖွဲ၊ ငါးပေါင်းမုန့်။ |
| ၃၈ | နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့်အမျိုးမျိုး။ |
| ၃၉ | ပဲနို့။ |
| ၄၀ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၁ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၂ | ချင်း။ |
| ၄၃ | ငါးပိအမျိုးမျိုး။ |
| ၄၄ | မန်ကျည်းမှည့်။ |
| ၄၅ | နိုင်ငံတော်အလံ။ |

*ဆက်လက်ဖော်ပြပါမည်*

# ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်

၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်
၂၀၁၇-၂၀၁၈ ပညာသင်နှစ်
အခြေခံပညာအဆင့် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်း
ကြေညာခြင်း

၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဋ္ဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

*(ယမန်နေ့မှအဆက်)*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ ဒသမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၃၃ | မောင်စိုးဝဏ္ဏထွန်း | အထက-ရင်ပေါင်တိုင် | ယင်းမာပင် | ယင်းမာပင် |
| ၃၄ | မအေးသဉ္ဇာမြင့် | အထက-ဆားလင်းကြီး | ဆားလင်းကြီး | ယင်းမာပင် |
| ၃၅ | မောင်သူရိန်စိုး | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၃၆ | မောင်ခန့်ညီညီထွန်း | အထက-ထီးချိုင့် | ထီးချိုင့် | ကသာ |
| ၃၇ | မအိမွန်မြတ် | အထက-မိချောင်းအင်း | ပင်လည်ဘူး | ကသာ |
| ၃၈ | မငွေနှင်းမှုန် | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၃၉ | မောင်ရန်မျိုးအောင် | အထက(၁)ကလေး | ကလေး | ကလေး |
| ၄၀ | မခင်နဒီစိုး | အထက(၃)ကလေး | ကလေး | ကလေး |
| ၄၁ | မောင်သက်ပိုင်စိုး | အထက-မော်လိုက် | မော်လိုက် | မော်လိုက် |
| ၄၂ | မဖူးသစ်ခင် | အထက-မော်လိုက် | မော်လိုက် | မော်လိုက် |
| ၄၃ | မောင်သီဟအောင် | အထက-ခန္တီး | ခန္တီး | ခန္တီး |
| ၄၄ | မထက်ထက်ရွှေစင် | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၄၅ | မောင်နဒီဟိန်း | အထက(၂)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၆ | မဟန်ရေရေလင်း | ပညာရွှေပြည်(ကပက) | ထားဝယ် | ထားဝယ် |
| ၄၇ | မောင်ခန့်ကို | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၈ | မောင်အေးမင်းသူ | အထက-ညောင်ဘီး | ကျွန်းစု | မြိတ် |
| ၄၉ | မဟန်နှင်းစု | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၅၀ | မအိကျော့ခိုင် | အထက-ပုလော | ပုလော | မြိတ် |
| ၅၁ | မောင်ရှိုင်းမင်းခန့် | Standard (ကပက) | ပဲခူး | ပဲခူး |
| ၅၂ | မောင်ဝေယံမိုးလွင် | အထက(၁)ဒိုက်ဦး | ဒိုက်ဦး | ပဲခူး |
| ၅၃ | မမြမိုးပွင့် | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၄ | မမျိုးသီရိဝေ | အထက-ဖောင်တော်သီ | ဒိုက်ဦး | ပဲခူး |
| ၅၅ | မောင်အောင်ကောင်းမြတ် | ဟိန်း(ကပက) | ရေတာရှည် | တောင်ငူ |
| ၅၆ | မောင်အောင်ထက်ဝင်း | အထက(၇)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၇ | မနွေးယုယုဇွန် | အထက(၇)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၈ | မဆုနန္ဒာထွဋ် | အထက-ကျောက်ကြီး | ကျောက်ကြီး | တောင်ငူ |
| ၅၉ | မောင်ကျော်ဇောထွန်း | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၀ | မောင်ဘုန်းမြတ်ကိုကို | အထက-ပေါင်းတည် | ပေါင်းတည် | ပြည် |
| ၆၁ | မအေးမြတ်ပွင့်ဖြူ | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၂ | မမိုးပွင့်ဖြူ | အထက-ညောင်စာရေး | ရွှေတောင် | ပြည် |
| ၆၃ | မောင်ရဲဝင်း | အထက(၁)လက်ပံတန်း | လက်ပံတန်း | သာယာဝတီ |
| ၆၄ | မောင်ဖြိုးသဲကိုကို | အထက-စစ်ကွင်း | မင်းလှ | သာယာဝတီ |

*ဆက်လက်ဖော်ပြပါမည်*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ နဝမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၃၃ | မောင်သက်ဇော်နိုင် | အထက-ကျားတက် | ဆားလင်းကြီး | ယင်းမာပင် |
| ၃၄ | မအိမွန်စံ | အထက-ကနီ | ကနီ | ယင်းမာပင် |
| ၃၅ | မောင်ကျော်သူရလွင် | အထက-ထီးချိုင့် | ထီးချိုင့် | ကသာ |
| ၃၆ | မောင်ဇင်မျိုးသန့်လှိုင် | အထက-မိချောင်းအင်း | ပင်လည်ဘူး | ကသာ |
| ၃၇ | မယူဝါဒေဗီ | အထက(၁)ကသာ | ကသာ | ကသာ |
| ၃၈ | မဝင်းသီတာကို | အထက-ဝန်းသို | ဝန်းသို | ကသာ |
| ၃၉ | မောင်ကောင်းမြတ်ဇော် | အထက-မင်းကင်း | မင်းကင်း | ကလေး |
| ၄၀ | မဖူးသဇင်ခိုင် | အထက(၃)ကလေး | ကလေး | ကလေး |
| ၄၁ | မောင်အောင်ခန့်ဇော် | အထက-မော်လိုက် | မော်လိုက် | မော်လိုက် |
| ၄၂ | မဝင့်ဝါအတွယ်တာ | အထက-မင်းယား | မော်လိုက် | မော်လိုက် |
| ၄၃ | မောင်မျိုးလွင်ထွန်း | အထက-နောင်ပိုအောင် | ဟုမ္မလင်း | ခန္တီး |
| ၄၄ | မအင်ကြင်းဖြူ | အထက-နောင်ပိုအောင် | ဟုမ္မလင်း | ခန္တီး |
| ၄၅ | မောင်စိုးဝေယံထက် | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၆ | မအိခင်ချောပြည့် | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၇ | မောင်လှဘုန်းဟန် | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၈ | မောင်ခန့်ထည်မျိုး | အထက-တနင်္သာရီ | တနင်္သာရီ | မြိတ် |
| ၄၉ | မချိုးချိုးယမုံ | အထက-ပုလော | ပုလော | မြိတ် |
| ၅၀ | မရွှေစင်သန့် | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၅၁ | မောင်ရှိုင်းလင်းအောင် | လင်းရောင်သစ်(ကပက) | ညောင်လေးပင် | ပဲခူး |
| ၅၂ | မောင်ညီညီအောင် | အထက(၁)ပဲခူး | ပဲခူး | ပဲခူး |
| ၅၃ | မသဲဆုခိုင်ဦး | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၄ | မရွှေသဇင် | အထက-ရွှေကျင် | ရွှေကျင် | ပဲခူး |
| ၅၅ | မောင်စိုးမိုးထက် | ဟိန်း(ကပက) | ရေတာရှည် | တောင်ငူ |
| ၅၆ | မောင်ဉာဏ်ရဲထက် | လရောင်ဝါ(ကပက) | ဖြူး | တောင်ငူ |
| ၅၇ | မစုယဉ်အေး | အထက(၇)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၈ | မလင်းလက်မွန် | အထက(၁)ဖြူး | ဖြူး | တောင်ငူ |
| ၅၉ | မောင်ဖုန်းမြတ်မင်း | အထက-ပေါက်ခေါင်း | ပေါက်ခေါင်း | ပြည် |
| ၆၀ | မောင်ဘုန်းမြတ်ပိုင် | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၁ | မစိန်စီတိုး | အထက(၁)ပြည် | ပြည် | ပြည် |
| ၆၂ | မအင်ကြင်းစံ | အထက-အင်းမတပ်နယ် | သဲကုန်း | ပြည် |
| ၆၃ | မောင်ဇင်မင်းလွင် | အထက-မြို့မ | နတ်တလင်း | သာယာဝတီ |
| ၆၄ | မောင်ခန့်ထက်အောင် | အထက-သုံးဆယ် | သာယာဝတီ | သာယာဝတီ |

*ဆက်လက်ဖော်ပြပါမည်*

### အခြေခံပညာဦးစီးဌာန၊ ၂၀၁၈ ခုနှစ်၊ အဋ္ဌမတန်း လူရည်ချွန်စာရင်း

| စဉ် | အမည် | ကျောင်း | မြို့နယ် | ခရိုင် |
|---|---|---|---|---|
| ၃၃ | မောင်ထူးအိမ်လင်း | အထက-ကနီ | ကနီ | ယင်းမာပင် |
| ၃၄ | မကြည်ကြည်ဟန် | အထက-မင်းတိုင်ပင် | ပုလဲ | ယင်းမာပင် |
| ၃၅ | မောင်အောင်အောင်ဦး | အလက-သင်တော | ဝန်းသို | ကသာ |
| ၃၆ | မောင်ခန့်ဆွေဦး | အထက-မဲဇာ | အင်းတော် | ကသာ |
| ၃၇ | မသိင်္ဂီမိမိကို | အထက(၃)ကသာ | ကသာ | ကသာ |
| ၃၈ | မအေးမမငြိမ်း | အထက-ပင်လည်ဘူး | ပင်လည်ဘူး | ကသာ |
| ၃၉ | မောင်စည်သူဝင်း | အထက(၆)ကလေး | ကလေး | ကလေး |
| ၄၀ | မကြယ်စင်လင်းလက် | အထက-ကလေးဝ | ကလေးဝ | ကလေး |
| ၄၁ | မောင်အောင်ဖြိုးသန့် | အလက-တောင်းအင် | မော်လိုက် | မော်လိုက် |
| ၄၂ | မချမ်းမြေ့သီတာ | အထက-မော်လိုက် | မော်လိုက် | မော်လိုက် |
| ၄၃ | မောင်မိုးထက်ဇံ | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၄၄ | မရွှေယမင်းသွယ် | အထက(၁)ဟုမ္မလင်း | ဟုမ္မလင်း | ခန္တီး |
| ၄၅ | မောင်ဇွဲဝင့်မာန် | အထက-ကမြိုင် | သရက်ချောင်း | ထားဝယ် |
| ၄၆ | မသင်းမြတ်သီရိဖြိုး | အထက(၁)ထားဝယ် | ထားဝယ် | ထားဝယ် |
| ၄၇ | မောင်နိုင်လင်းထက် | အထက(ခွဲ)အလက(၁) | ကော့သောင်း | မြိတ် |
| ၄၈ | မောင်ဘုန်းသုတ | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၄၉ | မအိကြည်ဖြူကျော် | အထက(ခွဲ)ပုလော | ပုလော | မြိတ် |
| ၅၀ | မသိမ့်ရည်နွေး | အထက(၁)မြိတ် | မြိတ် | မြိတ် |
| ၅၁ | မောင်ခန့်သူဟိန်း | အထက(၃)ပဲခူး | ပဲခူး | ပဲခူး |
| ၅၂ | မောင်ခိုင်ခန့်ကျော် | လင်းရောင်သစ်(ကပက) | ညောင်လေးပင် | ပဲခူး |
| ၅၃ | မနှင်းဝတ်ရည်အေး | အထက(၂)ပြွန်တန်ဆာ | ညောင်လေးပင် | ပဲခူး |
| ၅၄ | မပိုးထက်ဟန် | အထက-တပ်နယ် | ရွှေကျင် | ပဲခူး |
| ၅၅ | မောင်ခန့်ဇင်သော် | အထက-သာဂရ | ရေတာရှည် | တောင်ငူ |
| ၅၆ | မောင်နေနိုင်လွန်း | အထက-နတ်စင်ကုန်း | တောင်ငူ | တောင်ငူ |
| ၅၇ | မဆုမြတ်မွန် | အထက(၇)တောင်ငူ | တောင်ငူ | တောင်ငူ |
| ၅၈ | မမြတ်နိုးခေတ် | အထက(၂)ဖြူး | ဖြူး | တောင်ငူ |
| ၅၉ | မောင်ဘုန်းပြည့် | အထက-အောင်ဆန်း | ပြည် | ပြည် |
| ၆၀ | မောင်မင်းပြည့်စုံ | အထက-ပေါင်းတည် | ပေါင်းတည် | ပြည် |
| ၆၁ | မသက်နှင်းလွင်လွင် | အထက(ခွဲ)ကြာနီကန် | ရွှေတောင် | ပြည် |
| ၆၂ | မချိုကြည်သာသင်း | အထက-အောင်ဆန်း | ပြည် | ပြည် |
| ၆၃ | မောင်သူရိန်စိုး | အထက-သုံးဆယ် | သာယာဝတီ | သာယာဝတီ |
| ၆၄ | မောင်ဥက္ကာဟိန်း | အထက-မြို့မ | နတ်တလင်း | သာယာဝတီ |

*ဆက်လက်ဖော်ပြပါမည်*

## ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း ယခုနှစ်သင်္ကြန်ကို ရေကစားမဏ္ဍပ် ကိုးခုဖြင့် ကျင်းပမည်

**ရန်ကုန် မတ် ၃၁**

၂၀၁၈ ခုနှစ် ဧပြီ ၁၃ ရက်တွင် ကျရောက်မည့် သင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ရှစ်မြို့နယ်မှ မဏ္ဍပ် ကိုးခုဖြင့် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပသွားမည်ဟု သိရသည်။

"မြောက်ပိုင်းခရိုင်မှာဆိုရင် အင်းစိန်မြို့မဈေးရှေ့မှာ မဏ္ဍပ်တစ်ခုရှိမယ်၊ ဒီနှစ်သင်္ကြန်မဏ္ဍပ်တွေမှာ လုံခြုံရေးကို အထူးဆောင်ရွက်ထားပါတယ်၊ အရက်ဆိုင်တွေကို သတ်မှတ်ထားတဲ့ စည်းကမ်းအတိုင်း ဆောင်ရွက်သွားမှာပါ"ဟု မြောက်ပိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ပြောသည်။

ယမန်နှစ်က မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များတွင် ရေကစားမဏ္ဍပ်နည်းခဲ့ပြီး ယခုနှစ်သင်္ကြန်တွင် အင်းစိန်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာ၊ လှိုင်သာယာ၊ လှည်းကူး၊ တိုက်ကြီး၊ ထန်းတပင်နှင့် မှော်ဘီ (မဏ္ဍပ် နှစ်ခု)တို့တွင် မြို့နယ်ရေကစားမဏ္ဍပ်၊ ဗဟိုမဏ္ဍပ်၊ မြို့နယ်ဖျော်ဖြေရေးနှင့် ရေကစားမဏ္ဍပ်၊ ကျေးရွာအုပ်စုရေကစားမဏ္ဍပ်ဟူ၍ မြို့နယ် ရှစ်မြို့နယ်မှ ရေကစားမဏ္ဍပ် ကိုးခုဖြင့် အတာရေသဘင်ပွဲတော်ကို မြို့ခံပြည်သူများဖြင့် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

အင်းစိန်မြို့နယ်တွင် မဏ္ဍပ်လတ်အား လှိုင်မြစ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက် အင်းစိန်ဈေးရှေ့တွင် လည်းကောင်း၊ မင်္ဂလာဒုံမြို့နယ်တွင် မဏ္ဍပ်ကြီးအား အမှတ် ၃ လမ်းမကြီးဘေး ပုလဲလမ်းဆုံအနီးတွင် လည်းကောင်း၊ ရွှေပြည်သာမြို့နယ် မဏ္ဍပ်သေးအား အမှတ် ၉ ရပ်ကွက် မဟာဗန္ဓုလလမ်းတွင် လည်းကောင်း၊ လှိုင်သာယာမြို့နယ်တွင် မဏ္ဍပ်ကြီးအား ရန်ကုန်-ပုသိမ်လမ်း စက်မှုဇုန် မီးပွိုင့်မှတ်တိုင် ကနောင်ခန်းမရှေ့တွင် လည်းကောင်း၊ လှည်းကူးမြို့နယ်တွင် မဏ္ဍပ်သေးအား ရန်ကုန်-ပဲခူးကားလမ်းမဘေး ဈေးကြီးရပ်ကွက် ဗိုလ်ချုပ်ရာပြည့်ပန်းခြံရှေ့တွင် လည်းကောင်း၊ မှော်ဘီမြို့နယ်ရှိ မဏ္ဍပ်လတ်နှင့် မဏ္ဍပ်သေးကို ရန်ကုန်-ပြည်ကားလမ်းမဘေး အမှတ် ၃ ရပ်ကွက် မြို့မဈေးရှေ့နှင့် မြောင်းတကာစံပြကျေးရွာတွင် လည်းကောင်း၊ တိုက်ကြီးမြို့နယ်တွင် မဏ္ဍပ်သေးအား ပြည်လမ်း ဘူတာရပ်ကွက်နှင့် ထန်းတပင်မြို့နယ်ရှိ မဏ္ဍပ်သေးအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင် နှစ်ကူးသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဟု သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၃၁**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

# စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်- ဘူးသီးတောင်လမ်းပေါ်ရှိ တည်ဆောက်လျက်ရှိသည့်တံတားများ မကြာမီဖွင့်လှစ်တော့မည်

**နေပြည်တော် မတ် ၃၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် မတ် ၂၉ ရက် မွန်းလွဲပိုင်းက မောင်တောခရိုင်အတွင်းရှိ လမ်း/တံတား လုပ်ငန်းများ ကြည့်ရှုစစ်ဆေးရာ UEHRD အစီအစဉ်ဖြင့် Asia World Co;Ltd မှ တာဝန်ယူဆောင်ရွက်နေသော အငူမော်-မောင်တောလမ်း (၄၉ မိုင် ၆ ဖာလုံ)အား ၁၈ ပေအကျယ် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

မတ် ၃၀ ရက် နံနက်ပိုင်းတွင် မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်း-တောင်ပြိုလက်ဝဲ လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးရာ မိုင်တိုင်အမှတ်(၁၇/၀-၁၇/၂)ကြားတွင် စက်ယန္တရားများဖြင့် ကွန်ကရစ်ခင်းနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့သည်။ ယင်းနောက် တောင်ပြိုလက်ဝဲမြို့တွင် တည်ဆောက်ပြီးစီးနေသော ပြန်လည်လက်ခံရေးစခန်းအတွက် Assemble Board House များဆောက်လုပ်ထားရှိမှုကိုလည်းကောင်း၊ သောက်သုံးရေကန်နှင့် ပြန်လည်ရောက်ရှိလာမည့်သူများအား လက်ခံဆောင်ရွက်ရန် စီစဉ်ထားမှုများအား ကြည့်ရှုစစ်ဆေးရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ပြိုလက်ဝဲ-မောင်တောလမ်းတစ်လျှောက် စစ်ဆေးရာ မိုင်တိုင်အမှတ် (၁၂/၀)တွင် ကျောက်ခင်းနေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။ မွန်းလွဲပိုင်းတွင် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းနှင့် ယင်းလမ်းပေါ်ရှိ စိုင်းဒင်ချောင်းတံတား၊ ရွာဟောင်းချောင်းတံတား၊ ငစံပေါ်တံတား၊ သောင်းဒရားချောင်းတံတားနှင့် ရသေ့တောင်ချောင်းတံတားများ ဖွင့်ပွဲပြုလုပ်ရန်အတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **သတင်းစဉ်**



# ပြည်တွင်းသတင်းမီဒီယာအဖွဲ့ တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်းနှင့် အင်းဒင်ကျေးရွာသို့သွားရောက်၍ မြေပြင်ကွင်းဆင်း သတင်းရယူ

**မောင်တော မတ် ၃၁**

ပြည်တွင်းသတင်းဌာန ၁၃ ခုမှ သတင်းသမားများ ပါဝင်သော သတင်းမီဒီယာအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ် အောင်စစ်ပြင်ကျေးရွာအနီးရှိ နယ်ခြားစောင့်ရဲတပ်ရင်းအသစ်ဆောက်လုပ်မည့် မြေနေရာသို့ရောက်ရှိကြပြီး မြေပြင်အခြေအနေအား ကြည့်ရှုလေ့လာသတင်းရယူကြသည်။

ယင်းနောက် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ ရောက်ရှိကြရာ စခန်းတာဝန်ခံ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးက စခန်းတည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှု၊ ပြန်လည်လက်ခံရန် အဆင့်သင့်ဖြစ်နေမှု၊ ပြန်လည်စိစစ်လက်ခံရေး၊ ကျန်းမာရေး၊ လူသားချင်းစာနာမှုအကူအညီများ ပံ့ပိုးပေးရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုနှင့် လှဖိုးခေါင်ယာယီလက်ခံရေးစခန်းသို့ ဆက်လက်ပို့ဆောင်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက ပြန်လည်နေရာချထားရေး၊ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NVC) ပြုလုပ်ပေးနေမှု၊ ပြန်လည်လက်ခံရာတွင် စိစစ်အတည်ပြုပြီးသူများမဟုတ်သည့် အခြားသူများ ပါဝင်မလာအောင် စီမံဆောင်ရွက်ထားမှုနှင့် အခြားသိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ယင်းနောက် သတင်းမီဒီယာအဖွဲ့ဝင်များသည် နှစ်နိုင်ငံနယ်စပ်တံတား၊ ပြန်လည်ဝင်ရောက်မည့်သူများ စတင်ဝင်ရောက်မည့် ဝင်ပေါက်နေရာ၊ စခန်းအတွင်း စိစစ်လက်ခံရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရုံးခန်းများ ဖွင့်လှစ်ထားရှိမှုနှင့် ပြန်လည်ဝင်ရောက်လာသူများ ခေတ္တတည်းခိုမည့် အိပ်ဆောင်တို့ကို ကြည့်ရှုလေ့လာ သတင်းရယူကြသည်။

ထို့နောက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး နေထိုင်ကြသူများအား ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ်ရှိ အင်းဒင်ကျေးရွာသို့ရောက်ရှိကြပြီး အကြမ်းဖက်ခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ ဒေသခံများအား လွတ်လပ်စွာမေးမြန်း သတင်းရယူကြသည်။

ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့မှ စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြပြီး စစ်တွေမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ **ကျော်သူထက်**



မောင်တောမြို့သို့ ရောက်ရှိနေသည့် သတင်းမီဒီယာအဖွဲ့သည် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ သွားရောက်၍ ပြန်လည်လက်ခံရေး ဆောင်ရွက်မှုအခြေအနေများအား သတင်းရယူစဉ်။



သတင်းမီဒီယာအဖွဲ့များ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး နေထိုင်ကြသူများကို သွားရောက်ကြည့်ရှုလေ့လာကြစဉ်။

# စစ်တွေမြို့၌ မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

**စစ်တွေ မတ် ၃၁**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှကြီးမှူး၍ ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို စစ်တွေမြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ရိုးရာမဟာသင်္ကြန်ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီးဒေါက်တာချမ်းသာက ၁၃၇၉ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကို ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေမြို့တွင် ခမ်းခမ်းနားနားဖြင့် နှစ်စဉ်မပျက်ကျင်းပနိုင်ရန်အတွက် ညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ နှစ်စဉ်ကျင်းပမြဲဖြစ်သည့်အတိုင်း ဗဟိုမဏ္ဍပ်နှင့် မိဇ္ဈိမကမ်းနားလမ်းတွင် ရခိုင်ရိုးရာ ရေကစားမဏ္ဍပ်များဆောက်လုပ်ပြီး ကျင်းပသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် နံ့သာသွေးပြိုင်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပရိတ်ရွတ်ဖတ်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ခရီးသွားလုပ်ငန်းတိုးတက် မြင့်တင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ရခိုင်ရိုးရာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲနိုင်ရန် ငပလီမြို့တွင်လည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ တက်ရောက်လာကြသော ကော်မတီအဖွဲ့များအနေဖြင့် စစ်တွေမြို့တွင် မဟာသင်္ကြန်ပွဲတော်ကို စည်စည်ကားကားကျင်းပနိုင်ရေး အပြည့်အဝဆောင်ပြီး အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်လူမှုရေးဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# သံတွဲမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**သံတွဲ မတ် ၃၁**

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးနေထက်ရှိန်၊ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီဆွေတို့သည် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှကြည်၊ မြို့နယ်ဦးစီးမှူး ဦးတင်မောင်ဌေးနှင့် ဝန်ထမ်းများသည် မတ် ၁၉ ရက်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်လျက်ရှိသော သံတွဲမြို့နယ် နန်းချောင်းကျေးရွာ ရေပေးဝေရေးလုပ်ငန်းနှင့် ပုဇွန်ဖြေကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာတွင်းကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး ကော်မတီများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက်)**

# မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်စည်းဝေး

**ရန်ကုန် မတ် ၃၁**

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို မတ် ၃၀ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ အင်းလျားလမ်းရှိ စိမ်းလန်းစိုပြည်ဂါးဒင်းတွင် ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးမင်းဇော်က အမှာစကားပြောကြားပြီး ငွေစာရင်းရှင်းတမ်းကို အသင်းအတွင်းရေးမှူး ဦးသစ္စာလှုထွေးက တင်ပြရာ အသင်းကအတည်ပြုသည်။

ထို့နောက် ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ရာတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းနာယကအဖြစ် ဒေါ်အေးအေးဝင်း၊ ဥက္ကဋ္ဌအဖြစ် ဦးမင်းဇော် (Tokyo Shimbun)၊ ဒုဥက္ကဋ္ဌအဖြစ် ဦးသူရိန်လှုထွေး (Nikkei Shimbun)၊ အတွင်းရေးမှူးအဖြစ် ဦးသစ္စာလှုထွေး(TBS)၊ တွဲဖက်အတွင်းရေးမှူးများအဖြစ် ဦးမြတ်သူရ (Kyodo News )၊ ဒေါ်ဆင့်ဆင့်အောင် (NTV)၊ ဒေါ်လှလှဌေး (AFP)၊ ဒေါ်ခင်မိုမိုမြင့် (NHK)တို့အားလည်းကောင်း၊ ဘဏ္ဍာရေးမှူးအဖြစ် ဒေါ်ရတနာထွန်း ( Kyodo News )၊ စာရင်းစစ်များအဖြစ် ဦးခင်မောင်ဝင်း (Tokyo Shimbun) နှင့် ဦးဖြိုးဟိန်းကျော် (AFP) တို့အားလည်းကောင်း ရွေးချယ်တင်မြှောက်ကြသည်။

၁၉၈၉ ခုနှစ်၌ စတင်တည်ထောင်သော မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှာ ယခုအခါ အသင်းဝင် ၆၄ ဦးရှိပြီး အသင်း၏ ရုံးခန်းမှာ အခန်း ၁၉ တိုက် ၁၀ စံပြဖဆပလ ရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ဖြစ်ပြီး ဖုန်းနံပါတ်မှာ ၀၉-၃၀၀၉၁၉၂၁၊ အီးမေးလ် sec.fcc-myanmar@gmail.com ဖြစ်သည်။

**ခင်မောင်ဝင်း(ရွှေအင်းသား)**



## နေပြည်တော်၌ လေပြင်းနှင့်အတူ မိုးရွာသွန်းမှုကြောင့် အဆောက်အအုံအချို့အမိုးလန်ပျက်စီးကာ ဓာတ်တိုင်အချို့လဲပြို

**နေပြည်တော် မတ် ၃၁**

နေပြည်တော်၌ ယနေ့ မတ် ၃၁ ရက် ညနေ ၅ နာရီခန့်မှ ညနေ ၆ နာရီအထိ လေပြင်းများတိုက်ခတ်ပြီး မိုးများရွာသွန်းမှုကြောင့် ပုဗ္ဗသီရိမြို့နယ်ရှိ သမိုင်းဝင်နေရောင်ပြအင်း ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး၏ ထီးတော်အစိတ်အပိုင်းအချို့ မြေခ၍ အဆောက်အအုံနှင့် ဓာတ်တိုင်အချို့တို့ လဲပြိုပျက်စီးခဲ့ကြောင်း သိရသည်။

"နေရောင်ပြအင်း ပြည်လုံးချမ်းသာစေတီတော် ထီးတော်အောက်ကိုတွဲလောင်းကျပြီးတော့ ထီးတော်မှာ ချိတ်ထားတဲ့ ရတနာပစ္စည်းတွေဟာ ရင်ပြင်တော်ပေါ်ကို ကျရောက်လာတဲ့အတွက် ပစ္စည်းတွေကို လုံခြုံမှုရှိအောင် ပုဗ္ဗသီရိ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်တွေ သွားရောက်ပြီး လုံခြုံရေးဆောင်ရွက်ပေးနေပါတယ်" ဟု ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆန်းအောင်က ပြောသည်။

ယနေ့ညနေ ၅ နာရီခွဲမှစ၍ လေပြင်းများတိုက်ခတ်ကာ မိုးများ အဆက်မပြတ်ရွာသွန်းကာ မိုးသီးများကြွေကျမှုကြောင့် ဓာတ်တိုင်များ လဲပြိုပြီး ဓာတ်ကြိုးများပြတ်တောက်ခဲ့ရာ ည ၈ နာရီခွဲခန့်အထိ လျှပ်စစ်မီးပြတ်တောက်မှုများလည်း ဖြစ်ပေါ်ခဲ့သည်။ ထို့အတူ ရုတ်တရက်လေပြင်းများကျရောက်ခြင်းကြောင့် ယနေ့ညနေပိုင်းက နေပြည်တော်ဘူးကွဲ အိမ်ရာ၊ ကံ့ကော်အိမ်ရာနှင့် ခရေအိမ်ရာရှိ ဝန်ထမ်းအိမ်ရာအဆောက်အအုံအချို့အမိုးလန်ပျက်စီးကာ သပြေကုန်းဈေးနှင့် မြို့မဈေးရှိ ညဈေးတန်းများမှာလည်း ပျက်စီးမှုအချို့ရှိခဲ့ကြောင်း သိရသည်။

"မြို့မဈေးနားက ဘဏ်ဆိုင်းဘုတ်ပြုတ်ကျသွားတယ်၊ မိုးကလည်း ရွာတယ်၊ မီးကလည်းပျက်တယ်၊ တချို့နေရာတွေမှာ ဓာတ်ကြိုးတွေပြုတ်ကျနေတယ်၊ ခုတင် ၁၀၀၀ ဆေးရုံသွားတဲ့လမ်းဘက်မှာ ဓာတ်ကြိုးတွေပြုတ်ကျနေတယ်၊ အခု ညမီးမလာ



သေးဘူး၊ ရုံးကပြန် ထမင်းဟင်းချက်ဖို့တောင် ဒုက္ခရောက်တယ်။ သတိထားပြီးသွားလာနေရပါတယ်" ဟု ဝန်ထမ်းအိမ်ရာတွင် နေထိုင်သူတစ်ဦးက ပြောသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ရှေးဟောင်းသမိုင်းဝင် နေရောင်ပြအင်း ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးအား ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ရက်က ထီးတော်တင်ပွဲနှင့် အနေကဇာတင်လှူပွဲကျင်းပခဲ့ပြီး သုံးလအကြာ ယနေ့ ညနေပိုင်းတွင် ထီးတော်အစိတ်အပိုင်းအချို့ မြေခခဲ့ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ကောင်းမြတ်စံ**

## လမ်းခင်းရာတွင် ငွေကြေးကောက်ခံမှုကြောင့် မကျေနပ်မှုသတင်းပါရှိပြီးနောက် ကောက်ခံထားသောငွေ တစ်ဝက်ပြန်လည်ပေးအပ်

**ရန်ကုန် မတ် ၃၁**

လှိုင်သာယာမြို့နယ် အမှတ် ၇ ရပ်ကွက်၊ မေယုလမ်းတွင် JFPR မှ ထောက်ပံ့လှူဒါန်း၍ အာရှဖွံ့ဖြိုးရေးဘဏ်၏စီမံခန့်ခွဲမှုဖြင့် ရပ်ကွက်အတွင်း ရေဝပ်ရေလျှံဖြစ်သောလမ်းများ ကွန်ကရစ်လမ်းခင်းခြင်းကို မတ် ၂၆ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ အဆိုပါ ညပိုင်းက လမ်းအတွင်းရှိ ဆယ်အိမ်မှူးများက ၁၀ ပေ အကျယ်တစ်အိမ်လျှင် ငွေကျပ်ငါးထောင်နှင့် ပေ ၂၀ တစ်အိမ်လျှင် ငွေကျပ်တစ်သောင်း ကောက်ခံမှုကြောင့် လမ်းသူလမ်းသားတို့ မကျေနပ်မှုဖြစ်ပွားခြင်းသတင်း မတ် ၂၉ ရက်က ပါရှိပြီးနောက် မတ် ၃၁ ရက် နံနက် ၉ နာရီခန့်က ယင်းလမ်းအတွင်းမှ ဆယ်အိမ်မှူးအမျိုးသမီးနှစ်ဦးက လက်မှတ်လိုက်လံထိုးခိုင်းပြီး ကောက်ခံထားသောငွေမှ ကျန်တစ်ဝက်ကို ယနေ့ညနေပိုင်းတွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

"ဒီကိစ္စမှာ ငွေကြေးထည့်ထားတယ်ဆိုရင် တိုင်သာတိုင်ပါ၊ ကျွန်တော်ပြောချင်တာက ကောက်ခံခွင့်လည်းမရှိဘူး၊ ဒီအပေါ်မှာလုပ်တဲ့သူ တာဝန်ယူ၊ တာဝန်ခံပေါ့၊ ဒါပဲရှိတယ်"ဟု အမှတ် ၇ ရပ်ကွက်အုပ်ရေးမှူး ဦးခင်ဇော်က ပြောသည်။

လှိုင်သာယာမြို့နယ်တွင် မြို့ပြအင်္ဂါရပ်နှင့်အညီ အများပြည်သူသွားလာရေး အဆင်ပြေချောမွေ့စေရန် ရပ်ကွက်၊ ကျေးရွာများရှိလမ်းများကို ကွန်ကရစ်လမ်းခင်းပေးခဲ့ပြီး အမှတ် ၇ ရပ်ကွက်နှင့် ၁၀ ရပ်ကွက်တို့တွင် ကွန်ကရစ်လမ်းခင်းကျင်းနိုင်မှု မရှိသောလမ်းများမှာ ကျန်ခဲ့သော မိုးရာသီထိတိုင် လမ်းရေဝပ်ရေလျှံမှုကို နှစ်စဉ်ကြုံတွေ့ရသောကြောင့် ယခုလို JFPR မှ ကွန်ကရစ်လမ်းခင်းကျင်းလှူဒါန်းမှုအပေါ် လမ်းသူလမ်းသားများ အားရကျေနပ်ပီတိဖြစ်လျက်ရှိကြောင်း သိရသည်။

ယနေ့ညနေ ၆ နာရီခွဲတွင် အမှတ် ၇ ရပ်ကွက် မေယုလမ်းရှိ ဆယ်အိမ်မှူးအမျိုးသမီးတစ်ဦးနှင့် အမျိုးသားသုံးဦးက လမ်းအတွင်း ၄၈ ဦးတို့ထံမှ ငါးထောင်ကောက်ခံသူများကို ငွေကျပ် ၂၅၀၀ နှင့် ငွေကျပ်တစ်သောင်း ကောက်ခံသူများကို ငွေကျပ်ငါးထောင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **၁၆၄**



ဥတ္တရသီရိမြို့နယ် တောင်ညိုနယ်မြေရဲစခန်းမှ ရဲအုပ် စံကျော်လှ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်လက်ထောက်လဝကမှူး ဦးလှမြင့်တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပိန္နဲပေါက်စစ်ဆေးရေးဂိတ်တွင် မတ် ၂၈ ရက် က မော်တော်ယာဉ် ၅၈ စီးနှင့် ဆိုင်ကယ် အစီး ၇၀ တို့အား စစ်ဆေးခဲ့ပြီး ခရီးသွားများ လုံခြုံရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မောင်းများ ယာဉ်စည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ ဇင်ဦး(မြန်မာ့အလင်း)

## ငါန်းဇွန်မြို့နယ်ရှိ ကျေးရွာများမှ စိုက်ပျိုး၊ မွေးမြူရေးနှင့် အသေးစားရောင်းဝယ်ရေး လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ငါးဇွန် မတ် ၃၁ -** မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါးဇွန်မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများသို့ ခိုင်းနွားများနှင့် အသားတိုးဝက်များ မွေးမြူခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် အသေး စား ရောင်းဝယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ ငါန်းဇွန်မြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများတွင် ဆင်းရဲမှုလျှော့ချရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်း ၃၀၀ မတည်ပြီး ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို မတ် ၃၀ ရက် မွန်းတည့် ၁၂ နာရီက ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီရိမျက်သွယ်နှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ သံကုန်းကျေးရွာ၊ ဆပ်ပြာကျင်းကျေးရွာ၊ ညောင်ပင်ကုန်း ကျေးရွာတို့သို့ သွားရောက်ပြီး စီမံကိန်းလုပ်ငန်းများ၏ ငွေစာရင်း ထိန်းသိမ်းဆောင်ရွက်ထားမှုပုံစံများ စနစ်တကျ ရေးသွင်းခြင်း ရှိ၊ မရှိ စစ်ဆေးကာ မြစိမ်းရောင်စီမံကိန်းအကြောင်းကို ကျေးရွာ ရန်ပုံငွေကြီးကြပ်မှုကော်မတီများနှင့် ဆွေးနွေးခဲ့သည်။ ထို့နောက် မြေပြင်တွင် တစ်ဦးချင်း ချေးငွေဖြင့် လက်တွေ့ဆောင်ရွက်လျက်ရှိသည့် ခိုင်းနွားများနှင့် အသားတိုးဝက်များ မွေးမြူခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် အသေးစား ရောင်းဝယ်ရေးလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **ဘိုဘို(မလှိုင်)**

### နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**



သောက်သုံးရေ ခက်ခဲသောဒေသများသို့ ရေပြတ်လပ်မှုမရှိစေရန် သထုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းကြီးကြပ်မှုဖြင့်၊ သထုံမြို့ လိပ်အင်းရပ်ကွက်၊ ပိတောက်မြိုင်၌ သထုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးအောင်၊ မြို့မစခန်းမှူး ဒုရဲမှူးမောင်မောင်တို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များ မတ် ၃၁ ရက်က သောက်သုံးရေဂါလန် ၅၂၀၀ အား သွားရောက်လှူဒါန်းခဲ့ကြစဉ်။ နန္ဒကျော်စွာ

## တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်း(နေပြည်တော်)၏ ၁၀ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် စည်ကားစွာကျင်းပ

**နေပြည်တော် မတ် ၃၁**

တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်း (နေပြည်တော်) ၁၀ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်ပွဲတော်ကို မတ် ၃၁ ရက်တွင် စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပခဲ့ကြောင်း သိရသည်။

၁၀ နှစ်ပြည့်မွေးနေ့၏ ပထမရက်တွင် နိုင်ငံကျော် ပဉ္စလက်ကိုခိုင်၏ မျက်လှည့်နှင့် ဆပ်ကပ်များကို အချိန်နှစ်ပိုင်းခွဲ၍ပြသရာ အများပြည်သူများနှင့် ကလေးသူငယ်များ စိတ်ဝင်တစားကြည့်ရှုအားပေးခဲ့ကြသည်။

"ပထမရက်မှာ နိုင်ငံခြားသားခရီးသွားဧည့်သည်တွေ၊ ပြည်တွင်းခရီးသွားဧည့်သည်တွေ လာရောက်လည်ပတ်ကြပါတယ်၊ ဧည့်သည်အများစုက ငါးပြတိုက်၊ ဆင်ပြကွက်နဲ့ ပင်ဂွင်းငှက်ပြကွက်တွေကို ပိုမိုစိတ်ဝင်စားကြပါတယ်၊ တိရစ္ဆာန်ဥယျာဉ်အတွင်းမှာ ဆင်စီးလို့ရအောင်လည်း စီစဉ်ပေးထားပါတယ်"ဟု တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အုပ်ချုပ်ရေးမှူး ဦးအောင်မင်းခိုင်က ပြောသည်။

နွေရာသီအပန်းဖြေ လာကြသည့်ပြည်သူများသည် ဆင်စခန်းတွင် ဆင်စာကျွေးခြင်း၊ ပင်ဂွင်းငှက်ပြကွက်တွင် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ နက္ခတ်တာရာပြတိုက်သို့ လာရောက်လေ့လာခြင်း၊ ဆာဖာရီဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုခြင်း၊ ကလေးငယ်များသည်လည်း ကစားကွင်းတွင် ကစားခြင်းနှင့် ချစ်သူစုံတွဲများသည်လည်း ပင်လယ်ဓားပြလှေကြီးကို အတူရင်ခုန်စွာစီးရင်း စည်ကားလျက်ရှိသည်။

ငါးပြတိုက်၊ ဆင်ပြကွက်၊ ပင်ဂွင်းငှက်ပြကွက်၊ မိကျောင်းပြကွက်၊ ခြင်္သေ့ပြကွက်၊ ကျားပြကွက်၊ မြွေပြကွက်နှင့် ရေမြင်းပြကွက်တို့တွင် စိတ်ဝင်တစားလာရောက်ကြည့်ရှုသူအများဆုံးဖြစ်သည်။

ပုဂံမှ လက်ပန်းချီလာရောက် ရေးဆွဲသူ ကိုအောင်စိုးမိုးက "တိရစ္ဆာန်ဥယျာဉ်အုပ်ချုပ်ရေးမှူးရဲ့ ဖိတ်ကြားမှုကြောင့် လာရောက်ရေးဆွဲခြင်း ဖြစ်ပါတယ်၊ လက်ပန်းချီခေါ် ပုဂံရောက်အမှတ်တရပန်းချီတစ်ပုံကို ငွေကျပ် ၂၀၀၀ နဲ့ ရေးဆွဲပေးပါတယ်၊ ဆေးအနေနဲ့က ပန်းချီရေဆေးကို အသုံးပြုထားပါတယ်။ လူရဲ့အသားပေါ်မှာဆိုတော့ နှစ်ရက်လောက်သာ ဆေးမပျက်ဘဲ ကျန်ရှိနေမှာပါ၊ ရုပ်သေးရုပ်လေးတွေလည်း ရောင်းချပေးနေပါတယ်၊ နေပြည်တော်မှာရှိတဲ့ ဝန်ထမ်းတွေ၊ လက်ပန်းချီကို စိတ်ဝင်စားတဲ့ ဧည့်သည်တွေကို တော်တော်လေး ရေးဆွဲပေးရပါတယ်၊ ဧပြီ ၁ ရက်ထိ ရှိနေမှာပါ"ဟု ပြောသည်။

ရွှေဘိုမြို့မှ လာရောက်လည်ပတ်သူ မောင်ဇင်မျိုးလွင်က "တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) (၁၀)နှစ်ပြည့်မွေးနေ့လုပ်မယ်ဆိုတာ အွန်လိုင်းမှာ တွေ့လိုက်ရတာပါ၊ ပြကွက်တွေထဲက ငါးပြတိုက်ကို အကြိုက်ဆုံးပါ၊ ငါးပြတိုက်ထဲဝင်တာနဲ့ တော်တော်ကြည်နူးစရာကောင်းတယ်၊ Fish spa လည်းရှိတယ်၊ ငါးပြတိုက်ရောက်မှ ရေချိုငါးတွေထဲမှာ ဈေးကြီးပေးဝယ်ရတဲ့ ငါးတွေရှိတယ်ဆိုတာ သိရတယ်၊ နောက်တစ်ခုက ပြည်ပမှာမရှိတဲ့ မြန်မာနိုင်ငံရဲ့ဒေသမျိုးစိတ်တွေကို ဒေါ်လာနဲ့လာဝယ်တယ်ဆိုတာ ကြားရတော့ တော်တော်အံ့သြမိပါတယ်၊ ဒီနိုင်ငံမှာ အဖိုးတန်ရေချိုငါးတွေရှိတဲ့အတွက် ဂုဏ်ယူမိပါတယ်၊ အခြားပြတိုက်တွေလည်း စိတ်ဝင်စားဖို့



တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ ပင်ဂွင်းငှက်ပြခန်းတွင် စိတ်ဝင်တစားလာရောက်ကြည့်ရှုသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ကောင်းပါတယ်"ဟု ပြောသည်။

တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်း (နေပြည်တော်)သို့ ယနေ့လာရောက်လေ့လာသည့် ဧည့်သည်များဖြင့် စည်ကားနေသည်။

ဧပြီ ၁ ရက်တွင် ဒုတိယနေ့အဖြစ် Excellent Music Band တေးဂီတနှင့်အတူ Myanmar Idol အဆိုတော် Mဇော်ရိန်နှင့် တက်သစ်စ အဆိုတော် ၁၁ ဦးတို့က ညနေပိုင်းအထိ အခမဲ့သီဆိုဖျော်ဖြေသွားမည်ဖြစ်သည်။

တိရစ္ဆာန် ဥယျာဉ် (နေပြည်တော်)တွင် နို့တိုက်သတ္တဝါ ၃၉ မျိုး၊ ကျေးငှက်သတ္တဝါ ၃၅ မျိုးနှင့် တွားသွားသတ္တဝါ ကိုးမျိုး စုစုပေါင်း ၇၃၄ ကောင်ရှိကြောင်း သိရသည်။

**သတင်း-ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-ဇော်ဘီ**

# မုံရွာမြို့၌ တီဗွီမီးပလပ်ခုံအပူလွန်ကဲ၍ မီးလောင်ရာမှ နေအိမ် ၁၁ လုံး ဆုံးရှုံး

**မုံရွာ မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ရုံးကြီးရပ်ကွက် နယ်မြေ ၅ ရှိ တမာတန်းဗလီဝင်းအတွင်း မတ် ၃၀ ရက် နံနက် ၉ နာရီက မီးလောင်မှုဖြစ်၍ နေအိမ် ၁၁ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၀ ရက် နံနက် ၉ နာရီက တမာတန်းဗလီဝင်း အတွင်းနေထိုင်သော ဒေါ်မြင့်မြင့်စန်း၏ နှစ်ထပ်နေအိမ် အပေါ်ထပ်ရှိ တီဗွီမီးပလပ်ခုံအပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့ပြီး အနီးရှိ နေအိမ် ၁၀ လုံး မီးကူးစက်လောင်ခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာန သန္ဓေတပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ ရပ်ကွက်နေပြည်သူများက မီးငြိမ်းသတ်ယာဉ် ၂၀ စီး၊ ရေသယ်ယာဉ် ကိုးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုခဲ့ပြီး မီးဘေးသင့်အိမ်ထောင်စု ၂၁ စု လူဦးရေ ၇၄ ဦးအား စစ်ကိုင်းတိုင်းဒေသကြီး အားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံကြီး၌ မီးဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ အိမ်ရှင် ဒေါ်မြင့်မြင့်စန်းအား မုံရွာမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

မီးဘေးသင့်အိမ်ထောင်စုများအတွက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးစဝ်လီဖရန့်နှင့် ဝန်ထမ်းများက အိမ်ဆောက်ပစ္စည်းဖိုး တစ်အိမ်လျှင် ငွေကျပ် နှစ်သိန်းနှုန်းဖြင့် နေအိမ် ကိုးလုံးစာ အတွက်လည်းကောင်း၊ တစ်အိမ်ထောင်လျှင် ငွေကျပ် တစ်သိန်း နှုန်းဖြင့် လူနေအိမ် နှစ်လုံးစာအတွက် လည်းကောင်း စုစုပေါင်း



ငွေကျပ် သိန်း ၂၀၊ အိမ်ထောင်စု ၂၁ စုရှိ လူဦးရေ ၇၄ ဦးအတွက် ဆန် ခုနစ်ရက်စာ ထောက်ပံ့ငွေကျပ် ၁၅၅၄၀၀ နှင့် ပစ္စည်း ၁၆ မျိုးပါ ထောက်ပံ့ရေးပစ္စည်း ၂၁ စုံအား မီးဘေးသင့် အိမ်ထောင်စုများသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဝင်းဦး(ဧယျာတိုင်း)**

# မောင်တောမြို့နယ်တွင် ငွေကျပ် သိန်း ၅၈၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မတ် ၃၀ ရက် နံနက် ၇ နာရီခန့်က မောင်တောမြို့နယ် မောင်နီကျေးရွာ အနောက်ဘက် နတ်မြစ်အတွင်း လူနှစ်ဦး လှော်ခတ်လာသည့် လှေတစ်စင်းအားတွေ့၍ အချက်ပြခေါ်ယူရာ လူနှစ်ဦးမှာ လှေပေါ်မှခုန်ချ ထွက်ပြေးသွားခဲ့ပြီး လှေပေါ်၌ ကျန်ရှိသည့် လက်ဆွဲအိတ်များအား မူးယစ်တပ်ဖွဲ့စု ၄၆ မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ တန်ဖိုးငွေကျပ် သိန်း ၅၈၈၀ ခန့်ရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၄၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၁၀ နာရီ ၁၅ မိနစ် က မူးယစ်တပ်ဖွဲ့စု ၂ မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်လမ်းတွင် မခင်နွယ်ဝင်းနှင့် ဇေယျာစိုးတို့အား ရှာဖွေရာ မခင်နွယ်ဝင်း၏ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၊ ဘိန်းဖြူဆပ်ပြာခွက် ငါးခွက် (ဘိန်းဖြူအလေးချိန် ၆၀ ဂရမ်) နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စလင်းမြို့နယ် ချောင်းကောက်ရွာ၌ မီးလောင်မှုဖြစ်

**စလင်း မတ် ၃၁**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ချောင်းကောက်ကျေးရွာ၌ မတ် ၃၀ ရက်က မီးလောင်မှုဖြစ်၍ နွားတင်းကုပ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ချောင်းကောက်ကျေးရွာနေ ဦးသိန်းမြင့် (၆၇ နှစ်)၏ နေအိမ်ဝင်းအတွင်း မတ် ၃၀ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်က နွားစာစဉ်းခုံ၌ တပ်ဆင်ထားသော ကူဘိုတာစက်အိတ်ဇောမှ မီးပွားလွင့်စဉ်ကာ ကောက်ရိုးပုံပေါ်ကျ၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ဆင်ဖြူကျွန်းမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးတိတု၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ စလင်းမီးသတ်စခန်းမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ငြိမ်းသတ်ရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။ မီးလောင်မှုကြောင့် နွားတင်းကုပ်တစ်လုံးနှင့် နွားစာစဉ်းစက်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့သဖြင့် ဦးသိန်းမြင့်အား ဆင်ဖြူကျွန်းမြို့ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# မြိတ်မြို့တွင် BA-100 ဗုံးသီးဟောင်း ၄၃ လုံး၊ ၆၀ မမ ရှေးဟောင်းပုံစံဗုံးသီး တစ်လုံး၊ ကျည်ခွံများ တွေ့ရှိ

**မြိတ် မတ် ၃၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု တက္ကသိုလ်ရပ်ကွက် ကုန်းမြင့်သာယာလမ်းနေ ဦးမျိုးဝင်း ပိုင်ဆိုင်သည့် အလျား ပေ ၄၀၊ အနံ ပေ ၅၀ ရှိ မြေကွက်တွင် မတ် ၃၁ ရက် နံနက် ၁၀ နာရီခန့်က တိုက်ဆောက်ရန်အတွက် ဖောင်ဒေးရှင်းပြုလုပ်ရန် မြေတူးဖော်စဉ် ဗုံးသီးဟောင်း ၄၄ လုံးနှင့် ကျည်ခွံ လေးခု တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ဖြစ်စဉ်မှာ မြေကွက်လပ်တွင် ပန်းရန်ဆရာ ဦးသန်းလှိုင်ပါ လေးဦးသည် တိုက်ဆောက်ရန်အတွက် ဖောင်ဒေးရှင်း ပြုလုပ်ရန် မြေတူးဖော်စဉ် ဗုံးသီးဟောင်း ၂၀ လုံးကို တွေ့ရှိခဲ့ရသဖြင့် သက်ဆိုင်ရာသို့ သတင်းပို့ခဲ့ရာ မြိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမင်း၊ တပ်ဖွဲ့ဝင်များနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ နယ်မြေခံတပ်မှ ဗိုလ်မှူးထွန်းထွန်းဦးပါ ခုနစ်ဦးတို့က မြေကွက်အား ဆက်လက်တူးဖော်ရှင်းလင်း ဆောင်ရွက်ခဲ့ကြရာ အချင်း ၈ လက်မ၊ အရှည် ၁၀ လက်မရှိ BA-100 ဗုံးသီးဟောင်း ၂၂ လုံး၊ အချင်း ၁၀ လက်မ၊ အရှည် ၁၀ လက်မရှိ ၆၀ မမ ရှေးဟောင်းပုံစံဗုံးသီး တစ်လုံး၊ ပွိုင့် ၅ ကျည်ခွံ လေးခုတို့အား ထပ်မံတူးဖော်တွေ့ရှိခဲ့သည်။ စုစုပေါင်း BA-100 ဗုံးသီးဟောင်း ၄၃ လုံး၊ အချင်း ၁၀ လက်မ၊ အရှည် ၁၀ လက်မရှိ ၆၀ မမ ဗုံးသီး တစ်လုံး၊ ပွိုင့် ၅ ကျည်ခွံ လေးခုတို့အား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် နယ်မြေခံတပ်ရင်းသို့ သယ်ဆောင်သွားကြကြောင်း မြိတ်ခရိုင်ရဲတပ်ဖွဲ့မှ သိရသည်။

**ခိုင်ထူး(မြန်/ဆက်)**

# လောင်းလုံးမြို့နယ်၌ ၃၈ ဗို့ကျည် ၂၅ တောင့် သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၃၁**

လောင်းလုံးမြို့နယ် ညှင်းမော်ကျေးရွာ အနောက်ဘက် နှစ်မိုင်ခန့်အကွာ ဆီအုန်းခြံအတွင်း၌ မတ် ၃၀ ရက် မွန်းတည့် ၁၂ နာရီက မောင်စိုးပိုင်ဦး(၁၆နှစ်)သည် တောကြက်ဥ လိုက်လံရှာဖွေစဉ် ဆီအုန်းပင်ခြေရင်းတွင် ဆီအုန်းရွက်ဖုံးလျက် ကျည်ဆန်များ တွေ့ရှိကြောင်း သိရသည်။

အဆိုပါ သတင်းအရ လောင်းလုံးမြို့မရဲစခန်းမှူး ဦးစီးသည့်အဖွဲ့က သွားရောက်စစ်ဆေးရာ စက္ကူဘူးအတွင်းမှ ၃၈ ဗို့ ကျည် ၂၅ တောင့်အား တွေ့ရှိသဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# တားမြစ်ထားသော ဧရိယာအတွင်း ငါးဖမ်းနေသော ငါးဖမ်းရေယာဉ်တစ်စင်းကို ဖမ်းဆီးရမိ

**ဟိုင်းကြီးကျွန်း မတ် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့အနီးရှိ ပင်လယ်ပြင်၌ တားမြစ်ထားသောဧရိယာအတွင်း မတ် ၃၁ ရက်က ငါးဖမ်းနေသော စည်းကမ်းပျက် ငါးဖမ်းရေယာဉ်တစ်စင်းအား စစ်ရေယာဉ်တစ်စင်းက ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့ ပမ္မဝတီရေတပ်စခန်းဌာနချုပ် လက်အောက်ရှိ ဗိုလ်မှူးမျိုးသက်ဦးဆောင်သော စစ်ရေယာဉ်မှာ ပင်လယ်ပြင်အတွင်း တာဝန်ထမ်းဆောင်နေစဉ် မော်တင်စွန်း၏ အနောက်တောင်ဘက် ၄ ဒသမ ၅ မိုင်ခန့်အကွာ တားမြစ်ဧရိယာအတွင်း ရေယာဉ်တစ်စင်းအား မသင်္ကာဖွယ်တွေ့ရှိရ၍ သွားရောက်စစ်ဆေးရာ အလျား ၈၅ ဒသမ ၉ ပေ၊ အနံ ၂၁ ဒသမ ၈၃ ပေ၊ ရေစူး ရှစ်ပေရှိ သစ်သားကိုယ်ထည်ဖြင့် ပြုလုပ်ထားသော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အမှတ် ၄ ဈေးလမ်းတင်ပြင်ရပ်ရှိ ဦးစန်းတင့် ပိုင်ဆိုင်သည့် ခိုင်ထွန်းခိုင် ၉ ရေယာဉ်အား ရေလုပ်သား ၁၈ ဦးနှင့်အတူ ငါးဖမ်းနေသည်ကို တွေ့ရှိ၍ ဖမ်းဆီးခေါ်ဆောင်လာပြီး ဟိုင်းကြီးကျွန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



# ရွှေယာဉ်ကို ကျော်တက်စဉ် အရှိန်လွန်၍ ချောက်ထဲကျ တစ်ဦး သေဆုံးပြီး ၁၂ ဦး ဒဏ်ရာရ

**နေပြည်တော် မတ် ၃၁**

ဟိုပုံးမြို့နယ် ဟိုပုံး-မိုင်းပွန်ကားလမ်း မိုင်တိုင်အမှတ် ၁၄၀/၁-၂ ကြား၌ မတ် ၃၀ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က ယာဉ်တစ်စီး အရှိန်လွန်ချောက်ထဲကျ၍ တစ်ဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၀ ရက် နံနက်ပိုင်းက ဟိုပုံးမှ မိုင်းပွန်သို့ ဟိုပုံးမြို့နယ် ဒုံလိတန်ကျေးရွာနေ ဦးမတ်(၇၁ နှစ်)မောင်းနှင်ပြီး ဦးချို(၄၈ နှစ်)ပါ ၁၂ ဦး လိုက်ပါလာသည့် 2J/---- ဟိုက်ဂျက်ယာဉ်သည် လားရာတူ ရှေ့မှ မောင်းနှင်သော ယာဉ်ကို ကျော်တက်စဉ် မျက်နှာချင်းဆိုင်မှ 9I/---- ကင်တာယာဉ်အား ရှောင်တိမ်းလိုက်ရာ လမ်းဝဲဘက် ပေ ၅၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ဦးချိုတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားပြီး ယာဉ်မောင်း ဦးမတ်ပါ ၁၂ ဦးတို့တွင် (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သဖြင့် ဦးမတ်အား ဟိုပုံးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

**ကိုရဲ**

# ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ စစ်ဆေးရှာဖွေရာမှ အထောက်အထားမတင်ပြနိုင်သည့် ကင်ဘိုဟန်းဆက်များ ဖမ်းမိ

**နေပြည်တော် မတ် ၃၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၉၈ စီး၊ သွင်းကုန် ၉၀၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး ၊ သွင်းကုန် ၁၆၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၃၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၉ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၀၁၁ သန်းခန့် စုစုပေါင်းတားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၀၀၁ သန်းခန့်အား ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၃၀ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် တိုယိုတာမတ်တူး မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကင်ဘိုဟန်းဆက် အလုံး ၇၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဗန်းမောက်မြို့နယ်အတွင်း တရားမဝင် နွား ၁၈ ကောင် ဖမ်းဆီးရမိ

**ဗန်းမောက် မတ် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံကပ်ကျေးရွာအနီး ခန်းပတ်တောင်ပေါ်မှ တရားမဝင် နွား ၁၈ ကောင်ကို ပိုင်ရှင်နှင့်အတူ ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၃၁ ရက် နံနက် ၃ နာရီခန့်က ဗန်းမောက်မြို့မရဲစခန်းမှ နယ်ထိန်းရဲအုပ်အေးမြင့်ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဗန်းမောက်မြို့နယ် ခန်းပတ်တောင်ပေါ်မှ တရားမဝင်နွား ၁၈ ကောင်နှင့်အတူ အောင်ငွေပါ ငါးဦးကို တွေ့ရှိစဉ် ကျန်လူလေးဦးမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

နွားပိုင်ရှင် အောင်ငွေအား စစ်မေးရာ အဆိုပါ နွားများသည် နယ်ကျော်သယ်ယူခွင့် အထောက်အထားမပါရှိဘဲ ပင်လည်ဘူးမြို့နယ် ကော်တာကျေးရွာမှဝယ်ယူခဲ့ပြီး ဗန်းမောက်မြို့နယ်မှတစ်ဆင့် ကချင်ပြည်နယ်သို့ ပို့ဆောင်မည့် တရားမဝင် နွားများဖြစ်ကြောင်း သိရှိရသဖြင့် နွားများ မောင်းနှင်လာသော အောင်ငွေ သာယာကုန်းကျေးရွာ မိုးညှင်းမြို့နယ်နေသူနှင့် အဖွဲ့အား ဗန်းမောက်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှုအောင်(ကသာ)**

# ပါလက်စတိုင်းပြည်သူများ ရာမလာနှင့် အခြားအနောက်ဘက်ကမ်းဒေသများတွင် ဆက်လက်ဆန္ဒပြ

**ရာမလာ မတ် ၃၁**
ရာပေါင်းများစွာသော ပါလက်စတိုင်းပြည်သူများသည် ရာမလာနှင့် အခြားအနောက်ဘက်ကမ်းဒေသ မြို့များ၏ ချီတက်ဆန္ဒပြပွဲများတွင် မတ် ၃၀ ရက်က ပါဝင်ခဲ့ကြောင်း၊ (၄၂) ကြိမ်မြောက် အမျိုးသား မြေယာဆန့်ကျင်ရေးနေ့အဖြစ် အစ္စရေးတို့၏ မြေယာရယူခြင်းမူဝါဒများကို ဆန့်ကျင်ပြီး ဆက်လက်ဆန္ဒပြခဲ့ကြခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။

၎င်းတို့အနက် ဒါဇင်ပေါင်းများစွာမှာ အစ္စရေးတပ်ဖွဲ့များ၏ ခတ်ငွေ့ပုံးများ၊ ရော်ဘာထိပ်ဖူးတပ် ကျည်ဆန်များနှင့် ကျည်ဆန်အစစ်များကြောင့် ဒဏ်ရာရရှိခဲ့ကြကြောင်း သိရသည်။

ချီတက်ဆန္ဒပြသူများက ၎င်းတို့သည် ရှေ့လာမည့်အပတ်များတွင် လည်း ဆက်လက် စုဝေးဆန္ဒပြကြဦးမည်ဖြစ်ကြောင်း၊ အမေရိကန်တို့၏ ဂျေရုဆလင်အဖြစ် ကင်ပွန်းတပ်ခြင်းကို ကန့်ကွက်ကြောင်းနှင့် အစ္စရေးလွတ်လပ်ရေးနေ့တွင် သံရုံးရွှေ့ခြင်းကိုလည်း ဆန့်ကျင်ကြောင်း၊ သုံးပုံပုံ နှစ်ပုံလောက်သော ပါလက်စတိုင်းများသည် ၎င်းတို့၏ ဇာတိမြို့များမှ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း ပြောကြားခဲ့သည်။

အစ္စရေးတပ်ဖွဲ့ဝင်များ၏ တုံ့ပြန်မှုများသည် အန္တရာယ်ရှိသော်လည်း ငြိမ်းချမ်းသောနည်းဖြင့် ခုခံဆန္ဒပြသွားမည်ဖြစ်ကြောင်း ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့မှ အကြီးတန်းအရာရှိတစ်ဦး ဖြစ်သူ မူစတာဖာ ဘာကိုတီက ပြောကြားခဲ့သည်။ ပါလက်စတိုင်းများသည် စုစုစည်းစည်းဖြင့် ငြိမ်းချမ်းစွာ ဆက်လက်ဆန္ဒပြရန် ကြိုးစားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

အစ္စရေးတပ်ဖွဲ့များသည် တကယ့်ကျည်ဆန်အစစ်များနှင့် ရော်ဘာထိပ်ဖူးတပ်ကျည်ဆန်များဖြင့် ပါလက်စတိုင်းဆန္ဒပြသူများကို ပစ်ခတ်ခဲ့ကြောင်း ဆေးအဖွဲ့က ပြောခဲ့သည်။ **ဆင်ဟွာ**



# တရုတ်နိုင်ငံ ရှန်ဟိုင်း၌ မောင်းသူမဲ့ရထားလိုင်းသစ် စမ်းသပ်ပြေးဆွဲ

**ရှန်ဟိုင်း မတ် ၃၁**
တရုတ်နိုင်ငံ ရှန်ဟိုင်း၌ မောင်းသူမဲ့ ရထားလိုင်းသစ်တစ်လိုင်းကို မတ် ၃၁ ရက်က စမ်းသပ်ပြေးဆွဲခဲ့သည်။

အဆိုပါအလိုအလျောက် ရွေ့လျားစနစ်မောင်းသူမဲ့ ရထားလိုင်းသစ်သည် အလျား ၆ ဒသမ ၇ ကီလိုမီတာရှိပြီး ဟူဆန်လမ်းရှိ ပူဂျန်လိုင်း၊ ရှန်ဒုအဝေး ပြေးဘူတာတို့နှင့် ချိတ်ဆက်ထားကြောင်း သိရသည်။ ခရီးသည်များအနေဖြင့် လိုင်းနံပါတ် ၈ သို့ ကူးပြောင်းစီးနိုင်ကြောင်းနှင့် ဘူတာရုံခြောက်ခုရှိကြောင်း သိရသည်။



လူစီးတွဲများတွင် အခန်းကူးတံခါးများ၊ အရေးပေါ်သတိပေးချက်များ၊ မီးခိုးငွေ့အချက်ပြခြင်းများနှင့် အရေးပေါ်ဘရိတ်များ တပ်ဆင်ထားကြောင်း သိရသည်။

အဆိုပါရထားလိုင်းကို တာဝန်ယူလုပ်ကိုင်သည့် ရှန်ဟိုင်းကီအိုလစ်သည် ရှန်ဟိုင်းရှန်တုံမက်ထရိုဂရုပ်ဖ်နှင့် ပြင်သစ်အခြေစိုက်ကီအိုလစ်တို့ ပူးပေါင်းလုပ်ဆောင်ခြင်း ဖြစ်သည်။

အလေးချိန်ပေါ့ပါးသည့် ပုံစံနှင့် အသိဉာဏ်စွမ်းအင် စီမံခန့်ခွဲမှုစနစ်တို့ကို ထည့်သွင်းထားသော မောင်းသူမဲ့ရထားများသည် သာမန်ရထားများနှင့် နှိုင်းယှဉ်ပါက စွမ်းအင်ချွေတာနိုင်မည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရော်ဘာတာယာများကို အသုံးပြုထားသည့်အတွက် ရထားပြေးဆွဲရာတွင် မြန်ဆန်ပြီး အသံဆူညံမှုကိုလည်း ထိန်းချုပ်ထားကြောင်း သိရသည်။

အလိုအလျောက်မောင်းနှင်စနစ်ကို ကမ္ဘာတစ်ဝန်း၌ တွင်ကျယ်စွာ အသုံးပြုနေပြီး ယခင်က မြို့တော်ပေကျင်းနှင့် ကွမ်ကျိုးမြို့တို့၌ မိတ်ဆက်အသုံးပြုခဲ့ပြီဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ထိုင်းနိုင်ငံ၌ မြန်နှုန်းမြင့်ရထားလမ်းများ တည်ဆောက်မည်

**ဗန်ကောက် မတ် ၃၁**
ထိုင်းနိုင်ငံ မြို့တော် ဗန်ကောက်နှင့် နိုင်ငံမြောက်ပိုင်း ချင်းမိုင်မြို့ အရှေ့မြောက်ဘက်ရှိ နွန်ခိုင်းမြို့၊ အရှေ့တောင်ဘက်ရှိ ရာရွန်မြို့နှင့် တောင်ဘက်ရှိ ပါဒန်ဘီဆာမြို့တို့ကို ဆက်သွယ်မည့် မြန်နှုန်းမြင့် ရထားလမ်းအရှည် ၂၅၀၆ ကီလိုမီတာအား ၂၀၃၆ ခုနှစ်နောက်ဆုံးထားကာ တည်ဆောက်သွားမည်ဖြစ်ကြောင်း မတ် ၂၉ ရက်က ကျင်းပသော Rail Asia Expo & RISE Symposium ပညာရှင်များ ညှိနှိုင်းပွဲတွင် ထိုင်းနိုင်ငံအစိုးရ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ပို့ဆောင်ရေးနှင့် ခရီးသွားလာမှုမူဝါဒနှင့် စီမံချက်ရုံးမှ ရထားလမ်းစီမံချက်ဖွံ့ဖြိုးမှုအရာရှိ ဆူဖာလပ်ဆူဒ္ဒိုက်ပရာဆတ်က ထိုကဲ့သို့ ပြောကြားလိုက်ခြင်း ဖြစ်သည်။

ပထမဆုံးမြန်နှုန်းမြင့်ရထားလမ်းဖြစ်သည့် ဗန်ကောက်-နွန်ခိုင်မြန်နှုန်းမြင့်ရထားလမ်းကို တရုတ်နိုင်ငံနှင့် ပူးပေါင်း၍ ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် စတင်ဖောက်လုပ်လျက်ရှိသည်။ ထိုင်းနိုင်ငံ၏ မြန်နှုန်းမြင့်ရထားလမ်းစီမံကိန်းလေးခုကို စီမံကိန်းကာလသုံးခုပိုင်းခြားကာ ၂၀၃၆ ခုနှစ်အပြီးတည်ဆောက်သွားမည်ဖြစ်ရာ ကုန်ကျငွေဘတ် ၁ ဒသမ ၅၇ ထရီလီယံ(အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ခန့်) ရှိမည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ၂၃ နိုင်ငံမှ သံတမန်များကို ရုရှားနှင်ထုတ်

**မော်စကို မတ် ၃၁**
အမေရိကန်နိုင်ငံနှင့် အနောက်အုပ်စုနိုင်ငံ အစိုးရများ၏ ရုရှားအပေါ်ရန်လိုသည့် အရေးယူဆောင်ရွက်မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် ရုရှားအစိုးရက နိုင်ငံအတွင်း တာဝန်ထမ်းဆောင်နေသော အဆိုပါ ၂၃ နိုင်ငံမှ သံအမတ်များကို နှင်ထုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးများက မကြာမီကြေညာခဲ့သည်။

ရုရှားနိုင်ငံက တုံ့ပြန်ပြည်နှင်ဒဏ်ပေးခဲ့သည့် သံတမန်ဝန်ထမ်းများမှာ ဩစတြေးလျ၊ အယ်လ်ဘေးနီးယား၊ ဂျာမနီ၊ ဒိန်းမတ်၊ အိုင်ယာလန်၊ စပိန်၊ အီတလီ၊ ကနေဒါ၊ လတ်ဗီးယား၊ လစ်သူရေးနီးယား၊ မက်ဆီဒိုးနီးယား၊ မော်လ်ဒိုဗာ၊ နယ်သာလန်၊ နော်ဝေး၊ ပိုလန်၊ ရိုမေးနီးယား၊ ယူကရိန်း၊ ဖင်လန်၊ ပြင်သစ်၊ ခရိုအေးရှား၊ ချက်၊ ဆွီဒင်၊ အက်စတိုးနီးယားတို့မှ ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ဘယ်လ်ဂျီယံ၊ ဟန်ဂေရီ၊ ဂျော်ဂျီယာနှင့် မွန်တီနီဂရိုးနိုင်ငံတို့သည်လည်း အထက်ပါနိုင်ငံများနှင့် ပူးပေါင်းရန် ဆုံးဖြတ်ခဲ့သည့်အတွက် ၎င်းတို့ကိုလည်း အရေးယူသွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**

# တရုတ်နှင့် ထိုင်းအဆင့်မြင့်ခေါင်းဆောင်များ အမြင်ချင်းဖလှယ်

**ဟန္နွိုင်း မတ် ၃၁**
တရုတ်နိုင်ငံတော် ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် ဗီယက်နမ်နိုင်ငံ ဟန္နွိုင်းမြို့၌ ကျင်းပသော မဟာမဲခေါင်ဒေသခွဲစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုခြောက်ကြိမ်မြောက် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများတွင် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာကို တွေ့ဆုံခဲ့ကြောင်း သိရသည်။

ထိုသို့ တွေ့ဆုံစဉ် ဝမ်ယိက ထိုင်းနိုင်ငံသည် ကမ္ဘာနှင့်ဒေသတွင်းရေးရာများတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင်လျက်ရှိကြောင်းနှင့် ထိုင်းနိုင်ငံ၏ လူမှုရေးတည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း ချီးကျူးကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် တရုတ်နိုင်ငံအနေဖြင့် ထိုင်းနိုင်ငံနှင့် အဆင့်မြင့်ဖလှယ်မှုများ ပြုလုပ်ခြင်း၊ တရုတ်- ထိုင်းမြန်နှုန်းမြင့်ရထားလမ်းတည်ဆောက်ခြင်းအား မြှင့်တင်ခြင်း၊ ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ခြင်းနှင့် ထိုင်းအရှေ့ စီးပွားရေးစင်္ကြံတိုးတက်ရေးအတွက်သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှု အလားအလာရှာဖွေခြင်း စသည်တို့အား ဆက်လက်လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာကလည်း ထိုင်း- တရုတ် ပူးပေါင်းဆောင်ရွက်မှုအဖြစ် ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် အရေးပါသော အောင်မြင်မှုကို မြင်တွေ့ခဲ့ရပါကြောင်း ပြောကြားခဲ့သည်။

ထို့အပြင် ထိုင်းနိုင်ငံအနေဖြင့် လာမည့်နှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်ဖြစ်ပြီး အာဆီယံ- တရုတ်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် တရုတ်နိုင်ငံ၏ အပြုသဘောဆောင် ထောက်ပံ့မှုများကိုလည်း မျှော်လင့်ပါကြောင်း ပရာယွတ်က ပြောကြားခဲ့သည်။ **ဆင်ဟွာ**



နိုင်ငံတကာ သတင်းတိုထွာ

## အိုင်အက်စ်အဖွဲ့နှင့် ဆက်နွယ်သည့် မော်ရိုကို အမျိုးသားကို ဖမ်းဆီး

ရောမ မတ် ၃၁

အိုင်အက်စ်အစွန်းရောက် အဖွဲ့အစည်းနှင့် ပတ်သက်သည့် မော်ရိုကို အမျိုးသားတစ်ဦးကို မကြာသေးမီက အီတလီနိုင်ငံ မြောက်ပိုင်း တူရင်မြို့တွင် ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိသူ အမျိုးသားမှာ မော်တော်ယာဉ်တစ်စီးအား တိုက်ခိုက်ရန် စီစဉ်လျက်ရှိပြီး တစ်ကိုယ်တည်းလှုပ်ရှားသူတစ်ဦးဖြစ်ကာ အကြမ်းဖက်သမားများကို ဆက်သွယ်ချိတ်ဆက်နေသည်ဟု အီတလီရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါအမျိုးသားကို ဖမ်းဆီးခဲ့ပြီးနောက် နိုင်ငံတော်အကြမ်းဖက်နှိမ်နင်းမှု မဟာဗျူဟာဆန်းစစ်ရေးကော်မတီ အရေးပေါ် အစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါအစည်းအဝေးတွင် လူစုလူဝေးနေရာများတွင် လုံခြုံရေးတိုးမြှင့်ချထားရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။ ယခုအခါတွင် အကြမ်းဖက်အန္တရာယ် အလွန်ဆိုးရွားနေဆဲဖြစ်ရာ အစိုးရသစ်အနေဖြင့် နိုင်ငံအတွင်းမှ အကြမ်းဖက်သမားများကို ဆက်လက်ဖယ်ရှားမှုများ ပြုလုပ်ရန် မျှော်မှန်းထားကြောင်း အီတလီ ပြည်ထဲရေးဝန်ကြီး မင်နီတီက ပြောကြားခဲ့သည်။

မတ် ၂၇ ရက်ကလည်း အီတလီ အရှေ့တောင်ပိုင်း ဖော်ဂျီယာမြို့တွင် အီဂျစ်လူမျိုးအီတလီနိုင်ငံသား ကျောင်းဆရာတစ်ဦးက ကျောင်းသားများကို ဘာသာရေးအတွက် စတေးရန် တိုက်တွန်းလှုံ့ဆော်နေသောကြောင့် ရဲတပ်ဖွဲ့မှ ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း သိရသည်။

ယခုအခါတွင် ဥရောပတိုက်တစ်ခွင်လုံး အကြမ်းဖက်တိုက်ဖျက်ရေး အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ **ဆင်ဟွာ**

## တရုတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး ရုရှားနှင့် ဘယ်လာရုစ်နိုင်ငံသို့ သွားရောက်မည်

ပေကျင်း မတ် ၃၁

တရုတ်နိုင်ငံ နိုင်ငံတော် ကောင်စီဝင်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး ဝေဘုန်းဟယ်သည် ရုရှားနိုင်ငံသို့ သတ္တမအကြိမ်မြောက် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ မော်စကို ညီလာခံတက်ရောက်ရန်နှင့် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ဘယ်လာရုစ်နိုင်ငံတို့သို့လည်းကောင်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သည် ဧပြီ ၁ ရက်မှ ၈ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။တရုတ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးအနေဖြင့် အဆိုပါနိုင်ငံများသို့ ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး ဆာဂျီရှိုင်ဂုနှင့် ဘယ်လာရုစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး အန်ဒရီ ရက်ဗ်ကော့တို့၏ ဖိတ်ကြားချက်ဖြင့် သွားရောက်ခြင်းဖြစ်ကြောင်း သိရသည်။ တရုတ်ကာကွယ်ရေးဝန်ကြီး၏ အဆိုပါခရီးစဉ်သည် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံ တပ်မတော်များကြား ခိုင်မာသော လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများအတွက် အကူအညီဖြစ်မည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# ဆီးရီးယား ... ပြီးဆုံးတော့မယ့် စစ်ပွဲလား

**တင်လင်းအောင်**



သူပုန်တွေအတွက် ဆီးရီးယားအရှေ့ပိုင်း မြို့တော် ဂူတာမှာရှိတဲ့ သူတို့ရဲ့နောက်ဆုံး ခြေကုပ်ယူထားတဲ့နေရာမှ ဆုတ်ခွာပေးရေးနဲ့ပတ်သက်တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေကို လက်ခံဖို့ ဖိအားတွေ တစ်စတစ်စ မြင့်တက်လာခဲ့ပါတယ်။ အတိုက်အခံတိုက်ခိုက်ရေးသမားထောင်ပေါင်းများစွာနဲ့ အရပ်သားတွေဟာ ဂူတာရှိ သူပုန်တွေရဲ့ခံတပ်တွေကို ထွက်ခွာစေဖို့ သဘောတူခဲ့ကြပါတယ်။

ဆီးရီးယားတပ်ဖွဲ့တွေဟာ ဂူတာရဲ့ ၉၀ ရာခိုင်နှုန်းကျော်ကို ပြန်လည်ရယူနိုင်ခဲ့သလို သူပုန်တွေကို သူတို့နေရာမှ ဆုတ်ခွာဖို့အရေး ရုရှားနဲ့ ညှိနှိုင်းထားတာကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရုရှားဟာ ဒမတ်စကတ်အနီးကနယ်မြေတွေကို တတိယနဲ့ နောက်ဆုံးအနေနဲ့ ခြေကုပ်ယူထိန်းချုပ်ထားတဲ့ ဂျေ့အယ်လ်အစ္စလာမ်ခေါ် သူပုန်ဂိုဏ်းတစ်ခုကိုလည်း အဲဒီနေရာကထွက်ခွာသွားဖို့ သဘောတူ ညှိနှိုင်းမှုတွေကိုလည်း လုပ်နိုင်ခဲ့ပါတယ်။

ဂျေ့အယ်လ်အစ္စလာမ်ခေါ် သူပုန်ဂိုဏ်းတစ်ခုဟာ ဂူတာရဲ့ အကြီးဆုံးမြို့ ဒိုမာကို ခြေကုပ်ယူထိန်းချုပ်ထားတာ ဖြစ်ပါတယ်။ အခြားဖွတ်ဖွတ်ညက်ညက်ကြေနေတဲ့ ဒေသတွေက ရွှေ့ပြောင်းလာတဲ့ သူတွေနဲ့ ပြည့်နေတဲ့ အဲဒီမြို့လေးမှာ စုစုပေါင်းလူဦးရေ နှစ်သိန်းလောက်အထိ ရှိပါတယ်။

ဂျေ့အယ်လ် အစ္စလာမ်အဖွဲ့ဟာ အဲဒီနေရာလေးကို လူတွင်ကျယ်လုပ်ခိုလှုံဖို့ ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ သို့သော်လည်း သူတို့ဟာ အခုအခါမှာတော့ အလုံးအရင်းနဲ့တိုက်ခိုက်ချေမှုန်းမှုတွေကို ရင်ဆိုင်နေရပါတယ်။ ဆီးရီးယား တပ်ဖွဲ့ဝင်တွေဟာ ဂူတာရဲ့ အနီးတစ်ဝိုက်ဒေသတွေကို မတ် ၂၈ ရက်က ဒုတိယနေ့အဖြစ် ချီတက်တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တယ်လို့ ဆီးရီးယားနေ့စဉ်သတင်းတစ်ခုဖြစ်တဲ့ အယ်လ်ဝဲတန်မှာ ဖော်ပြခဲ့ပါတယ်။

ထို့အပြင် ဆီးရီးယားတပ်ဖွဲ့တွေဟာ ဂျေ့အယ်လ်အစ္စလာမ်အဖွဲ့ကို ဒိုမာကနေထွက်ခွာသွားဖို့အရေး သဘောတူညှိနှိုင်းမှုတွေကို လက်ခံဖို့ ဖိအားပေးတဲ့အနေနဲ့ အဲဒီဒေသအနီးတစ်ဝိုက်ကိုလည်း စောင့်ကြပ်လျက်ရှိပါတယ်။ ထို့အတူပဲ အဲဒီလက်နက်ကိုင်ဂိုဏ်းဟာ ဒေသခံတွေရဲ့ဖိအားပေးမှုတွေကိုလည်း ခံနေရပါတယ်။

ဒေသခံတွေဟာ အဆောက်အအုံတွေ ပျက်နေတဲ့ လမ်းတစ်လျှောက် ချီတက်ပြီး ဂျေ့အယ်လ်အစ္စလာမ်အဖွဲ့ ဖမ်းဆီးထားတဲ့ လူတွေကို လွှတ်ပေးဖို့ တောင်းဆိုခဲ့ကြပါတယ်။ ထို့အတူ ရုရှားနဲ့ သဘောတူထားတဲ့ သဘောတူညီချက်ဟာ အလုပ်ဖြစ်၊ မဖြစ်လည်း လေ့လာစောင့်ကြည့်လျက်ရှိတယ်လို့ ဆိုပါတယ်။

ဂျေ့အယ်လ် အစ္စလာမ်အဖွဲ့ဟာ ရုရှားနဲ့ သဘောတူညီချက်တစ်ခုရဖို့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီသဘောတူညီချက်က ဘာလဲဆိုတော့ ဂျေ့အယ်လ် အစ္စလာမ်အဖွဲ့ဝင်တွေဟာ ဒိုမာမှာနေပြီးတော့ အစိုးရအနေနဲ့ ရေနဲ့ လျှပ်စစ်ဓာတ်အားတွေ ပြန်လည်ဖြန့်ဝေဖို့ပဲ ဖြစ်ပါတယ်။

ဆီးရီးယားအစိုးရ တပ်ဖွဲ့ဝင်တွေ မဟုတ်ဘဲ ရုရှားအာဏာပိုင်တွေအနေနဲ့တော့ အဲဒီမြို့မှာ ဆက်လက်တည်ရှိနေဦးမှာ ဖြစ်ပါတယ်။ သို့သော်လည်း ညှိနှိုင်းဆွေးနွေးမှုဟာ အထစ်ထစ်အငေါ့ငေါ့တွေ ဖြစ်ခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ ဂျေ့အယ်လ် အစ္စလာမ်အဖွဲ့က ဆီးရီးယားအာဏာပိုင်တွေအနေနဲ့ သူတို့ကို အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့နဲ့ ဒိုမာဒေသခံတွေကိုလည်း နိုင်ငံတစ်ဝန်း အပိတ်အပင် အတားအဆီးမရှိ ခရီးသွားလာခွင့်ပြုရေးတို့ကို တောင်းဆိုခဲ့တာကြောင့် ဆွေးနွေးပွဲ အထစ်ထစ်အငေါ့ငေါ့တွေ ဖြစ်ခဲ့တာပါ။

မတ် ၂၆ ရက်မှာ အဆုံးသတ်ခဲ့တဲ့ သူတို့အစည်းအဝေးမှာ ရုရှားက ဂျေ့အယ်လ်အစ္စလာမ်အဖွဲ့ကို ရွေးချယ်မှုနှစ်ခုပေးခဲ့ပါတယ်။ အဲဒါကတော့ လက်နက်ချ အညံ့ခံမလား ဒါမှမဟုတ် တိုက်မလားဆိုတာပဲ ဖြစ်ပါတယ်။

အဲဒီဒေသမှာ နောက်ထပ်ပုံးကြဲမှုတွေ ဆက်လက်ပြုလုပ်နေတာကြောင့် ဒေသခံ ရာပေါင်းများစွာဟာ လူသားချင်းစာနာမှုဆိုင်ရာ လမ်းကြောင်းတွေကတစ်ဆင့် ဒိုမာကနေပြီးတော့ အစိုးရအချုပ်အခြာပိုင်နယ်မြေကို ပြေးလာကြပါတယ်လို့ နိုင်ငံပိုင်သတင်းမှာ ဖော်ပြခဲ့ပါတယ်။

ဂူတာမှာ ခြောက်နှစ်ကြာ မင်းမူစိုးမိုးလာတဲ့ သူပုန်တွေကို အမြစ်မြေလှန်ရှင်းလင်းဖို့ဆုံးဖြတ်ချက်ချလိုက်တဲ့အချိန်ကစလို့ သမ္မတဘတ်ရှာအယ်လ်အာဆတ်ဟာ စစ်ဆင်ရေးတွေဆင်နွှဲခဲ့တာ ဖြစ်ပါတယ်။ သူဟာအဲလိုချေမှုန်းတဲ့နေရာမှာ သွေးခွဲသူလျှိုနည်းတွေကို သုံးခဲ့ပါတယ်။ အဲဒီအချိန်မှာ ရုရှားဟာ ဒေသတစ်ခုစီမှ ခေါင်းဆောင်တစ်ဦးချင်းစီနဲ့ စေ့စပ်ညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။

ပထမ သဘောတူညီချက်မှာ ၄၅၀၀ လောက်ရှိတဲ့ ခေါင်းမာတဲ့သူပုန်တွေနဲ့ အရပ်သားတွေဟာ ဟာရာစတာမြို့မှ ထွက်ခွာပြီး အတိုက်အခံအင်အားစုတွေ ထိန်းချုပ်ထားတဲ့ ဆီးရီးယားနိုင်ငံ မြောက်ပိုင်း အီဒလစ်ပြည်နယ်ကို ထွက်ခွာခဲ့ကြပါတယ်။

ရုရှားနဲ့ အစ္စလာမ္မစ်ဂိုဏ်းကွဲတစ်ခုဖြစ်တဲ့ ဖေလတ်အယ်လ်ရာမန်တို့ သဘောတူခဲ့တဲ့ ဒုတိယသဘောတူညီချက်မှာ လူပေါင်း ၂၀၀၀၀ နီးပါးဟာ အာဘင်၊ ဇာမယ်ကာမြို့တွေနဲ့ ဂျိဘာဒေသတွေကထွက်ခွာသွားခဲ့ကြပါတယ်။ စုစုပေါင်း ခန့်မှန်းခြေ ၃၀၀၀၀ လောက် အဲဒီမြို့တွေက ပြောင်းရွှေ့ခဲ့ကြပါတယ်လို့ ပြောရေးဆိုခွင့်ရှိသူ ဝယ်အယ်လ်ဝမ်က ပြောခဲ့ပါတယ်။ မတ် ၂၈ ရက် တစ်ရက်တည်းကို လူပေါင်း ၆၀၀၀ လောက်ဟာ ဆီးရီးယားနိုင်ငံ အနောက်မြောက်ကို ခရီးတစ်ထောက် ရောက်လာခဲ့ကြပါတယ်။

ပြတင်းပေါက်တွေကွဲနေတဲ့ ဘတ်စ်ကား ဒါဇင်ပေါင်းများစွာကို တစ်ထောက်နားရာ ကွာလတ်အယ်လ်မာဒစ်ဒေသမှာ တွေ့မြင်ခဲ့ရပါတယ်။ ရွှေ့ပြောင်းလာသူတွေက လူတွေဟာ ဆီးရီးယားနိုင်ငံရှိ အစိုးရလွှမ်းမိုးရာနယ်မြေတွေက ဖြတ်သန်းလာတဲ့ ယာဉ်တန်းတွေကို ကျောက်ခဲတွေနဲ့ ပစ်ပေါက်ခဲ့ကြတယ်လို့ ပြောခဲ့ပါတယ်။

ကွာလတ်အယ်လ်မာဒစ် ဒေသမှာ တစ်ထောက်နားနေတဲ့ ဘတ်စ်ကားတွေပေါ်မှာ လိုက်ပါလာသော ဒဏ်ရာရနေတဲ့ သူပုန်တွေဟာ ဆေးဝါးကုသမှုခံယူဖို့ ခြေထော့ကျိုးထော့ကျိုးနဲ့ သွားလာလှုပ်ရှားကြပါတော့တယ်။ အဲဒီအချိန်မှာ အကူအညီပေးရေးအဖွဲ့တွေဟာ အရုပ်လေးတွေ၊ နို့တွေ၊ ဖျော်ရည်တွေကို ကလေးငယ်လေးတွေကို ဝေငှပေးခဲ့ကြပါတယ်။ တချို့ ရွှေ့ပြောင်းသူတွေရဲ့ မိသားစုဝင်တွေ၊ သူငယ်ချင်းတွေဟာ အဲဒီမှာ သူတို့ကို စောင့်နေပြီး အိမ်နီးချင်း အီဒလစ်ပြည်နယ်ကို ခေါ်သွားခဲ့ကြပါတယ်။ တခြားသူတွေကတော့ ဘတ်စ်ကားတွေနဲ့ ရွှေ့ပြောင်းအခြေချသူတွေရဲ့ စခန်းတွေကို ရောက်သွားခဲ့ကြပါတယ်။

နိုင်ငံပိုင်သတင်းမီဒီယာမှာ မကြာသေးမီ ရက်သတ္တပတ်အတွင်းမှာ တခြား လူ ၃၀၀၀ လောက် တင်ဆောင်လာတဲ့ ဘတ်စ်ကားတွေဟာ ဂူတာရှိဖေလတ်အုပ်ချုပ်တဲ့ ဒေသကို ရွှေ့ပြောင်းမှုတွေ ပြုလုပ်ကြတယ်လို့ ဖော်ပြခဲ့ပါတယ်။ လူပေါင်း ၁၂၀၀၀ လောက်ရှိတဲ့ လူတွေဟာ မကြာသေးမီ ရက်သတ္တပတ်အတွင်းမှာ ဂူတာကို ထွက်ပြေးခဲ့ကြတယ်လို့ဆိုပါတယ်။

သူတို့ထဲက အများစုကတော့ အစိုးရထိန်းချုပ်တဲ့ လမ်းကြောင်းတွေကတစ်ဆင့် ဖြတ်သန်းသွားရောက်ခဲ့တာ ဖြစ်ပါတယ်။ ဆီးရီးယားရှိ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး အလီအယ်လ်ဇာတာရီက အဲဒီလိုထွက်ပြေးလာတဲ့ လူတွေအနက် ဂူတာအပြင်ဘက်မှာ ခိုလှုံနေတဲ့ လူပေါင်း ၂၆၀၀၀ လောက်ဟာ အခုဆိုရင် ဒမတ်စကတ်မှာရှိတဲ့ သူတို့ရဲ့ သားချင်းဆွေမျိုးတွေနဲ့နေဖို့ ထွက်ခွာသွားခဲ့ကြသလို တချို့ကလည်း ပျက်စီးနေတဲ့ ဂူတာအနီးဝန်းကျင်ဒေသတွေကို ပြန်ကုန်ကြတယ်လို့ ပြောပါတယ်။

အဲဒီလိုမျိုးထွက်ပြေးပြီးခိုလှုံနေရတဲ့ ဖြစ်စဉ်တွေမှာ ကိုယ်ဝန်ရှိနေတဲ့ သူတွေ၊ နို့တိုက်မိခင်တွေလည်း ပါဝင်ကြပါတယ်။ သူတို့ဟာ အာဟာရချို့တဲ့မှုတွေ ဖြစ်ပွားခဲ့ပါတယ်။ အခုလို ယာယီစခန်းတွေမှာ ရွှေ့ပြောင်းနေကြရတဲ့ ဂူတာဒေသခံတွေကို ကြိုဆိုလျက်ရှိပါတယ်လို့ ဆီးရီးယားရှိ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးမှူး အလီအယ်လ်ဇာတာရီက သတင်းစာရှင်းလင်းပွဲမှာ ပြောခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ခြောက်နှစ်ကျော်ကြာ ဖြစ်ပွားလာတဲ့ ပြည်တွင်းစစ်ပွဲကို ဂိုဏ်းဂဏခွဲခြားခြင်းမရှိဘဲ အမြော်အမြင်ရှိရှိနဲ့ ပြီးဆုံးစေချင်ပါတော့တယ်။ စစ်ပွဲတွေသာ မရှိဘူးဆိုရင် အခုလိုမျိုးတွေလည်း ဖြစ်လာမှာ မဟုတ်သလို ကမ္ဘာကြီးလည်း အေးချမ်းလာမှာ ဖြစ်ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

**‘ဘယ်လိုပဲဖြစ်ဖြစ် ခြောက်နှစ်ကျော်ကြာ ဖြစ်ပွားလာတဲ့ ပြည်တွင်းစစ်ပွဲကို ဂိုဏ်းဂဏခွဲခြားခြင်းမရှိဘဲ အမြော်အမြင်ရှိရှိနဲ့ ပြီးဆုံးစေချင်ပါတော့တယ်’**


HTOO


သားသား အကြိုက်








ရောင်နီ

# အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်း

*ယမန်နေ့အဆက်*

(၁) ဤဥပဒေနှင့်သက်ဆိုင်သည့် အခွန်တစ်ရပ်ရပ်အရပေးပို့သော ကြေညာလွှာများ၊ ကြေညာချက်များ သို့မဟုတ် အခြားစာတမ်းအမှတ်အသားများပေါ်တွင် ယင်း၏အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို သတ်မှတ်ချက်များနှင့်အညီ ဖော်ပြရမည်။

(၂) အခွန်ထမ်းမှတ်ပုံတင်အမှတ်ပိုင်ရှင်နှင့် စပ်လျဉ်းသည့်အခွန်ဆိုင်ရာသတင်းအချက်အလက်များကိုပေးအပ်ရန်သက်ဆိုင်ရာနည်းဥပဒေများ၊စည်းမျဉ်းများ၊ ညွှန်ကြားချက်များဖြင့်သတ်မှတ်ထားသည့်အခြားပုဂ္ဂိုလ်ကို အခွန်ထမ်းမှတ်ပုံတင်အမှတ်ပေးအပ်ရမည်။

(င) ညွှန်ကြားရေးမှူးချုပ်သည်အခွန်ထမ်းထံပေးပို့သော ယင်းအခွန်ထမ်း၏အခွန်တာဝန်နှင့်သက်ဆိုင်သည့် စာဖြင့်ဆက်သွယ်မှုအားလုံးတွင် အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို ဖော်ပြရမည်။

(စ) အခွန်ထမ်းအနေဖြင့် အမည် (လုပ်ငန်းအမည်အပါအဝင်)၊လိပ်စာ၊ လုပ်ငန်းတည်နေရာ သို့မဟုတ် ဆောင်ရွက်လျက်ရှိသည့် အခွန်ထိုက်သင့်သည့် လုပ်ငန်းသဘောသဘာဝတစ်ခုခုပြောင်းလဲလျှင် ညွှန်ကြားရေးမှူးချုပ်ထံ စာဖြင့်တင်ပြရမည်။

(ဆ) ပုဒ်မခွဲ(စ)အရတင်ပြရာတွင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေတို့နှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပါက ပြောင်းလဲမှုပြုလုပ်ပြီး ၁၅ ရက်အတွင်း၊ ဝင်ငွေခွန်ဥပဒေနှင့်သက်ဆိုင်သည့်ကိစ္စရပ်ဖြစ်ပါကပြောင်းလဲမှုပြုလုပ်ပြီး တစ်နှစ်အတွင်းညွှန်ကြားရေးမှူးချုပ်ထံ စာဖြင့် အကြောင်းကြားရမည်။

(ဇ) လုပ်ငန်းရပ်စဲခြင်းအတွက် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အထူးကုန်စည်ခွန်ဥပဒေတို့နှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပါကပြောင်းလဲမှုပြုလုပ်ပြီး ၁၅ ရက်အတွင်း၊ ဝင်ငွေခွန်ဥပဒေနှင့် သက်ဆိုင်သည့်ကိစ္စရပ်ဖြစ်ပါက ပြောင်းလဲမှုပြုလုပ်ပြီးတစ်နှစ်အတွင်း ညွှန်ကြားရေးမှူးချုပ်ထံစာဖြင့် အကြောင်းကြားရမည်။

**အခွန်ကင်းရှင်းကြောင်းလက်မှတ်**

၉။ (က) အခွန်ထမ်းသည်အခွန်ကင်းရှင်းကြောင်းလက်မှတ်ကို ညွှန်ကြားရေးမှူးချုပ်ထံမှ တောင်းခံနိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အောက်ပါအချက်များအပေါ်ကျေနပ်မှုရှိပါက အခွန်ထမ်းအား အခွန်ကင်းရှင်းကြောင်းလက်မှတ်ထုတ်ပေးနိုင်သည် -

(၁) အခွန်ဥပဒေတစ်ရပ်ရပ်အရသတ်မှတ်ရက်တွင် ပေးဆောင်ရမည့်ကြိုတင်ခွန်များ၊ စည်းကြပ်မှုအရပေးဆောင်ရန် ကျန်ရှိနေသည့်အခွန်ငွေများပေးဆောင်ထားပြီးဖြစ်ခြင်း၊ အငြင်းပွားမှုဖြစ်နေသည့်အခွန်အတွက် အာမခံပေးဆောင်ပြီးဖြစ်ခြင်း၊

(၂) အခွန်ထမ်းသည်ပေးဆောင်ရမည့် ကြိုတင်ခွန်နှင့်စည်းကြပ်မှုအရ ပေးဆောင်ရန်ကျန်ရှိနေသည့် အခွန်အားပေးဆောင်ပြီးဖြစ်စေမည်ဟု ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ယုံကြည်ထိုက်သည့်အစီအစဉ်များ ပြုလုပ်ထားပြီးဖြစ်ခြင်း၊ အခွန်ထမ်းအနေဖြင့်ကျန်ရှိနေသည့်အခွန်များအတွက် အရစ်ကျပေးချေရန်ရှိသည်များကိုပေးဆောင်ပြီးဖြစ်ခြင်း။

(ဂ) အခွန်ကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးရန် လိုအပ်သည့်အခြေအနေများကို စည်းမျဉ်းများဖြင့် သတ်မှတ်ရသည်။

(ဃ) အခွန်ကင်းရှင်းကြောင်းလက်မှတ်ကို မှားယွင်းသောသတင်းအချက်အလက်များအပေါ်တွင် လည်းကောင်း၊ ပေါ့ဆစွာပေးအပ်ထားသည့်မမှန်ကန်သော သတင်းအချက်အလက်များအပေါ်တွင် လည်းကောင်းအခြေပြု၍ရရှိခဲ့ခြင်းဖြစ်ပါက ယင်းအခွန်ကင်းရှင်းကြောင်းလက်မှတ်သည် အကျိုးသက်ရောက်မှု တစ်စုံတစ်ရာမရှိစေရ။

**အများပြည်သူဆိုင်ရာသတ်မှတ်ပြဋ္ဌာန်းချက်(Public Rulings)**

၁၀။ (က) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ဆိုင်ရာဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ရှေ့နောက်ညီညွတ်မှုရှိစေရန် လည်းကောင်း၊ အများပြည်သူနှင့် ဦးစီးဌာနရှိဝန်ထမ်းများအတွက် လမ်းညွှန်ဖြစ်စေရန်လည်းကောင်း အခွန်ဆိုင်ရာဥပဒေကိုကျင့်သုံးမှုနှင့်စပ်လျဉ်းသည့် ညွှန်ကြားရေးမှူးချုပ်၏ ရှင်းလင်းဖော်ပြချက်များကို အများပြည်သူဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်အဖြစ် ထုတ်ပြန်ကြေညာနိုင်သည်။

(ခ) အများပြည်သူဆိုင်ရာသတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ်သည် ညွှန်ကြားရေးမှူးချုပ်က ရုပ်သိမ်းခြင်းမပြုသရွေ့ ဦးစီးဌာနအပေါ်စည်းနှောင်သက်ရောက်မှုရှိမည်ဖြစ်သည်။

(ဂ) အများပြည်သူဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်သည်အခွန်ထမ်းအပေါ်စည်းနှောင်သက်ရောက်မှုမရှိစေရ။

**ကြိုတင်သတ်မှတ်ပြဋ္ဌာန်းချက် (Advance Rulings)**

၁၁။ (က) ညွှန်ကြားရေးမှူးချုပ်သည် သီးသန့်ကိစ္စရပ်တစ်ခုအတွက် အခွန်ထမ်းကတောင်းဆိုလျှင် အခွန်ဆိုင်ရာဥပဒေကိုကျင့်သုံးခြင်းနှင့် စပ်လျဉ်း၍ ဦးစီးဌာန၏ သဘောထားကို ဖော်ပြသည့်ကြိုတင်သတ်မှတ်ပြဋ္ဌာန်းချက်ကို အခွန်ထမ်းအား ထုတ်ပေးနိုင်သည်။

(ခ) အခွန်ထမ်းသည် ပုဒ်မခွဲ (က) အရ တောင်းဆိုသည့်ကိစ္စနှင့် စပ်လျဉ်း၍ ပြည့်စုံမှန်ကန်စွာဖော်ပြခဲ့ပြီး ကြိုတင်သတ်မှတ်ပြဋ္ဌာန်းချက်နှင့် အညီ အပြည့်အဝလိုက်နာဆောင်ရွက်ခဲ့ပါက ယင်းကြိုတင်သတ်မှတ်ပြဋ္ဌာန်းချက်သည် ဦးစီးဌာနနှင့် အခွန်ထမ်းတို့အပေါ်တွင် စည်းနှောင်သက်ရောက်မှု ရှိစေရမည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် လုံလောက်သောအကြောင်းရှိပါကလျှောက်ထားသူထံ စာဖြင့်အကြောင်းကြားလျက် ကြိုတင်သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ်ကို အပြည့်အဝသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ပြင်ဆင်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

(ဃ) ကြိုတင်သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ်ကိုရုပ်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းသည် ရှေ့သို့သက်ရောက်မှုသာရှိပြီး ရုပ်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းသည်ရှေ့သို့မည်သို့ သက်ရောက်မည်ဟူသည့် အသေးစိတ်အချက်များကို ရုပ်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းဆိုင်ရာအကြောင်းကြား စာတွင်ဖော်ပြရမည်။

(င) အသစ် သို့မဟုတ် ပြင်ဆင်ပြဋ္ဌာန်းသည့် ဥပဒေနှင့် ညီညွတ်ခြင်းမရှိသော ကြိုတင်သတ်မှတ်ပြဋ္ဌာန်းချက်၏ အစိတ်အပိုင်းသည်အလိုအလျောက်ပျက်ပြယ်စေရမည်ဖြစ်ပြီး အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီသက်ဆိုင်သည့် အစိတ်အပိုင်းကို ပြင်ဆင်ကြောင်း သို့မဟုတ် ရုပ်သိမ်းကြောင်းအခွန်ထမ်းထံသို့ ညွှန်ကြားရေးမှူးချုပ်က အကြောင်းကြားရမည်။

(စ) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ထမ်း၏အမည်နှင့်အခွန်ထမ်းနှင့် သက်ဆိုင်သော အသေးစိတ်အချက်အလက်များကိုနုတ်ပယ်၍ ကြိုတင်သတ်မှတ်ပြဋ္ဌာန်းချက်ပါအချက်များကို အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်နိုင်သည်။

(ဆ) ညွှန်ကြားရေးမှူးချုပ်သည် ကြိုတင်သတ်မှတ်ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သောအခကြေးငွေကို လုပ်ထုံးလုပ်နည်းများနှင့် အညီသတ်မှတ်ပေးသွင်းစေနိုင်သည်။

**အခြားဖော်ပြချက်များ**

၁၂။ ပုဒ်မ ၁၁ အရထုတ်ပြန်ထားသည့် ကြိုတင်သတ်မှတ်ပြဋ္ဌာန်းချက် သို့မဟုတ် ဥပဒေက အခွင့်အာဏာပေးထားသည့် အခြားကိစ္စရပ်များမှတစ်ပါးဦးစီးဌာန၏ဝန်ထမ်းတစ်ဦးဦးက အခွန်ထမ်း၏ပေးဆောင်ရန်ရှိသည့်အခွန်နှင့် စပ်လျဉ်း၍ ထုတ်ပြန်သည့်အခြားမည်သည့်ထုတ်ပြန်ချက် သို့မဟုတ် သဘောတူညီချက်တစ်စုံတစ်ရာကမျှ ဦးစီးဌာနအပေါ် စည်းနှောင်သက်ရောက်မှုမရှိစေရ။

**အခွန်ထမ်းနှင့် အခြားပုဂ္ဂိုလ်များကို ဆက်သွယ်ခြင်း**

၁၃။ (က) အခွန်ထမ်း သို့မဟုတ် အခြားပုဂ္ဂိုလ်ထံ ညွှန်ကြားရေးမှူးချုပ်က ပေးပို့သည့် အကြောင်းကြားစာ၊ ဖော်ပြချက် သို့မဟုတ် သဘောတူညီချက်တစ်စုံတစ်ရာသည် အောက်ပါအချက်များနှင့် ညီညွတ်မှသာလျှင် အကျိုးသက်ရောက်မှုရှိရမည်-

(၁) ဥပဒေနှင့် အညီဖြစ်ခြင်း၊

(၂) စာဖြင့်ရေးသားထား၍ လက်မှတ်ရေးထိုးထားခြင်း၊

(၃) သက်ဆိုင်ရာအခွန်ထမ်း သို့မဟုတ် လိပ်မူထားသောအခြားပုဂ္ဂိုလ်ထံ အတည်ပြုပေးအပ်ပြီးဖြစ်ခြင်း။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် တစ်ဦးချင်းပုဂ္ဂိုလ်ထံ စာဖြင့်အကြောင်းကြားရန် လိုအပ်လျှင်အကြောင်းကြားစာအတည်ဖြစ်ရန် အောက်ပါနည်းလမ်းတစ်ခုခုဖြင့်ဆောင်ရွက်ရမည်-

(၁) ယင်းပုဂ္ဂိုလ်ထံ လက်ရောက်ပေးအပ်ခြင်း၊

(၂) နောက်ဆုံးသိရှိရသော လိပ်စာသို့ စာတိုက်မှမှတ်ပုံတင်၍ ပေးပို့ခြင်း၊

(၃) ညွှန်ကြားရေးမှူးချုပ်က လက်ရှိအသုံးပြုလျက်ရှိသည်ဟု သိရှိထားသည့် လိပ်စာသို့ အီလက်ထရွန်နစ်နည်းဖြင့် ပေးပို့ခြင်း သို့မဟုတ် အခြားထိရောက်သောနည်းဖြင့် ပေးပို့ခြင်း။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသို့ စာဖြင့် အကြောင်းကြားရန် လိုအပ်လျှင် အကြောင်းကြားစာအတည်ဖြစ်ရန် အောက်ပါနည်းလမ်းတစ်ခုခုဖြင့် ဆောင်ရွက်ရမည် -

(၁) အခွန်ကိစ္စအလို့ငှာ တာဝန်ပေးအပ်ထားသည့် ပုဂ္ဂိုလ်ထံ လက်ရောက်ပေးအပ်ခြင်း သို့မဟုတ် အီလက်ထရွန်နစ်နည်းဖြင့်ပေးပို့ခြင်း၊

(၂) နိုင်ငံတော်အတွင်းရှိကုမ္ပဏီ၏ အဓိကလုပ်ငန်းတည်နေရာသို့ ပေးပို့ခြင်း၊

(၃) ကုမ္ပဏီမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသော လိပ်စာသို့ စာတိုက်မှ မှတ်ပုံတင်၍ပေးပို့ခြင်း၊

(၄) ညွှန်ကြားရေးမှူးချုပ်က လက်ရှိအသုံးပြုလျက်ရှိသည်ဟုသိရှိထားသည့် လိပ်စာသို့ အီလက်ထရွန်နစ်နည်းဖြင့်ပေးပို့ခြင်း သို့မဟုတ် အခြားထိရောက်သောနည်းဖြင့် ပေးပို့ခြင်း။

(ဃ) အကြောင်းကြားစာပေးပို့ခြင်းနှင့် စပ်လျဉ်း၍စာတိုက်မှမှတ်ပုံတင်၍ ပေးပို့ခြင်းသည် နိုင်ငံတော်အတွင်းရှိလိပ်စာသို့ ပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့်နေ့မှ ၂၁ ရက်ပြည့်သည့် နေ့ရက်တွင်လည်းကောင်း၊ နိုင်ငံတော် ပြင်ပရှိလိပ်စာသို့ ပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့်နေ့မှ ရက်ပေါင်း ၃၀ ပြည့်သည့်နေ့ရက်တွင် လည်းကောင်း၊ အီလက်ထရွန်နစ်နည်းလမ်း သို့မဟုတ် အခြားအလားတူနည်းလမ်းတစ်ခုခုဖြင့် ပေးပို့ခြင်းဖြစ်ပါက ပေးပို့သည့်နေ့မှ ခုနစ်ရက်ပြည့်သည့်နေ့ရက်တွင်လည်းကောင်း ပေးပို့အတည်ပြုပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(င) အကြောင်းကြားစာ၊ ဖော်ပြချက်၊ သဘောတူညီချက်၊ ကြေညာလွှာ၊ ပုံစံ၊ ကြေညာချက်၊ ဇယား သို့မဟုတ် အခြားစာတမ်းအမှတ်အသားတစ်စုံတစ်ရာပေါ်တွင် ရေးထိုးထားသည့်လက်မှတ်သည် အခြားနည်းဖော်ပြထားခြင်းမရှိလျှင် ယင်းပုဂ္ဂိုလ်၏လက်မှတ်ဖြစ်သည်ဟု မှတ်ယူရမည်။

(စ) ပုဒ်မခွဲ(ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ)နှင့်အညီ အကြောင်းကြားစာပေးအပ်ခြင်းကို သက်ဆိုင်ရာ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့်အခွန်ထမ်း သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးကငြင်းပယ်လျှင် ယင်းတို့နေထိုင်လျက်ရှိသော နေအိမ်အဆောက်အအုံ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်လျှင် ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏လုပ်ငန်းတည်နေရာရှိ မြင်သာသောနေရာတွင် သမ္မာန်စာချအပ်သည့်နည်းလမ်းအတိုင်း စွဲကပ်ခြင်းဖြင့် ချအပ်အတည်ပြုနိုင်သည်။

**ပုံစံနှင့် အကြောင်းကြားစာများ**

၁၄။ (က) ဦးစီးဌာနကသတ်မှတ်ပြဋ္ဌာန်းသော သို့မဟုတ် ထုတ်ပြန်သော အကြောင်းကြားစာ၊ကြေညာချက်၊ဖော်ပြချက်၊ပုံစံ၊ဇယားနှင့်အခြားစာတမ်းအမှတ်အသားများသည် ညွှန်ကြားရေးမှူးချုပ်က ဤဥပဒေကိုထိရောက်စွာစီမံအုပ်ချုပ်နိုင်ရန်အလို့ငှာ ဆုံးဖြတ်သည့်ပုံစံဖြင့် တည်ရှိနိုင်သည်။

(ခ) ဦးစီးဌာနသည်ပုဒ်မခွဲ(က)တွင်ဖော်ပြခဲ့သည့် စာတမ်းအမှတ်အသားများကို အများပြည်သူအသုံးပြုနိုင်စေရန်သင့်လျော်သည့် နည်းလမ်းဖြင့်ဆောင်ရွက်ရမည်။

(ဂ) ဤဥပဒေအရညွှန်ကြားရေးမှူးချုပ်က ထုတ်ပြန်သည့် အများပြည်သူဆိုင်ရာအသိပေးကြေညာချက်သည် ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် အခွင့်အာဏာရှိသည့်ပုဂ္ဂိုလ်တစ်ဦးဦးက လက်မှတ်ရေးထိုးရမည်ဖြစ်ပြီး ယင်းအပေါ်တွင်လက်မှတ်တံဆိပ်ရိုက်နှိပ်ခြင်း သို့မဟုတ် ရေးထိုးခြင်းပြုမှသာလျှင် အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

**ချွတ်ယွင်းချက်သည် တရားဝင်ခြင်းအပေါ် သက်ရောက်မှုမရှိစေခြင်း**

၁၅။ (က) အခွန်ထမ်းသည်အကြောင်းကြားစာနှင့် ယင်းတွင်ပါဝင်သောအကြောင်းအရာကို ကောင်းစွာသိရှိပြီးဖြစ်ပါက အခွန်ဥပဒေတစ်ရပ်ရပ်အရ ထုတ်ပြန်သည့် စည်းကြပ်ခြင်းဆိုင်ရာ အကြောင်းကြားစာ၊ အခြားအကြောင်းကြားစာ သို့မဟုတ် စာတမ်းအမှတ်အသားများသည်ပုဒ်မ ၁၃နှင့်အညီပေးပို့ခြင်းမရှိဆိုသည့် အကြောင်းပြချက်ဖြင့် အတည်မဖြစ်ဟုသော်လည်းကောင်း၊ အကျိုးသက်ရောက်ခြင်းမရှိဟုသော်လည်းကောင်း ငြင်းဆိုခွင့်မရှိစေရ။

(ခ) ဤဥပဒေအရ ထုတ်ပြန်သည့် စည်းကြပ်ခြင်းဆိုင်ရာအကြောင်းကြားစာ သို့မဟုတ် အခြားအကြောင်းကြားစာ သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုသည် အကြောင်းအရာအားဖြင့်သော် လည်းကောင်း၊ အကျိုးသက်ရောက်မှုအားဖြင့် သော်လည်းကောင်း ဤဥပဒေနှင့်ကိုက်ညီပြီး စည်းကြပ်ခံရသူ သို့မဟုတ် အကြောင်းကြားစာသက်ရောက်ခြင်းခံရသူကိုယင်းအကြောင်းကြားစာတွင် ရည်ညွှန်းဖော်ပြထားကြောင်းသိရှိနားလည်ပြီးဖြစ်ပါက ချွတ်ယွင်းချက်ရှိသည်ဆိုသည့် အကြောင်းပြချက်ကြောင့် အတည်မဖြစ်ဟုသော်လည်းကောင်း၊ အကျိုးသက်ရောက်ခြင်းမရှိဟုသော်လည်းကောင်း ငြင်းဆိုခွင့်မရှိစေရ။

**ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ(Agent)နှင့်အရာရှိများ**

၁၆။ (က) နိုင်ငံတော်အတွင်းဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီတစ်ခုသည် ယင်းကုမ္ပဏီက မှတ်တမ်းထားရန်နှင့်ထိန်းသိမ်းထားရန်လိုအပ်သည့် စာရင်းဇယားနှင့်အထောက်အထားအားလုံးကို မှတ်တမ်းထားရန်နှင့် ထိန်းသိမ်းထားရန် ကုမ္ပဏီအတွင်းရေးမှူး သို့မဟုတ် ယင်းကုမ္ပဏီ၏ အခြားဝန်ထမ်းတစ်ဦးကို ခန့်အပ်တာဝန်ပေးအပ်ရမည်။

(ခ) အစုစပ်လုပ်ငန်း သို့မဟုတ် အခြားပုဂ္ဂိုလ်စုတစ်ခုခုအနေဖြင့် ဤဥပဒေသက်ရောက်သည့် ဥပဒေတစ်ရပ်ရပ်ပါပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ထမ်းဆောင်ရန်ရှိပါက သို့မဟုတ် ဤဥပဒေသက်ရောက်သည့်ဥပဒေတစ်ရပ်ရပ်ပါပြဋ္ဌာန်းချက်များနှင့်အညီအခွန်ဆိုင်ရာတာဝန်တစ်ရပ်ရပ်ထမ်းရွက်ရန်ရှိပါက ဤဥပဒေပါလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရန်တာဝန်ယူဆောင်ရွက်မည့်အစုဝင် သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးကို ရွေးချယ်တာဝန်ပေးအပ်ရမည်။

(ဂ) မြန်မာနိုင်ငံသားဖြစ်စေ၊ မြန်မာနိုင်ငံသားမဟုတ်သူဖြစ်စေ နိုင်ငံတော်အတွင်း နေထိုင်ခြင်းမရှိသည့်ပုဂ္ဂိုလ်တစ်ဦးဦးသည် ဤဥပဒေသက်ရောက်သည့်အခွန်ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီအခွန်ထမ်းဆောင်ရန်ရှိပါက သို့မဟုတ် ဤဥပဒေသက်ရောက်သည့်ဥပဒေတစ်ရပ်ရပ်ပါပြဋ္ဌာန်းချက်များနှင့်အညီ အခွန်ဆိုင်ရာတာဝန်တစ်ရပ်ရပ်ထမ်းရွက်ရန်ရှိပါက ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရေးအတွက်နိုင်ငံတော်အတွင်း နေထိုင်သည့် ပုဂ္ဂိုလ်တစ်ဦးအား ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူအဖြစ် ရွေးချယ်တာဝန်ပေးအပ်ရမည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးသည် ဤပုဒ်မအရ ကုမ္ပဏီအတွင်းရေးမှူး၊အစုဝင်၊ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ခန့်အပ်ခြင်းကိုအကြောင်းပြု၍ ဤဥပဒေ၏လိုအပ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းအတွက် တာဝန်ရှိမှုမှ သက်သာခွင့်မရှိစေရ။

**နည်းဥပဒေများ၊စည်းမျဉ်းများပြုလုပ်ပိုင်ခွင့်**

၁၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*



# စာလုံးပေါင်းနည်း၊ အသံထွက်နည်း (၂)

မောင်ခင်မင်(ဓနုဖြူ)

"ပါဠိဆင့်လို့ခေါ်တဲ့ စာလုံးဆင့်ကို စာလုံးပေါင်းပြီးဖတ်မယ်ဆိုရင် မှတ်ရမှာက အပေါ်ကစာလုံးကို အသတ်ပါတဲ့စာလုံးလို့ သဘောထားပြီးဖတ်တော့လည်း အသတ်ထည့်ဖတ်ရတယ်ကွဲ့"

"ဩော် - ဟုတ်ကဲ့ပါ၊ နမူနာကလေးတစ်ခုလောက် သိပါရစေ ဘဘ"

"'သတ္တိ'ဆိုတဲ့ စာလုံးကို နမူနာပြမယ်၊ တဝမ်းပူနှစ်လုံးဆင့်ပါတယ်မဟုတ်လား၊ အပေါ်က တဝမ်းပူမှာ အသတ်ပါတယ်လို့ သဘောထားပြီးတော့ 'သရေးတသတ်သတ်၊ တဝမ်းပူရေးလုံးကြီးတင်တိ၊ သတ်တိ' လို့ ဖတ်ရမှာပေါ့ကွယ်"

"နားလည်ပါပြီ ဘဘ"

"ဘဘပြောတဲ့ မြန်မာအသတ်မဟုတ်တဲ့ ပါဠိအသတ်တွေကိုလည်း အဲဒီလိုပဲဖတ်ရမှာပေါ့နော်"

"ဟုတ်တယ်၊ 'ဒုက္ခ'ဆိုပါတော့၊ အပေါ်က ကကြီးကို အသတ်ထည့်ပြီး 'ဒဒွေးတစ်ချောင်းငင်ကသတ်ဒုက်၊ ခခွေးရေးခ၊ ဒုက်ခ'လို့ ဖတ်ရမှာပေါ့"

"ဘဘ၊ တချို့ဆရာ ဆရာမတွေက ပါဠိဆင့်ဆိုရင် စာလုံးပေါင်းပြီးဖတ်ဖို့မလိုဘူး၊ ဒီအတိုင်း တစ်ခါတည်းအသံထွက်ပြီး ဖတ်ရမယ်လို့ သင်နေတာကြားရပါတယ်"

"အင်း…ပါဠိဆင့်စာလုံးကို မြင်တာနဲ့ အသံထွက်ကို တန်းပြီး မှတ်တဲ့နည်းပေါ့ကွယ်၊ ဒါပေမယ့် စာလုံးပေါင်းပြီး မဖတ်ဘဲနဲ့တော့ ဘယ်လိုအသံထွက်ရတယ်ဆိုတာကို ဘယ်သေသေချာချာနားလည်ပါ့မလဲ၊ အပေါ်စာလုံးကို အသတ်လို့ ဖတ်ရမယ်ဆိုတဲ့ အခြေခံကိုတော့ သိကိုသိရ မှာပေါ့၊ ဘဘတို့ ငယ်ငယ်တုန်းကတော့ ဆရာတွေက အဲဒီလို စာလုံးပေါင်းပြီး ဖတ်တတ်အောင်သေသေချာချာသင်ခဲ့တာ လေ၊ စိတ်ထဲမှာ စွဲသွားတာပေါ့"

"နားလည်ပါပြီ ဘဘ"

"ကဲ…စာလုံးပေါင်းပြီးဖတ်စရာမလိုဘဲ တန်းပြီးဖတ်ရတဲ့ စာလုံးတွေလည်း ရှိတယ်ဆိုတာ သမီးတို့သိတယ် မဟုတ်လား"

"ဘယ်စာလုံးတွေပါလဲ ဘဘ"

"သရတွေကို စသင်တော့ 'ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ' ဆိုတဲ့ စာလုံးတွေပါတယ်လေ၊ ဒါကအရင်းခံစာလုံးတွေပေါ့၊ နောက်တော့ ဥ၊ ဦ၊ မှာဦကို ဝစ္စနှစ်လုံးပေါက်ထည့်ပြီး 'ဦး' ဖြစ်လာတယ်၊ 'ဩ'ကနေပြီး 'ဪ'ဖြစ်လာတယ်၊ ဒီတော့ ပေါင်းလိုက်ရင်'ဣ၊ ဤ၊ ဥ၊ ဦ၊ ဦး၊ ဩ၊ ဪ'ဆိုတဲ့ စာလုံးတွေပေါ့၊ အဲဒီစာလုံးတွေက ရေးချတို့၊ လုံးကြီးတင်တို့၊ တစ်ချောင်းငင်တို့လို သင်္ကေတတွေမပါတဲ့အတွက် ဖတ်ရင် စာလုံးပေါင်းစရာမလိုဘူးလေ၊'အက္ခရာ ဣ၊ အက္ခရာ ဦ၊ အက္ခရာ ဩ'လို့ တန်းပြီးအသံထွက်ရတယ်လေ"

"ဘဘ၊ အဲဒီစာလုံးတွေရှေ့က 'အက္ခရာ'ဆိုတဲ့ စကားကို ဘာဖြစ်လို့ ထည့်ဆိုရတာလဲ"

"အဲဒီစာလုံးတွေက စာလုံးပေါင်းစရာမလိုတဲ့ အက္ခရာတွေပဲလို့ ကွဲကွဲပြားပြားသိအောင်ရှေ့က 'အက္ခရာ' ဆိုတဲ့ စကားထည့်ဆိုရတာပါ၊ ကလေးတွေကို သင်တော့လည်း အဲဒီလိုပဲ သင်ရမှာပေါ့"

"တချို့က 'အက္ခရာဥ လုံးကြီးတင်ဆန်ခတ် ဦ၊ ဝစ္စနှစ်လုံးပေါက်ဦး'လို့ စာလုံးပေါင်းပြီးသင်တာကြားရလို့ပါဘဘ၊ အဲဒီလို ဖတ်တာ မှန်ရဲ့လားလို့ သိချင်လို့ပါ"

"အင်း…သမီးက ကျောင်းအုပ်ဆရာမကြီးဆိုတော့ အမျိုးမျိုးကြားနေရမှာပေါ့ကွယ်၊ တကယ်ကတော့ 'အက္ခရာဥ၊ အက္ခရာဦ၊ အက္ခရာ ဦး' လို့ စာလုံးမပေါင်းဘဲ တန်းပြီးဖတ်တဲ့နည်းက အရင်းခံပါပဲ၊ အစဉ်အဆက် အဲဒီလိုပဲဖတ်ခဲ့ကြတာပါ၊ ဦရဲ့အပေါ်ပိုင်းက လုံးကြီးတင်ဆန်ခတ်နဲ့ တူပေမယ့် လုံးကြီးတင်ဆန်ခတ်မှ မဟုတ်တာ၊ လုံးကြီးတင်ဆန်ခတ်ဆိုရင်'အီ'လို့ အသံထွက်ရမှာပေါ့၊ စဉ်းစားကြည့်လေ"

> "သရတွေကို စသင်တော့ 'ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ' ဆိုတဲ့ စာလုံးတွေပါတယ်လေ၊ ဒါက အရင်းခံစာလုံးတွေပေါ့၊ နောက်တော့ ဥ၊ ဦ၊ မှာ ဦကို ဝစ္စနှစ်လုံးပေါက် ထည့်ပြီး 'ဦး' ဖြစ်လာတယ်၊ 'ဩ'ကနေပြီး'ဪ'ဖြစ်လာတယ်၊ ဒီတော့ ပေါင်းလိုက်ရင်'ဣ၊ ဤ၊ ဥ၊ ဦ၊ ဦး၊ ဩ၊ ဪ'ဆိုတဲ့ စာလုံးတွေပေါ့"

"ဟုတ်တယ်နော် ဘဘ"

"ဒီတော့ 'အက္ခရာ ဥ လုံးကြီးတင်ဆန်ခတ် ဦ'လို့ မဖတ်သင့်ဘူး၊ 'အက္ခရာဦ' လို့ပဲ တိုက်ရိုက်တန်းဖတ်သင့်တယ်၊ အဲ… ဦနောက်က ဝစ္စနှစ်လုံးပေါက်ထည့်ပြီး 'ဦး'လို့ ဖတ်တာကတော့ ဝစ္စပေါက်အသံအတိုင်းဖတ်တာမို့ လက်ခံနိုင်စရာရှိပါတယ်၊ ဒီတော့ အက္ခရာ ဦးလို့ တန်းပြီးဖတ်တာကတော့ အရင်းခံအတိုင်းဖတ်တာပဲ၊ ဒါပေမယ့် 'အက္ခရာ ဦ၊ ဝစ္စနှစ်လုံးပေါက် ဦး'လို့ ဖတ်ရင်လည်း ဘဘအနေနဲ့တော့ လက်ခံနိုင်ပါတယ်"

"မှတ်ထားပါ့မယ် ဘဘ၊ အက္ခရာဩကို သ-ရရစ်ဩလို့ တချို့ဖတ်တာကရော ဘဘ"

"အဲဒါကတော့ မှားတယ်၊ သရရစ်နဲ့ဩနဲ့ပုံသဏ္ဌာန်ချင်း တူလို့ မှားတာလေ၊ သကိုရရစ်ရင် 'သရ' လို့ပဲ အသံထွက်မှာပေါ့၊ 'အော' လို့ ဘယ်ထွက်မလဲ၊ အက္ခရာ'ဩ'လို့ပဲ ဖတ်ရမှာပါ"

"ဟုတ်ကဲ့ပါ"

"အဲ…'အက္ခရာဣ' လို့ ဖတ်တဲ့ 'ဣ' ကိုပဲ အသံတူအက္ခရာတစ်လုံးရှိသေးတာ၊ သမီးတို့ သတိထားမိမှာပေါ့"

"ဝါကျထဲက 'သူ၏စာအုပ်' ဆိုတာမျိုးလားဘဘ"

"ဟုတ်တယ်၊ ပိုင်ဆိုင်မှုပြတဲ့ '၏' ရော၊ 'ဤသို့ဖြစ်၏' ဆိုတာမျိုးဝါကျကို အဆုံးသတ်တဲ့ '၏' ရော အတူတူပဲ၊ အဲဒီစာလုံးကိုလည်း 'အက္ခရာ၏' လို့ပဲ ဖတ်ရတယ်"

"ဘဘ၊ ဘာဖြစ်လို့ 'ဣ' နဲ့ '၏' ဆိုပြီး နှစ်မျိုးဖြစ်နေတာလဲ"

"ဘဘပြောခဲ့တဲ့အတိုင်း 'ဣ' က အရင်းခံအက္ခရာပါ၊ '၏' ကတော့နောက်မှ ဖြစ်လာတာ၊ ပုဂံခေတ်တုန်းက ဝါကျအဆုံးမှာ 'ဧ' နောက်က 'အသတ်' ထည့်ပြီး'ဧဲ်' လို့ ရေးကြတယ်၊ နောက်မှ သတ်ကလေးက ပုံစံပြောင်းပြီး '၏' ဖြစ်သွားတာလေ"

"ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်ဘဘ"

"တစ်ဆက်တည်းပြောရရင် နောက်ထပ်တစ်လုံးရှိသေးတယ် 'ဿဉ်သည်' တို့၊ 'ဿဉ်ခံတယ်' တို့ မှာပါတဲ့ 'ဿဉ်' လေ၊ မူလအသံက 'အိ' ပဲ၊ အခုတော့ 'အဲ့' လို့ အသံပြောင်းသွားပြီ မဟုတ်လား၊ စကားစပ်မိလို့ ပြောတာပါ"

"တစ်ခုမေးချင်ပါတယ်ဘဘ"

"မေးပါ"

"'အက္ခရာ-ဍ' တို့၊ 'အက္ခရာ-ဎ' တို့လည်း ရှိသေးတယ် မဟုတ်လားဘဘ၊ အဲဒီစာလုံး တွေကရော သရတွေပဲလား"

"သမီးက သေသေချာချာလေ့လာထားတာကို ဟုတ်တယ်ကွဲ့၊ 'အက္ခရာ ဍ' နဲ့ 'အက္ခရာ ဎ' လည်းရှိတယ်၊ သရတွေတော့ မဟုတ်ဘူး၊ အတိုကောက်ရေးရာက ပုံစံပြောင်းသွားတဲ့ စာလုံးတွေပေါ့၊ ဍကို ပုဂံခေတ်တုန်းက 'ရုယ်' လို့ ရေးတယ်၊ ရကောက်တစ်ချောင်းငင်ယပလက်သတ်ပေါ့၊ ပုဂံခေတ်ရေးထုံးပေါ့၊ နောက်တော့ 'ရုယ်' ကနေ 'ဍ' ဆိုပြီး ပုံစံပြောင်းသွားတယ်၊ 'ဎ' ကလည်း 'နှိုက်' ကနေ ပုံစံပြောင်းလာတယ်"

"ဒါပေမယ့် အဲဒီစာလုံးတွေကိုလည်း 'အက္ခရာ-ဍ၊ အက္ခရာ-ဎ' လို့ စာလုံးမပေါင်းဘဲ တန်းပြီးအသံထွက်ရတယ်၊ အဲ…အက္ခရာဆိုတဲ့စကားထည့်မဆိုရတဲ့ စာလုံးတစ်လုံးတော့ ရှိတယ်"

"ဘယ်စာလုံးလဲ ဘဘ"

"ဌင်းဆိုတဲ့ စာလုံးလေ"

"ဩော်"

"ဘဘအရင်ပြောဖူးပါတယ်၊ 'လေးကောင်း' ကို အတိုကောက်ရေးရင်း 'ဌင်း' ဖြစ်သွားတဲ့ အကြောင်းတွေ၊ 'ဌင်း' ကိုတော့ 'အက္ခရာ-ဌင်း' လို့ မဆိုဘူး၊ ဌင်း လို့ပဲ တန်းပြီး အသံ ထွက်ရတယ်၊ စာလုံးပေါင်းပုံပြောရင်တော့ ဌ-ငသတ် ဝစ္စနှစ်လုံး ပေါက် ဌင်းလို့ ပြောနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ကဲ…အခုဆိုရင် သင်ပုန်းကြီးမှာပါတဲ့ ဗျည်းတွေ၊ သရတွေကို တွဲပြီးဘယ်လိုစာလုံးပေါင်းဖတ်ရတယ်၊ ဘယ်လို အသံထွက်ရတယ် ဆိုတာရော၊ ပါဠိအသတ်တွေ၊ ပါဠိဆင့်တွေ ဘယ်လိုစာလုံးပေါင်းပြီး ဘယ်လိုအသံထွက်ရတယ်ဆိုတာ ရော၊ ပြီးတော့ စာလုံးပေါင်းစရာမလိုဘဲ တန်းပြီး အသံထွက်ရတဲ့ စာလုံးတွေရော ပြောပြီးကြပြီ၊ ဒါတွေက မြန်မာစာ လေ့လာတဲ့သူတွေ သိရမယ့် အခြေခံတွေပေါ့ကွယ်"

"သမီးအတွက် မှတ်သားစရာတွေ အများကြီးရပါတယ် ဘဘ၊ သိပ်ကျေးဇူးတင်ပါတယ်"

"ဩော်…ဒါထက် သမီးတို့သိသင့်တဲ့ စကားလုံးတစ်လုံး ကို ပြောရဦးမယ်၊ သင်ပုန်းကြီးစနစ်ကိုခေါ်တဲ့ စကားလုံးပဲ၊ သမီးတို့ ကြားဖူးသလားတော့ မသိဘူး"

"ဘယ်လိုပါလဲ ဘဘ"

"သင်ပုန်းကြီးကို 'က မ ချ' လို့ ခေါ်တယ်ဆိုတာလေ"

"မကြားဖူးပါဘူး ဘဘ"

"ရှေးကတော့ 'က မ ချ' ဆိုတဲ့အသုံးကို တွင်တွင်ကျယ်ကျယ် သုံးပါတယ်၊ ကဗျာတစ်ပုဒ်တောင်ရှိသေးတယ်၊ 'က မ ချ၊ ပြသပါတဲ့ သင်ဆရာ' လို့ အစချီထားတဲ့ ကဗျာလေ၊ အဲဒီ 'က မ ချ' ဆိုတာ မြန်မာစကားလုံးတော့ မဟုတ်ဘူးကွဲ့၊ သက္ကတစကားလုံးပဲ၊ 'က ရ မ ရှား' လို့ အသံထွက်တယ်၊ 'ရ' ကို လျှာလိပ်သံနဲ့ ဆိုရတယ်၊ 'က' ရော၊ 'ရ' ရော၊ 'မ' ရော အသံတစ်ဝက်စီပဲ ထွက်ရတယ်၊ /က ရ မ ယှား/ လို့ အသံထွက်တာပေါ့၊ မြန်မာလိုကျတော့ 'က မ ချ' လို့ခေါ်တယ်၊ /ကာ့ မ ချာ့/ လို့ အသံထွက်တယ်" (ကျွန်တော်က အသံထွက်ရေးပြပါသည်)

"မှတ်ထားပါ့မယ် ဘဘ"

"ရှေးက အတန်းကျောင်းပညာရေးစနစ် မပေါ်ခင်က ပေါ့၊ ဘုန်းတော်ကြီးကျောင်းတွေမှာ သင်ပုန်းကြီးကုန်အောင် သင်ပြီးရင် စာအားလုံးဖတ်တတ်သွားပြီလေ၊ အဲဒီအခါ ဘာဆက်သင်သလဲဆိုတော့ 'မင်္ဂလသုတ်' ဆက်သင်တယ်၊ ပြီးရင် 'အပြင်အောင်ခြင်း၊ အတွင်းအောင်ခြင်း၊ ရတနာ ရွှေချိုင့်၊ နမက္ကာရ၊ လောကနီတိနဲ့ ပရိတ်ကြီး ၁၁ သုတ်ဆက် သင်လေ့ရှိတယ်၊ အားလုံးက ပါဠိတွေပေါ့၊ မြန်မာလို နိဿယပြန်ထားတာတွေလည်း ပါတယ်၊ ပြီးရင် လောကသာရဆုံးမစာတို့၊ ပုတ္တောဝါဒဆုံးမစာတို့၊ ပြီးတော့ဘိုးသူတော် ဦးနုစကားပုံတို့ အဲဒါတွေ သင်တယ်၊ ဆယ်မျိုးပေါင်းပြီး 'ဆယ်စောင်တွဲ' ဆိုတဲ့စာအုပ်တွေ ပုံနှိပ်ကြတယ်၊ ဆယ်မျိုး မဟုတ်ရင်လည်း 'နှစ်စောင်တွဲ'၊ 'ငါးစောင်တွဲ'၊ 'ခုနစ်စောင်တွဲ' ဆိုပြီး အရေအတွက်အလိုက်ပုံနှိပ်ကြတယ်၊ ပါဠိဂါထာတွေဆိုတော့ ခက်တာပေါ့၊ ဒါကသမီးတို့ သိရုံပြောပြတာပါ၊ ကဲ…ဆက်ကြသေးတာပေါ့"

---

## အိုမင်းလာသည့်တိုင် ကျန်းမာသန်စွမ်းနေစေမည့်လျှို့ဝှက်ချက်

*ကလျာမိုးမြင့်*



အသက်အရွယ်အားဖြင့် အိုမင်းလာပေမယ့် ကိုယ်ကာယပိုင်းဆိုင်ရာ ကျန်းမာဖျတ်လတ်ပြီး သန်စွမ်းနေဦးမယ်ဆိုရင် အဲဒီကျန်းမာသန်စွမ်းမှုဟာ ကျွန်ုပ်တို့ရဲ့ ခန္ဓာကိုယ်မှာရှိတဲ့ ကြွက်သားတွေနဲ့ ခုခံအားစနစ်ကို ကြံ့ခိုင်သန်မာအောင် ဆက်လက်ထိန်းထားနိုင်ဖို့ အထောက်အကူပြုပေးနိုင်တယ်လို့ အပန်းဖြေစက်ဘီးစီးသမားတွေကို အနီးကပ်စူးစမ်းလေ့လာနေတဲ့ သုတေသနအဖွဲ့နှစ်ဖွဲ့က ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် အသက်အရွယ်အိုမင်းလာခြင်းနဲ့ပတ်သက်တဲ့ လူတွေရဲ့ထင်မြင်ယူဆချက်အချို့ဟာ ခေတ်မမီတော့သလို အဲဒီဖြစ်စဉ်တွေအပေါ်မှာ ကျွန်ုပ်တို့ ထင်ထားတာထက်ပိုပြီး ထိန်းချုပ်လို့ရနိုင်တယ်ဆိုတဲ့ သက်သေအထောက်အထားတွေကိုလေ့လာစမ်းသပ်မှုအချို့က ဖော်ပြခဲ့ပါတယ်။

အသက်အရွယ်ကြီးရင့်အိုမင်းလာခြင်းဟာ လွန်ဆန်နိုင်ခြင်းမရှိ၊ ပြောင်းလဲခြင်းမရှိတဲ့အပြင် အစီအစဉ်တကျဖြစ်လာတဲ့သဘောတရားတစ်ခုလိုမျိုး မကြာခဏထင်မြင်ရပါတယ်။ သို့သော်လည်းပဲ အချိန်ကုန်ဆုံး ကူးပြောင်းမှုအပေါ်မှာ ကျွန်ုပ်တို့ခန္ဓာကိုယ်ရဲ့ တုံ့ပြန်မှုတွေကတော့ တစ်ဦးနဲ့တစ်ဦးမတူညီနိုင်ပါဘူး။

လူအချို့ဟာ အချိန်တွေကြာမြင့်လာတာနဲ့အမျှ အားနည်းဆုတ်ယုတ်ပြီး ထိခိုက်လွယ်တဲ့ ပုံစံဖြစ်လာကြချိန်မှာ ကိုယ်ခံအားကောင်းမွန်တဲ့ လူနည်းစုကတော့ အသက်အရွယ်အားဖြင့် ကြီးရင့်လာပေမယ့် ပေါ့ပါးသွက်လက်နေဆဲပါပဲ။ ဒီခြားနားချက်က ဇရာရဲ့ပြောင်းလဲမှုတွေကို လေ့လာနေကြတဲ့ ဗြိတိန်က ဆေးပညာရှင်တွေကို ရုပ်ပိုင်းဆိုင်ရာ အိုမင်းရင့်ရော်လာမှုကို ကန့်သတ်နိုင်ခြင်းရှိ မရှိဆိုတာနဲ့ပတ်သက်ပြီး သိလိုစိတ်ပြင်းပြလာစေခဲ့ပါတယ်။ အနောက်နိုင်ငံတွေမှာ သက်လတ်ပိုင်းအရွယ်နဲ့ မီးကောင်ပေါက်အရွယ်တွေကြားမှာ လေ့ကျင့်ခန်းပြုလုပ်မှု နည်းပါးလာတာကို တွေ့ရပါတယ်။ အများဆုံး ခန့်မှန်းတွက်ချက်ရသလောက်ဆိုရင် ၁၀ ရာခိုင်နှုန်းလောက်သာအသက် ၆၅ နှစ် ဆိုတဲ့အရွယ်ကို ပုံမှန်အတိုင်း ဖြတ်သန်းသွားကြတာကို တွေ့ရပါတယ်။

**စက်ဘီးစီးခြင်း၏ကောင်းကျိုး**

ဖြစ်နိုင်ခြေတွေကို လေ့လာဖို့အတွက် ဗြိတိန်ပညာရှင်တွေက အသက်အရွယ်အိုမင်းနေပေမယ့် ကိုယ်ကာယပိုင်းဆိုင်ရာ ကြံ့ခိုင်သန်စွမ်းနေသေးတဲ့ သူတွေကို ရွေးထုတ်ရှာဖွေကြည့်လိုက်တဲ့အခါ အပန်းဖြေစက်ဘီးစီးနင်းသူတွေထဲမှာ အများဆုံးရှာတွေ့ခဲ့တယ်လို့ သိရပါတယ်။ ရွေးထုတ်ထားတဲ့အမျိုးသားနဲ့ အမျိုးသမီးတွေဟာ အသက် ၅၅နှစ်နဲ့၇၉ နှစ်အတွင်းမှာရှိကြပြီး ဆယ်စုနှစ်များစွာကြာအောင်စက်ဘီးစီးနင်းလာသူတွေ ဖြစ်ကြပါတယ်။ အခုချိန်ထိလည်း တစ်လမှာ မိုင် ၄၀၀ လောက်စီးနင်းနေကြပါတယ်။ ပြီးတော့ အားလုံးဟာ ပြိုင်ပွဲဝင်စက်ဘီးစီးနင်းသူတွေ မဟုတ်ကြပါဘူး။ ။

**နယူးယောက်တိုင်းမ်**

မြန် မာ့ ရိုး ရာ အား က စား

# တောက်ပသော ငွေကြယ်ပွင့် မျိုးဆက်သစ်များ မွေးထုတ်ပေးရန် ရည်ရွယ်သည့် AMT ရိုးရာလက်ဝှေ့ကလပ်များ လားရာ-----

ဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

**ခေတ်အဆက်ဆက်ကတည်းက အစပြုလာသော မြန်မာတို့ရဲ့ရိုးရာအားကစားများသည် ယနေ့ အချိန်အခါတွင် ကြိုးတန်းလမ်းလျှောက် ရန်းကန်နေရသည်မှာ အမှန်ပင်။ မြန်မာ့သိုင်း၊ ရိုးရာလက်ဝှေ့၊ ခြင်းလုံး၊ ထုပ်ဆီးတိုး၊ ရိုးရာစွန်လွှတ်ပြိုင်ပွဲ အစရှိသော မြန်မာတို့ရဲ့ချစ်စရာရိုးရာအားကစားများမှာ အမျိုးသားရေးစိတ်ဓာတ်ကိုအရင်းခံသော်လည်း ယနေ့ ကမ္ဘာ့အလယ်တွင် ရပ်တည်နိုင်ရေး၊ ထိုးဖောက်နိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီး၊ အဖွဲ့ချုပ်အသီးသီး ကြိုးပမ်းနေကြသည်မှာ အချိန်ကာလအားဖြင့် ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ အသိအမှတ်ပြု အောင်မြင်မှုများရှိသကဲ့သို့ တဖြည်းဖြည်းဆုတ်ယုတ်လာသည်များလည်း မြင်တွေ့နေရပါတယ်။ သက်ဆိုင်ရာ နိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဦးစီးဌာနများနှင့် အဖွဲ့ချုပ်များသာမက စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်လာမှုမှာလည်း ယခင်နှင့်မတူ ကဏ္ဍအလိုက်ပေါင်းစပ်ပါဝင်လာကြသော်လည်း အမှန်တကယ်ရှေ့ရောက်မှုမှာ ထိရောက်မှု၊ မြန်ဆန်မှုမရှိသည်များရှိနေသည်ကို ဌာနအသီးသီး၊ အလွှာအသီးသီးမှ ကြားသိနေရပါတယ်။ မြန်မာ့ရိုးရာအားကစားလောကထဲတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများသို့ပင် ထိုးဖောက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့သည့် ရှေ့ဆုံးမှ ရပ်တည်နေသော အားကစားမှာ ခြင်းလုံးအားကစားဖြစ်ပါတယ်။ ယင်းနောက် ဒုတိယမြောက်ရပ်နေသည်က မြန်မာပရိသတ် ချစ်ခင်မြတ်နိုးသော သဘောကျနှစ်သက်သော ရိုးရာလက်ဝှေ့ပင်။ ယနေ့ ရိုးရာလက်ဝှေ့လားရာကိုကြည့်လျှင် စိန်ခေါ်မှုပြဿနာမှာ မျိုးဆက်သစ်ပင်ဖြစ်နေသည်ကို အဖွဲ့ချုပ်အပါအဝင် လောကသားအားလုံး သိနေကြပါတယ်။**

ဒါပေမယ့် အဲဒီစိန်ခေါ်မှုပြဿနာကို ဘယ်လို မူဝါဒချမယ်၊ ဘယ်လိုဖြေရှင်းမယ်ဆိုတာကို တော့ နည်းဗျူဟာ၊ နည်းစနစ်ပိုင်းနဲ့ အချိန်ကာလ၊ ငွေကြေးသုံးစွဲမှု အပါအဝင် စည်းလုံးမှုလည်း အထူးလိုအပ်နေသလို ရေရှည်မျှော်ကိုးအချိန်ယူဖို့လည်း လိုအပ်နေပါမယ်။ ကာလတို၊ ကာလလတ်နဲ့ ကာလရှည်ပိုင်းခြားကာ သုံးသပ်ဝေဖန်ထောက်ရှုပြီး လုပ်ဆောင်ပါမှ အိမ်နီးချင်းနိုင်ငံများကဲ့သို့ မိမိကိုယ်ပိုင်ရိုးရာအမွေကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ယနေ့ ရိုးရာလက်ဝှေ့လောကမှာလည်း အဓိကစိန်ခေါ်မှုမှာ မျိုးဆက်သစ်ပြဿနာ ဖြစ်နေပါတယ်။ မျိုးဆက်သစ်ပေါ်ထွန်းရေး၊ ဖော်ထုတ်ရေး၊ မွေးမြူရေးနှင့် ရေရှည်ရပ်တည်နိုင်ရေး ဘယ်လိုမူဝါဒသွားကြမလဲ၊ ဘယ်လိုပုံဖော်ကြမလဲဆိုတာကိုတော့ ယနေ့တိုင် ဝေဝါးနေဆဲပင်။

"ကျွန်တော် ရိုးရာလက်ဝှေ့ကလပ်နှစ်ခု တည်ထောင်ထားပါတယ်၊ AMT 1-2 ဆိုပြီးတော့ပေါ့၊ AMT-2 ကတော့ မျိုးဆက်သစ်ပေါ်ထွန်းရေး အဓိကရည်ရွယ်တာဖြစ်ပါတယ်၊ အခုလို ရိုးရာလက်ဝှေ့ ကလပ်နှစ်ခုကို ကူညီထောက်ပံ့ပေးရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်က ဘောက်စင် ဝါသနာပါတယ်၊ ငယ်ငယ်ကတည်းက အကြောင်းအမျိုးမျိုးကြောင့် ဒီလောကထဲကို မဝင်ဖြစ်ခဲ့ရဘူး၊ အခုလုပ်ငန်းရှင်ဖြစ်တော့ အကြောင်း တိုက်ဆိုင်တာနဲ့ အခုလိုကလပ်ထောင်ပြီး ရိုးရာလက်ဝှေ့ လောကမြှင့်တင်ပေးဖို့ ကူညီထောက်ပံ့ပေးတာဖြစ်ပါတယ်၊ ပြောရရင် ငယ်ငယ်ကတည်းက ဝါသနာပါပြီး ကိုယ်မလုပ်ခဲ့ရတော့ မြေတောင်မြှောက်ပေးတဲ့သဘောပါ"ဟု AMT ရိုးရာလက်ဝှေ့ ကလပ်နှစ်ခုကို ကူညီထောက်ပံ့ တည်ထောင်ပေးနေသော ကိုအောင်မိုးထွန်းက ပြောပါတယ်။

AMT ရိုးရာလက်ဝှေ့ကလပ်နှစ်ခုကို ကူညီထောက်ပံ့တည်ထောင်ခဲ့သော ကိုအောင်မိုးထွန်းသည် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဂွတ္တလစ်ဇာတိဖွားဖြစ်ပြီး ပြီးခဲ့သော ၂၀၁၆ ခုနှစ်မှစတင်ကာ ရိုးရာလက်ဝှေ့ လောကထဲသို့ ချင်းနင်းဝင်ရောက်လာသူဖြစ်ပါတယ်။ ဝါသနာအရ မြန်မာ့ရိုးရာ လက်ဝှေ့ချန်ပီယံဟောင်း ဝမ်ချိုင်းနှင့် စတင်လက်တွဲခဲ့ပြီး ယခုအခါ AMT ရိုးရာလက်ဝှေ့ကလပ်နှစ်ခုကို နည်းပြချုပ် ကိုဇမ္ဗူကျော်နှင့် ကိုဇာထက်တို့ ဦးစီးမှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အဆိုပါ ကလပ်နှစ်ခုမှာ မျိုးဆက်သစ်ကစားသမားအပါအဝင် ကစားသမား ၁၀ ဦးကို မွေးမြူပေးလျက်ရှိပြီး လစဉ်ငွေကျပ် ရှစ်သိန်းဝန်းကျင်ထိ စားသောက်စရိတ်ကုန်ကျသော်လည်း လုပ်ငန်းရှင်တစ်ဦးအနေဖြင့် အောင်မြင်မှုရှိသည့်အပေါ် မူတည်ကာ အတိုင်းအတာတစ်ခုအထိ ဆက်လက်ကူညီ ထောက်ပံ့ပေးဖို့ ရည်ရွယ်ထားတယ်လို့လည်း သိရပါတယ်။



AMT-2 မျိုးဆက်သစ်ရိုးရာလက်ဝှေ့ကလပ်အဖွဲ့သားများကို တွေ့ရစဉ်။

"ကျွန်တော် ကလပ်နှစ်ခု တည်ထောင်ပြီး ခုချိန်အထိတော့ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ဘာမှ ကူညီထောက်ပံ့ပေးတာ မရှိသေးပါဘူး၊ စာတင်ပါဆိုလို့တော့ တင်ထားတယ်၊ ဘာမှ မျှော်လင့်လို့တော့ မဟုတ်ဘူး၊ အဖွဲ့ချုပ်အနေနဲ့ အခုလို မျိုးဆက်သစ်ကလပ်တွေ၊ အသစ်တည်ထောင်တဲ့ ကလပ်တွေကို တတ်နိုင်တဲ့ဘက်က ကူညီထောက်ပံ့ပေးရင်တော့ ရိုးရာလက်ဝှေ့လောက ပိုအဆင်ပြေမှာပါ၊ တစ်လကို ပြည်တွင်း မျိုးဆက်သစ် ပွဲလေးတွေ နှစ်ပွဲလောက်ရှိစေချင်တယ်၊ အဓိက ရိုးရာလက်ဝှေ့မျိုးဆက်သစ်ကစားသမားတွေအနေနဲ့ ပွဲရဖို့ အခက်အခဲဖြစ်နေတာ၊ ဒါလေးတွေကို အဖွဲ့ချုပ်က ဦးဆောင်ပြီး စီစဉ်ပေးသင့်တယ်၊ ဒါမှလည်း မျိုးဆက်သစ် အားကစားသမားတွေ ရေရှည်ရပ်တည်နိုင်မှာဖြစ်ပါတယ်"လို့ ကိုအောင်မိုးထွန်းက ဆိုပါတယ်။

AMT ရိုးရာလက်ဝှေ့ကလပ်နှစ်ခုမှာ ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်း ၅ ရပ်ကွက် မေတ္တာလမ်းမှာတည်ရှိပြီး စီးပွားရေးလုပ်ငန်းရှင် ကိုအောင်မိုးထွန်း တည်ထောင်ထားသော မျိုးဆက်သစ်ရိုးရာလက်ဝှေ့ကလပ်များ ဖြစ်ပါတယ်။ ရိုးရာလက်ဝှေ့ကို မြေတောင်မြှောက်ပေးချင်သော စိတ်ဆန္ဒတစ်ခုတည်းဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခု ဒုတိယမြောက် မျိုးဆက်သစ်ကလပ်မှာ လသားအရွယ်သာရှိသေးသော မျိုးဆက်သစ်ကလပ်တစ်ခုပါ။ လတ်တလော မျိုးဆက်သစ်ရိုးရာလက်ဝှေ့အားကစားသမားများကို ပြုစုကျွေးမွေးစောင့်ရှောက်ပေးလျက်ရှိပြီး အခြေခံအဆင့်မှ ပရိုအဆင့်သို့ ပြောင်းလဲသွားနိုင်ရေး ကြိုးပမ်းနေတာဖြစ်ပါတယ်။ စီးပွားရေးအရ ရိုးရာလက်ဝှေ့လောကသို့ ဝင်ရောက်လာခြင်းမဟုတ်ဘဲ ရိုးရာလက်ဝှေ့ကို ဝါသနာရှင်ပြည်သူတစ်ဦးအနေနဲ့ မြေတောင်မြှောက်ပေးချင်သော ဆန္ဒတစ်ခုတည်းဖြင့် ဖြစ်ပေါ်လာသော ရိုးရာလက်ဝှေ့ကလပ်များဖြစ်ပါတယ်။

လသားအရွယ်သာရှိသေးသော AMT-2 မျိုးဆက်သစ်ရိုးရာလက်ဝှေ့ကလပ်မှ နည်းပြ ကိုကိုင်ဇာလင်း(ခ) ဇာထက်ကလည်း "ကျွန်တော်က ဒီရိုးရာလက်ဝှေ့ကို ငယ်ငယ်ကတည်းက ဝါသနာပါခဲ့တာ၊ ကျွန်တော့်ဇာတိက မန္တလေးတိုင်းဒေသကြီး သာစည် မြို့နယ်ကပါ၊ ကျွန်တော် သိတတ်တဲ့အရွယ်မှာ လက်ဝှေ့ မျိုးဆက် သိပ်မရှိတော့ဘူး၊ သာစည်မောင်မောင်ကြီးကလည်း လက်ဝှေ့လောကက နားသွားပြီ၊ အဲဒီအချိန်မှာပဲ ပုဂံညောင်ဦး၊ မိတ္ထီလာ၊ သာစည်၊ သဲတောဝမ်းတွင်းဘက်တွေမှာ ဝါသနာအရ ကျွန်တော် ကြားပွဲလေးတွေ စထိုးဖြစ်ခဲ့တယ်၊ ပညာရှင်တွေနဲ့ မသင်ခဲ့ရဘူး၊ ညီဖြစ်တဲ့ ရှမ်းကို လက်ဝှေ့လောကထဲ ရောက်မှ အသက်အရွယ်အရ နည်းပြအဖြစ် တစ်ကျော့ပြန်ဝင်လာခဲ့တာပါ"ဟု ပြောပါတယ်။

ကိုဇာထက်ဟာ ရိုးရာလက်ဝှေ့ကို ငယ်စဉ်ကတည်းက ဝါသနာထုံသူတစ်ဦးဖြစ်ပြီး သူကြီးရင့်လာတဲ့အခါမှာတော့ ရိုးရာလက်ဝှေ့နည်းပြဆရာများဖြစ်တဲ့ ဆရာဦးစောညီညီ၊ ဦးကျော်စိုး၊ ဦးတင်ဦး၊ ဦးဝင်းဇင်ဦး၊ ကိုဝင်းထွန်းတို့နဲ့ လက်တွဲကာ ပညာများသင်ယူဆည်းပူးခဲ့ရတယ်လို့ သိရပါတယ်။ ရိုးရာလက်ဝှေ့ လောကထဲ တစ်ကျော့ပြန် ဝင်ရောက်လာတာ ခုနှစ်နှစ်လောက်ရှိပြီဖြစ်ပြီး T & T ကလပ်မှာ ပထမဆုံး လက်ထောက်နည်းပြအဖြစ် လုပ်ခဲ့တာဖြစ်ပါတယ်။ တိုင်းဒေသကြီးနှင့် ပြည်နယ် ရွှေတံဆိပ်ဆုရှင် ထွန်းလင်းခန့်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခုအခါမှာတော့ အသက် ၂၀ မကျော်သေးသော ရိုးရာလက်ဝှေ့ ဝါသနာပိုးပါ ကလေးတွေကို လမ်းကြောင်းမှန်သို့ ရောက်အောင်ပို့ဆောင်လေ့ကျင့်ပျိုးထောင်ပေးနေသူ တစ်ဦးဖြစ်ပါတယ်။

"ရိုးရာလက်ဝှေ့လောကမှာ အရင်က ကိုယ့်စရိတ်ကိုယ်စားပြီးထိုးခဲ့ရတာ၊ အခုနောက်ပိုင်းတော့ အဲလောက်ထိမဆိုးတော့ပါဘူး၊ ဒါပေမယ့် ချို့တဲ့တဲ့ကလပ်တွေကို အဖွဲ့ချုပ်အနေနဲ့ အများကြီး ကြည့်ပေးဖို့လိုပါတယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ တစ်လတစ်ပွဲနှုန်းလုပ်ပေးရင် မျိုးဆက်သစ်ပေါ်ထွန်းမှု ပိုများလာမယ်၊ ပေါ်ထွန်းလာတဲ့ မျိုးဆက်သစ်တွေကိုလည်း ရေရှည်၊ ရေတိုကြည့်ပြီး မူဝါဒချ ထိန်းသိမ်းပေးဖို့ လိုအပ်ပါတယ်"ဟု ကိုဇာထက်က ယနေ့ခေတ်ရိုးရာလက်ဝှေ့လောကရဲ့အမြင်ကို ဝေဖန်ခဲ့ပါတယ်။

AMT မျိုးဆက်သစ် ရိုးရာလက်ဝှေ့ကလပ် နည်းပြချုပ် ကိုဇာထက်ဟာ ကျွန်းဆွယ် အာရှ ဘောက်ဆင် ချန်ပီယံ မဟာဒူးထံ နှစ်ဝက်ခန့် ပညာသင်ကြားခဲ့သူတစ်ဦးဖြစ်ပါတယ်။ ကြားပွဲများ အပါအဝင် ရိုးရာလက်ဝှေ့ကို စုစုပေါင်း ၁၅ ပွဲဝန်းကျင်ထိုးခဲ့ပြီး နောက်ဆုံးထိုးခဲ့သော ၂၀၁၄ ခုနှစ် ဇင်မောင်မောင်နှင့်ပွဲမှာတော့ တတိယအချီမှာ အနိုင်ရခဲ့သူတစ်ဦးဖြစ်ပါတယ်။

ယခုအခါ မျိုးဆက်သစ်ရိုးရာ လက်ဝှေ့ကစားသမားများကို မွေးထုတ်ပေးလျက်ရှိသော AMT မြန်မာ့ရိုးရာလက်ဝှေ့ကလပ် ဆရာများ၏ စွမ်းပကားကြောင့် တောက်ပသော မျိုးဆက်သစ် ငွေကြယ်ပွင့်များ အမှန်တကယ် ဖြစ်လာမည်လား စောင့်ကြည့်ရတော့မည်ဖြစ်ပါကြောင်း------။ ။



နည်းပြဇာထက် မျိုးဆက်သစ်ရိုးရာလက်ဝှေ့သမားတစ်ဦးအား လေ့ကျင့်ပေးနေစဉ်။

လူ ငယ် နှင့် အ သိ ပ ညာ ပေး

# ကလေးများနှင့်လူငယ်များ အွန်လိုင်းကို စိတ်ချလုံခြုံစွာအသုံးပြုကြစို့

**ခင်ရတနာ**




ကမ္ဘာပေါ်ရှိ ကလေးများနှင့် ဥပဒေအရ အရွယ်မရောက်သေးသည့် ကလေးအားလုံး၏ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသည် အွန်လိုင်းမှတစ်ဆင့် မတရားအကြမ်းဖက်မှုများကို ခံစားနေကြရပြီး ကလေးများအွန်လိုင်းသုံးစွဲမှုသည်လည်း တစ်နှစ်ထက်တစ်နှစ် မြင့်မားလာနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသည်။ ထို့ကြောင့် အချို့နိုင်ငံများတွင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည့် အီလက်ထရွန်နစ်ပစ္စည်းများကို ကလေးငယ်များ မသုံးစွဲကြရန်ရည်ရွယ်ကာ ကန့်သတ်ချက်များ ထုတ်ပြန်ထားသကဲ့သို့ အချို့နိုင်ငံများတွင်လည်း အွန်လိုင်းမှတစ်ဆင့် ကလေးသူငယ်များ အကြမ်းဖက်ခံရမှုမှ ကင်းဝေးစေရန်အတွက် တားမြစ်ထားကြသည်ကိုလည်း မြင်တွေ့ရသည်။ မြန်မာနိုင်ငံသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မိုဘိုင်းသုံးစွဲမှုမှာ အမြင့်ဆုံးဖြစ်ခဲ့ပြီး ဆက်သွယ်ရေးကဏ္ဍ မိုဘိုင်းသုံးစွဲနိုင်မှုသည် ၁၁၀ ဒသမ ၄၄ ရာခိုင်နှုန်းသို့ ရောက်ရှိလာခဲ့ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရှိရပြီး ၂၀၁၉ ခုနှစ်တွင် နိုင်ငံ့လူဦးရေ၏ ၉၄ ရာခိုင်နှုန်းခန့်ကို ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံနိုင်ရန် ကြိုးပမ်းမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားသည်။

တစ်ဖက်တွင်လည်း လူဦးရေစုစုပေါင်းအနက် ကလေးလူဦးရေ ၁၂ သန်းခန့်ရှိသည့် မိမိတို့နိုင်ငံအတွက် အွန်လိုင်းအသုံးပြုခြင်းတွင် လုံခြုံစိတ်ချစွာသုံးစွဲနိုင်ရန်မှာလည်း များစွာအရေးကြီးကြောင်း ယူနီဆက်ဖ်မြန်မာ၏ ဌာနေကိုယ်စားလှယ် မစ္စနိုရီကိုအစ်ဆူမီက ပြောကြားသည်။ ထို့ပြင် အင်တာနက်နှင့် လက်ကိုင်ဖုန်းများကို လွယ်လင့်တကူအသုံးပြုခြင်းသည် တိုးတက်ဖွံ့ဖြိုးခြင်းအဖြစ် ဝမ်းမြောက်ဖွယ်မြင်တွေ့ရသော်လည်း လုံခြုံစိတ်ချစွာအသုံးပြုနိုင်ရေးအတွက် သင့်တော်သည့် ကန့်သတ်မှုများ ပညာပေးမှုများ အားနည်းနေသေးသည်ကို မြင်တွေ့ရသည်။

“အင်တာနက်အသုံးပြုတာဟာ သတင်းအချက်အလက်တွေ ရရှိစေရုံမျှမက စိတ်ဝင်စားစရာကောင်းပြီး ပျော်ရွှင်မှုကို ဖန်တီးပေးမယ့် ဖုံးကွယ်ထားတဲ့ အန္တရာယ်ရှိတဲ့ ကမ္ဘာတစ်ခုဖြစ်လာနိုင်ပါတယ်၊ ပျော်ပျော်ရွှင်ရွှင်နဲ့ လုံလုံခြုံခြုံသုံးနိုင်မယ့် အခြေအနေကို ဖန်တီးသင့်တယ်၊ ဒါကြောင့် World Vision မြန်မာကနေ အင်တာနက်နဲ့ လက်ကိုင်ဖုန်းတွေကို လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ဖို့အတွက် အကြံပြုချက်တွေ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါတယ်”ဟု World Vision မြန်မာမှ ဒေါ်ဝင်းပပအေးကပြောကြားသည်။

### အွန်လိုင်းနဲ့ရှောင်ရန်

အင်တာနက်စာမျက်နှာအချို့တွင် အချက်အလက်များဖြည့်သွင်းရပြီး ယင်းတို့တွင် ဖုန်းနံပါတ်များ၊ နေရပ်လိပ်စာများ၊ ကျောင်းလိပ်စာများ၊ အိမ်လိပ်စာများ၊ မိဘအလုပ်အကိုင် သို့မဟုတ် အီးမေးလ်လိပ်စာများကို ပေးအပ်ရသည့်အခါ အများစုသည် သတင်းအချက်အလက်မှန်များကို ပေးသွင်းမိကြသဖြင့် မိမိ၏ တိကျသည့် သတင်းအချက်အလက်များအား မသမာသူများက အန္တရာယ်ပြုချဉ်းကပ်ခြင်းကို သတိပြုသင့်ကြောင်း သိရှိရသည်။ နိုင်ငံတကာ အွန်လိုင်းမှုခင်းများအနက် အများဆုံး ဖြစ်ပွားရသည့် ဇာစ်မြစ်များအနက် ယင်းအချက်သည်အဓိကအချက်ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် အသက်မပြည့်သေးသူများအားလုံးသည် မိဘ သို့မဟုတ် ယုံကြည်စိတ်ချရသည့် လူကြီးတစ်ဦးဦးအား အသိမပေးဘဲ အွန်လိုင်းတွင်တွေ့သည့် သူစိမ်းတစ်ဦးဦးနှင့် အပြင်တွင် တွေ့ဆုံခြင်းမပြုလုပ်ရန် အထူးအရေးကြီးပြီး အကယ်၍ မဖြစ်မနေတွေ့လိုသည်ဆိုလျှင်လည်း အုပ်ထိန်းသူတစ်ဦးဦးနှင့်အတူ စောင့်ရှောက်မှုကိုခံ၍ သွားရောက်တွေ့ဆုံသင့်ကြောင်း World Vision မြန်မာက အကြံပြုထားသည်။

ကလေးသူငယ်အများဆုံး ကြုံတွေ့နိုင်သည့် အချက်တစ်ခုမှာ အယုံလွယ်ကာ မိမိ၏ လျှို့ဝှက်နံပါတ်များ၊ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ရယူပြီး ကလေးသူငယ်များအပြင် မိသားစုကိုပါ အကြီးအကျယ်ဒုက္ခပေးနိုင်ကြောင်း သတိပြုသင့်ပြီး ကိုယ်တိုင် သို့မဟုတ် သူငယ်ချင်းများ၏ ဓာတ်ပုံများကို အသုံးပြုကာ လိင်ပိုင်းဆိုင်ရာအသားပေးထားသည့် အကြောင်းအရာများ၊ ဓာတ်ပုံများဖြင့် နာမည်တုကို အသုံးပြုကာတင်ကြခြင်းသည်လည်း ယခုနောက်ပိုင်းတွင် အွန်လိုင်းမှုဆိုးများကြောင့် အတိဒုက္ခရောက်ရသည့် သာဓကများစွာရှိလာခဲ့ပြီဖြစ်သည်။

“လူငယ်တွေမှာအများဆုံးဖြစ်ကြတာက ကိုယ့်အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာတွေကြုံလာပြီဆိုရင် ဖြစ်လာတဲ့သတင်းအချက်အလက်အပေါ်ကို ခံစားချက်အပြည့်နဲ့ တုံ့ပြန်တတ်ကြတယ်၊ အဲဒီလို တုံ့ပြန်ခြင်းက အွန်လိုင်းပေါ်မှာ မှန်ကန်တဲ့တုံ့ပြန်ခြင်းမဟုတ်ဘဲ မလိုလားအပ်တဲ့ဆိုးကျိုးတွေ ကြုံတွေ့နိုင်ပါတယ်၊ အကယ်၍ အွန်လိုင်းပေါ်မှာ ကိုယ့်အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ တစ်ခုခုနဲ့ ကြုံရပြီဆိုရင် ကလေးသူငယ်တွေအနေနဲ့ မိဘ သို့မဟုတ် ယုံကြည်စိတ်ချရတဲ့ ဆွေမျိုး၊ အုပ်ထိန်းသူတွေကို ပြောကြားခြင်းကသာ မှန်ကန်ပါတယ်၊ ဒါမှသာ ပြဿနာတစ်စုံတစ်ရာဖြစ်ပွားလာခဲ့မယ်ဆိုရင် လူကြီးမိဘတွေက လိုက်လံဖြေရှင်းပေးနိုင်မှာဖြစ်ပါတယ်”ဟု အွန်လိုင်းဘလော်ဂါ ကိုစိုးသူရက ပြောကြားသည်။

### ဘာကြောင့်အနိုင်ကျင့် ခြိမ်းခြောက်မှုတွေ ဖြစ်ရသလဲ

မျှော်လင့်မထားသည့်အချိန်အခါများတွင် ရည်ရွယ်ချက်ရှိရှိ ဓာတ်ပုံရိုက်ယူကာ ထိုးနှက်တိုက်ခိုက်ခြင်းများကြုံတွေ့ရနိုင်ပါသည်။ သို့မဟုတ် မိမိအား အခွင့်အရေးယူကာ စော်ကားပုတ်ခတ်သည့် ခြိမ်းခြောက်ပြက်ရယ်ပြုသည့် အဖြစ်အပျက်များ ပြုလုပ်လိုသည့်အချိန်အခါမရွေး ခြိမ်းခြောက်နိုင်ကြသည်။ စော်ကားပုတ်ခတ်ထားသည့် အသံဖိုင်များ၊ ဗီဒီယိုဖိုင်များ၊ စာသားများ၊ မိမိ၏ လက်ကိုင်ဖုန်းများ၊ အွန်လိုင်းတို့မှတစ်ဆင့် ရောက်ရှိလာမည်ဆိုပါက အချိန်မဆိုင်းဘဲ မိဘအုပ်ထိန်းသူများနှင့် တိုင်ပင်ကာ ကာကွယ်မှုများ ရယူနိုင်ကြောင်းသိရသည်။

အခြားသူများထံ ဖုန်းနံပါတ်များ၊ ဓာတ်ပုံများအား လွယ်လင့်တကူ ပေးအပ်ရန် မသင့်ဘဲ ပြန်လည်မျှဝေခြင်း၊ ခြိမ်းခြောက်စော်ကားခြင်းများအတွက်လည်း ကြိုတင်ရှောင်ရှားသင့်ရန်လိုအပ်ပြီး မိမိအား တိုက်ခိုက်စေသည့် သတင်းအချက်အလက်များအပေါ် တုံ့ပြန်ပြောဆိုခြင်းသည် အနိုင်ကျင့်ခြိမ်းခြောက်မှုအား အားပေးရာရောက်သည့်အပြင် မိမိ၏ အဆင့်အတန်းနှင့် အရည်အသွေးကိုပါကျဆင်းစေနိုင်သဖြင့် တတ်နိုင်သမျှ ရှောင်ရှားကြရန်လိုအပ်ကြောင်း World Vision မြန်မာမှ သတိပေးထားသည်။

### တာဝန်သိ မိုဘိုင်းဖုန်းသုံးသူ ဖြစ်ရန်လိုအပ်

“အွန်လိုင်းလို နေရာမျိုးမှာလည်း တာဝန်ခံမှု၊ တာဝန်ယူမှုနဲ့ အပြန်အလှန်လေးစားလိုက်နာမှုတွေ လိုအပ်ပါတယ်၊ သုံးမယ့်စကားလုံးကအစ အသိဉာဏ်ရှိရှိ သေချာစွာရွေးချယ်အသုံးပြုသင့်ပါတယ်၊ မိဘတွေအနေနဲ့လည်း ကိုယ်တိုင်စံပြအဖြစ် သုံးစွဲမှုမှန်ကန်သင့်ပါတယ်၊ အီးမေးလ်တွေမှာ အသုံးပြုတဲ့စာတိုပို့ရာမှာ စာရှည်ကြီးတွေသုံးတာမျိုးကိုလည်း ရှောင်သင့်တယ်၊ ကိုယ်မသိတဲ့အခြားသူတစ်ယောက်ရဲ့ ဓာတ်ပုံတွေကို အလွဲသုံးစားမှုလည်း လုံးဝမပြုလုပ်သင့်ဘူး၊ ဒီလိုလုပ်ခြင်းအားဖြင့် ကိုယ်ယူသုံးတဲ့ ပုံပိုင်ရှင်အစစ်အမှန်အနေနဲ့ အချိန်မရွေး ထိခိုက်နစ်နာနိုင်တာကိုလည်း သတိပြုသင့်တယ်၊ မိသားစုအတွင်းမှာလည်း အင်တာနက်သုံးစွဲမှုနဲ့ ပတ်သက်ပြီး စည်းမျဉ်း၊ စည်းကမ်းလေးတွေ ချထားသင့်တယ်”ဟု မစ္စနိုရီကိုအစ်ဆူမီက ရှင်းပြသည်။

စိတ်ချလုံခြုံစွာ အင်တာနက်အသုံးပြုခြင်း၊ ကျင့်ဝတ်နှင့်အညီ မိုဘိုင်းလ်ဖုန်းအသုံးပြုခြင်းနှင့် နည်းပညာအသစ်များကို ကလေးများ နားလည်စေခြင်းမှာ မိဘများတွင် အဓိကတာဝန်ရှိပြီး မိဘများအတွက်လည်း ကလေးငယ်များအား အွန်လိုင်းသုံးစွဲမှုကို စနစ်တကျထိန်းချုပ်နိုင်ရန်အတွက် ကိုယ်တိုင်လည်း သုံးစွဲမှုအပေါ် ဝေဖန်သုံးသပ်သင့်ကြောင်း World Vision မြန်မာမှ အသိပညာပေးလမ်းညွှန်ထားသည်။

### ဆော့ဖ်ဝဲတွေ အက်ပလီကေးရှင်းတွေနဲ့ စိစစ်

ဈေးကွက်အတွင်း ကွန်ပျူတာအတွင်း၊ ဖုန်းများအတွင်းသို့ ဒေါင်းလုတ်ရယူခြင်းဖြင့် စိစစ်ကန့်သတ်မှုများ ပြုလုပ်ပေးနိုင်သည့် ပရိုဂရမ်အမျိုးမျိုးရှိနေပြီဖြစ်သည်။ ထိုစိစစ် ဟန့်တားပေးသည့် ဆော့ဖ်ဝဲများသည် အချို့အင်တာနက်စာမျက်နှာများအား ဝင်ရောက်ကြည့်ရှုခြင်း မရရှိစေရန် ကန့်သတ်ပေးထားပြီး အချို့အက်ပလီကေးရှင်းများသည် အသုံးပြုသူ၏ အသုံးပြုထားသည့် လုပ်ငန်းစဉ်များကို မှတ်သားပေးထားသဖြင့် ကလေးသူငယ်များ မသင့်လျော်သည့် စာမျက်နှာများသို့ ဝင်ရောက်ကြည့်ရှုမှုကို တားမြစ်ကာကွယ်ပေးနိုင်ကြောင်းသိရသည်။

အင်တာနက်အသုံးပြုရာတွင် ကလေးအကြိုက် ဝက်ဘ်ဆိုက်များ၊ စကားပြောနိုင်သော Chat Site ကိုသိထားခြင်းအားဖြင့် ကလေးအနေဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် အန္တရာယ်များကိုလည်း ကြိုတင်တွက်ဆနိုင်မည်ဖြစ်သည်။ ထို့ပြင် ကလေးသူငယ်များအား အင်တာနက်အသုံးပြုမှုအတွက် ကလေးချင်း ချိတ်ဆက်ဖွင့်သည့် နည်းလမ်းထက် မိဘများက ဦးဆောင်ကာ Account Setting ပြုလုပ်ပေးခြင်းဖြင့် ကလေးသူငယ်များ၏ မိတ်ဆွေများနှင့် သတင်းအချက်အလက်များ ရယူချိတ်ဆက်နိုင်ရန် ကြိုးပမ်းနိုင်ကြောင်း World Vision မြန်မာမှ သိရသည်။

“အများအားဖြင့် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေအရ အွန်လိုင်းမှာ စော်ကားခံရရင်တောင် ဖွင့်ပြောပြမယ့်သူ တော်တော်လေးနည်းပါးတယ်၊ အများစုက စော်ကားခံရတိုင်းမှာ ငြိမ်ခံနေလိုက်ကြပြီး အများဆုံးအပြစ်ပေးတဲ့သဘောက ဘလော့ခ် Block လိုက်ကြတာများတယ်၊ အမှန်က ယုတ်မာတဲ့သူတွေကို ဖော်ထုတ်ပြီး အပြစ်ပေးသင့်တယ်၊ ငြိမ်ခံနေရတယ်ဆိုတာဟာလည်း မိဘတွေရဲ့သင်ကြားမှုနဲ့လည်း သက်ဆိုင်ပါတယ်၊ ဥပမာပြောရရင် အပြန်အလှန်လေးစားယုံကြည်မှုမျိုးမဟုတ်တဲ့ အကြမ်းဖက်မှု သို့မဟုတ် အိမ်တွင်းခြိမ်းခြောက်မှုတွေကို ကြုံထားရတဲ့ ကလေးသူငယ်တွေဟာ ကြောက်စိတ်က အလိုလိုလွှမ်းမိုးနေတဲ့အတွက် မတရားခံရတာကိုလည်း တွန်းလှန်လိုတဲ့စိတ် အားနည်းတတ်ကြတယ်၊ ကလေးသူငယ်တွေ ဓာတ်ပုံတင်တဲ့အခါ မိဘတွေအနေနဲ့ သတိထားပေးစေလိုတဲ့အချက်ကတော့ ရောက်ရှိနေတဲ့နေရာကို ဖော်ပြလိုတဲ့အခါ မြေပုံနဲ့ဖြစ်ဖြစ်၊ နောက်ခံဓာတ်ပုံအဖြစ် ဖော်ပြတာမျိုးကို တားမြစ်သင့်ပြီး မဖြစ်မနေဖော်ပြလိုရင်လည်း မိဘ သို့မဟုတ် ယုံကြည်စိတ်ချရတဲ့သူနဲ့ tag တွဲပြီးမှသာ လွှင့်တင်သင့်ပါတယ်”ဟု မစ္စနိုရီကို အစ်ဆူမီက ပြောသည်။

ထို့ကြောင့်ကလေးများအား မှန်ကန်သည့်နည်းလမ်းများဖြင့် အင်တာနက်ကို အသုံးပြုတတ်စေရန်နှင့် မှားယွင်းသွားနိုင်သည့် အခြေအနေများကိုလည်း မိဘများ၊ ဆရာသမားများနှင့် အုပ်ထိန်းသူများက သိရှိကာ တည့်မှတ်စေရန်နှင့် အွန်လိုင်းသည် ကလေးများအတွက် ပျော်ရွှင်သော သင်ယူမှုများနှင့် အကောင်းဆုံးသော အပန်းဖြေမှုများ ဖြစ်လာစေရန်အတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းကြရန် လိုအပ်ပါကြောင်း။ ။

“အင်တာနက်စာမျက်နှာအချို့တွင် အချက်အလက်များဖြည့်သွင်းရပြီး ယင်းတို့တွင် ဖုန်းနံပါတ်များ၊ နေရပ်လိပ်စာများ၊ ကျောင်းလိပ်စာများ၊ အိမ်လိပ်စာများ၊ မိဘအလုပ်အကိုင် သို့မဟုတ် အီးမေးလ်လိပ်စာများကို ပေးအပ်ရသည့်အခါ အများစုသည် သတင်းအချက်အလက်မှန်များကို ပေးသွင်းမိကြသဖြင့် မိမိ၏ တိကျသည့် သတင်းအချက်အလက်များအား မသမာသူများက အန္တရာယ်ပြုချဉ်းကပ်ခြင်းကို သတိပြုသင့်ကြောင်း သိရှိရသည်။ နိုင်ငံတကာ အွန်လိုင်းမှုခင်းများအနက် အများဆုံးဖြစ်ပွားရသည့် ဇာစ်မြစ်များအနက် ယင်းအချက်သည် အဓိကအချက်ဖြစ်ကြောင်း သိရှိရသည်”

ခ ရီး သွား ဆောင်း ပါး

# ပတ္တမြားမြေဆီသို့

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ - ခင်ဇွန်ဇာလင်း



ရွှေတောင်ဦးစေတီတော်မှ ရွှေတူရူသို့ လှမ်းမျှော်ကြည့်ရှုလိုက်ရာ တောင်များအလယ်တွင် ပြားပြားဝပ်နေသော နေအိမ်တိုက်တာများကို တွေ့ရသည်။ အပေါ်စီးမှ မြင်တွေ့ရသောမြင်ကွင်းကြောင့် တချို့အိမ်များကမြေပြင်နှင့် ထိကပ်နေသည့်အလား ထင်ရသည်။ ရွှေရောင်ဝင်းပနေသော ဘုရားပုထိုးစေတီများကိုလည်း ဖူးမြော်မြင်တွေ့ရသည်ဖြစ်ရာ စိတ်နှလုံးချမ်းမြေ့စရာကောင်းလေသည်။ နံနက် ၈ နာရီခန့်ရှိသဖြင့် တောင်ကြောများပေါ်တွင် မြူနှင်းများကို ဟိုတစ်စ၊ သည်တစ်စ လှမ်းမြင်ရသည်။ အအေးဓာတ်က လွှမ်းခြုံနေဆဲဖြစ်ရာ မိုးကုတ်မြို့က အေးချမ်းတိတ်ဆိတ်နေသည်ဟု ခံစားရသည်။

ကျွန်တော် မိုးကုတ်မြို့ကို လွန်ခဲ့သည့် ငါးနှစ်ခန့်က တစ်ကြိမ်ရောက်ခဲ့ဖူးသည်။ အလုပ်တာဝန်ဖြင့်လာရောက်ရသည်ဖြစ်ရာ နေရာစုံမရောက်ခဲ့။ အခုတစ်ခေါက်လည်း ကျောက်မဲမြို့သို့ရောက်ရှိချိန် အလုပ်တာဝန်များပြီးစီးသဖြင့် မိုးကုတ်မြို့သို့ မိတ်ဆွေတစ်ဦး၏ ကားကြုံလည်းရှိသဖြင့် လိုက်လာခဲ့ခြင်းဖြစ်သည်။ ညကမိုးချုပ်မှ ရောက်သဖြင့် ယခုနံနက်ပိုင်းအချိန်တွင် မိတ်ဆွေကိုထွန်းအောင်၏ ကိစ္စများလည်း အချိန်တိုအတွင်း ပြီးစီးသွားရာ မိုးကုတ်မြို့တွင် ကျွန်တော်တို့ လိုက်လံလေ့လာကြည့်ရှုနေကြခြင်းဖြစ်သည်။

### သက်တမ်းရင့်

တကယ်တော့ မိုးကုတ်မြို့သည် မြန်မာနိုင်ငံ၏ ရတနာမြေဖြစ်ပြီး ကမ္ဘာ့အကောင်းဆုံး ပတ္တမြားများနှင့် ကျောက်မျက်ရတနာများ ထွက်ရှိရာနေရာလည်း ဖြစ်သည်။ မိုးကုတ်မြို့၏ အောက်ခံကျောက်ဖျာထုသည် မြန်မာနိုင်ငံတွင် သက်တမ်းအရင့်ဆုံးဖြစ်ကြောင်း ဘူမိဗေဒပညာရှင်များကဆိုထားသည်ကို လေ့လာခဲ့ဖူးသည်။

ကျွန်တော်တို့ ရွှေတောင်ဦးစေတီကို ဦးချဖူးမြော်ပြီး ပြန်ထွက်လာခဲ့ကြသည်။ မိုးကုတ်မြို့ကို မန္တလေး-မြစ်ကြီးနားကားလမ်းက ဖြတ်သန်းထားသည်ဖြစ်ရာ ၁၂၈ မိုင်ဝေးသော မန္တလေးမြို့သို့ကားဖြင့် ကောင်းမွန်စွာသွားလာနိုင်သည်။ မိုးကုတ်မြို့အရှေ့တောင်ဘက် ၂၁ မိုင်ခန့်အကွာတွင် မိုင်းလုံမြို့တည်ရှိပြီး မိုးမိတ်မြို့မှာ မိုးကုတ်မြို့မြောက်ဘက် ၂၈ မိုင်ခန့်အကွာတည်ရှိသည်။ မိုးကုတ်မြို့အနောက်ဘက် မိုင် ၆၀ ခန့်အကွာတွင် သပိတ်ကျင်းမြို့ရှိသည်ဖြစ်ရာ လွန်ခဲ့သည့် ခြောက်နှစ်ခန့်က သပိတ်ကျင်းမြို့သို့ ကျွန်တော်ရောက်ရှိစဉ် မိုးကုတ်မြို့သို့သွားရန် စိုင်းပြင်းခဲ့သော်လည်း အထမမြောက်ခဲ့သည်ကို ပြန်သတိရမိသည်။

ကျွန်တော်တို့ မိုးကုတ်မြို့ထဲသို့ ကားဖြင့် လိုက်လံလေ့လာခဲ့ရာ ကားလမ်းဘေးဝဲယာတွင် နေအိမ်တိုက်တာဟောင်းများကို တွေ့မြင်ရသော်လည်း အထပ်မြင့်အဆောက်အအုံများမတွေ့ရ၊ နေအိမ်ဆိုင်များ၊ စားသောက်ဆိုင်များကိုတွေ့ရပြီး အရောင်းအဝယ်ဖြစ်ကြောင်း သတိပြုမိသည်။ ကျွန်တော်တို့ နံနက်စောစာမစားရသေးသဖြင့် လက်ဖက်ရည်နှင့်တွဲပြီး ရောင်းသောဆိုင်တစ်ဆိုင်အတွင်း ဝင်ရောက်ခဲ့ကြသည်။ သည်ဆိုင်တွင် တို့ဟူးနွေးရသဖြင့် မှာယူစားကြည့်ရာ အရသာမှာ ထင်သလောက်မကောင်း၊ တောင်ကြီးမြို့ရောက် ခဲ့စဉ်က စားခဲ့ရသည့် တို့ဟူးနွေးလောက် အရသာမရှိချေ။

**"မိုးကုတ်မြို့သည် တောင်များအလယ်တွင် တည်ရှိသဖြင့် ပတ်ဝန်းကျင်တစ်ခွင်တွင် တောင်များကို တွေ့ရသည်။ မိုးကုတ်ဒေသအနီး အမြင့်ဆုံးတောင်များမှာ အမြင့်ပေ ၇၅၄၄ ပေရှိသည့် တောင်မင်းတောင်၊ အမြင့်ပေ ၆၇၃၃ ပေရှိသော ကျေးနီတောင်၊ အမြင့် ၆၂၂၃ ပေရှိသော တောင်တော်၊ အမြင့်ပေ ၅၉၅၅ ပေရှိသည့် မြို့မြင်တောင်၊ အမြင့်ပေ ၅၆၀၆ ရှိသော ထင်ရှူးတောင်၊ အမြင့်ပေ ၅၃၄၅ ပေရှိသည့် ပင့်ကူတောင်၊ အမြင့်ပေ ၅၂၇၇ပေရှိသည့် ဒေါ်နန်းကြည့်တောင်တို့တည်ရှိရာ မိုးကုတ်မြို့မှာ တောင်များအကြား ဒယ်အိုးပုံသဏ္ဌာန်တည်ရှိနေခြင်းဖြစ်သည်"**

### နေထိုင်ကြ

ဆိုင်တွင်ခေတ္တထိုင်ရင်း ဆိုင်ရှေ့ကားလမ်းပေါ်တွင် မောင်းနှင်သွားလာနေကြသော ကားမျိုးစုံ၊ ဆိုင်ကယ်မျိုးစုံတို့ကို ကြည့်ရှုနေမိသည်။ မိုးကုတ်မြို့က အဓိကအားဖြင့် ကျောက်အရောင်းအဝယ် ၊ ကျောက်ဖြတ်ခြင်း၊ ကျောက်သွေးခြင်း၊ ကျောက်တူးခြင်းများ လုပ်ကိုင်ကြပြီး စိုက်ပျိုးရေးလုပ်ကိုင်သူများလည်းရှိသည်။ တောင်ယာ၊ လက်ဖက်နှင့် ကော်ဖီစိုက်ပျိုးသူအချို့လည်းရှိကြောင်း သိရသည်။ ဗမာ၊ ရှမ်း၊ လီဆူး၊ ပလောင် စသည့် တိုင်းရင်းသားများနေထိုင်ကြသည်ဖြစ်ရာ စိုက်ပျိုးမြေနည်းသဖြင့် ကျောက်နှင့်ပတ်သက်ဆက်နွှယ်သော အလုပ်အကိုင်များ၊ အရောင်းအဝယ်များလုပ်ကိုင်ကြခြင်း ဖြစ်သည်။

မိုးကုတ်မြို့တွင် ငါးရက်ဈေးရှိသည်ဖြစ်ရာ ကျွန်တော်တို့ သွားရောက်ခဲ့ကြသည့်ဈေးစည်ကားချိန်ရောက်သွားသဖြင့် ရောင်းသူဝယ်သူများ တိုးဝှေ့သွားလာနေကြပြီး ရောင်းချသူ၊ ဝယ်ယူသူများဖြင့် လှုပ်လှုပ်ရှားရှားရှိနေသည်။ ဒေသထွက်ကုန်များဖြစ်သည့် လက်ဖက်ခြောက်၊ ဟင်းသီးဟင်းရွက်တို့အပြင် အဝတ်အထည်နှင့် အခြားအသုံးအဆောင်များ ရောင်းချနေကြသည်ကို တွေ့ရသည်။

မိုးကုတ်မြို့သည် မြို့ပေါ်ရပ်ကွက်အုပ်စုငါးအုပ်စုရှိပြီး ကျေးရွာအုပ်စု ၃၀ ရှိကာ ကျေးရွာပေါင်း ၁၃၂ ရွာရှိကြောင်း သိရသည်။ မိုးကုတ်မြို့တွင် ယခင်က လူနေထိုင်မှု သိပ်သည်းခြင်းမရှိသော်လည်း ယခုအချိန်၌ တစ်စတုရန်းမိုင်တွင် လူ ၄၀၀ ခန့် နေထိုင်ကြောင်းလည်း သိရသည်။ ကျွန်တော်တို့ ဈေးအတွင်း လိုက်လံကြည့်ရှုရာ ရှမ်း၊ လီဆူး၊ ပလောင်တိုင်းရင်းသား ဝတ်စုံများဝတ်ဆင်ကာ ဈေးရောင်း၊ ဈေးဝယ်နေကြသည့် ဒေသခံတိုင်းရင်းသားအချို့ကိုလည်း တွေ့ရသည်။

မိုးကုတ်မြို့တွင် ညဈေးရှိသော်လည်း ကျွန်တော်တို့ ခရီးပန်းလာသဖြင့် ညကမသွားဖြစ်ခဲ့ကြ၊ ကျွန်တော်ကသွားလိုသော ဆန္ဒရှိသော်လည်း မိတ်ဆွေဖြစ်သူကိုထွန်းအောင်က သူ့အလုပ်ကိစ္စများကို ရောက်ရောက်ချင်းဆောင်ရွက်နေသဖြင့် မရောက်ခဲ့ခြင်းလည်းဖြစ်သည်။ ကျွန်တော်တို့ ငါးရက်ဈေးအတွင်းမှ ပြန်ထွက်လာခဲ့ကြပြီး ကျောက်မျက်များရောင်းချရာသို့ သွားရောက်ခဲ့ကြသည်။

မိုးကုတ်မြို့သည် တောင်များအလယ်တွင် တည်ရှိသဖြင့် ပတ်ဝန်းကျင်တစ်ခွင်တွင် တောင်များကို တွေ့ရသည်။ မိုးကုတ်ဒေသအနီး အမြင့်ဆုံးတောင်များမှာ အမြင့်ပေ ၇၅၄၄ ပေရှိသည့် တောင်မင်းတောင်၊ အမြင့်ပေ ၆၇၃၃ ပေရှိသော ကျေးနီတောင်၊ အမြင့် ၆၂၂၃ ပေရှိသော တောင်တော်၊ အမြင့်ပေ ၅၉၅၅ ပေရှိသည့် မြို့မြင်တောင်၊ အမြင့်ပေ ၅၆၀၆ ရှိသော ထင်ရှူးတောင်၊ အမြင့်ပေ ၅၃၄၅ ပေရှိသည့် ပင့်ကူတောင်၊ အမြင့်ပေ ၅၂၇၇ပေရှိသည့် ဒေါ်နန်းကြည့်တောင်တို့တည်ရှိရာ မိုးကုတ်မြို့မှာ တောင်များအကြား ဒယ်အိုးပုံသဏ္ဌာန်တည်ရှိနေခြင်းဖြစ်သည်။

ကျွန်တော်တို့ မိုးကုတ်ဒေသထွက် ကျောက်မျက်များရောင်းချရာသို့ ရောက်ရှိခဲ့ကြသည်။ အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးသော ကျောက်များကို ရောင်းချနေသူ၊ ပြသနေသူများနှင့် ကြည့်ရှုနေကြသူများကိုတွေ့ရသည်။ ကျောက်မျက်နှင့် ပတ်သက်ပြီး အနည်းငယ်သာသိရှိသဖြင့် မည်သည့်ကျောက်အမျိုးအစားများဖြစ်သည်ကို ကျွန်တော်မခွဲခြားနိုင်။ အနီရောင်ရှိပြီးအရွယ်အစားသေးငယ်သော်လည်း တန်ဖိုးရှိသည့် ကျောက်မျက်များကိုလည်း တွေ့ရသည်။ တချို့က ကျောက်အရိုင်းတုံးများအတိုင်း ပြသရောင်းချနေကြသည်။ လာရောက်လေ့လာကြည့်ရှုနေသူများတွင် နိုင်ငံခြားသားအချို့လည်း တွေ့ရသည်။ ကျောက်မျက်များကို ဝယ်ယူရန်လား၊ ရောက်တုန်းရောက်ခိုက်လေ့လာစူးစမ်းသူများလားတော့မသိချေ။ ကျွန်တော်က ရဲရဲနီစွေးနေသောအရောင်ရှိသည့် ပတ္တမြားဟုထင်ရသည့် ကျောက်တစ်လုံးကို ဈေးမေးကြည့်ရာ မှန်းထားသည်ထက်များသဖြင့် ပြန်ချထားလိုက်သည်။ ကျောက်မျက်ဈေးတွင် ကျောက်အရွယ်အစား ၊ အမျိုးအစားမျိုးစုံကိုတွေ့ရသည်။ ကျောက်အောင်ပြီး ချမ်းသာသွားသူများ၊ ကျောက်ကြောင့် ဆင်းရဲသွားသူများအကြောင်း ဟိုးယခင်ကတည်းက ကြားဖူးခဲ့၊ နားရည်ဝခဲ့ဖူးသည်။ ကျောက်မျက်ရောင်းချနေရာကို လိုက်လံလေ့လာကြည့်ရှုပြီးနောက် ကျွန်တော်တို့ ပြန်ထွက်လာခဲ့သည်။

### ကိုးကွယ်ဆည်းကပ်

ထို့နောက် ကျွန်တော်တို့ မိုးကုတ်မြို့ကို ဖြတ်သန်းသွားသည့် မန္တလေး-မြစ်ကြီးနားလမ်းအနီး လောကမဇ္ဈူစေတီသို့ သွားရောက်ဖူးမြော်ခဲ့ကြသည်။ ပုဂံဟန်နှင့် ခေတ်သစ်လက်ရာဒီဇိုင်းတို့ပေါင်းစပ် တည်ထားတော်မူသည့်အတွက် အဝေးကပင် ကြည်ညိုဖွယ်ရာမြင်တွေ့ရသည်။ စေတီတော်ရင်ပြင်တွင် ဦးချဖူးမြော်ပြီးနောက် အနီးဝန်းကျင်ကို လေ့လာကြရာ ဘုရားဖူးသူတစ်ဦးစ၊ နှစ်ဦးစသာ တွေ့ရသည်။ တိတ်ဆိတ်ငြိမ်သက်ကာ ငြိမ်းချမ်းသောကြောင့် ခေတ္တထိုင်နေမိသည်။ မိုးကုတ်မြို့တွင် ဖောင်တော်ဦးဘုရား၊ ချမ်းသာကြီး ဘုရား၊ မဟာမုနိဘုရားကြီး၊ ရွှေတောင်ဦးစေတီ၊ အောင်တော်မူဘုရားနှင့် ရွှေကူစေတီတော်စသည်တို့ရှိရာ ဘာသာတရားလည်း အလေးအမြတ်ကိုးကွယ်ဆည်းကပ်မှုရှိပေသည်။

ကျွန်တော်တို့ လောကမဇ္ဈူစေတီတော်ကို ဖူးမြော်ပြီးနောက်ပြန် ထွက်လာခဲ့ကြသည်။ မိုးကုတ်မြို့သည် ယခင်က ကျပ်ပြင်နှင့် သီးခြားစီတည်ရှိခဲ့သော်လည်း ယခုအခါ တစ်စပ်တည်းဖြစ်သွားပြီးဖြစ်ရာ မိုးကုတ်ကျပ်ပြင်ဟုတွဲပြီးခေါ်ဝေါ်နေကြပြီဖြစ်သည်။ မိုးကုတ်အမည်မှာလည်း ရှမ်းဘာသာစကားဖြင့် မိန်းကတ်မှ ရွေ့လျားလာခြင်းဖြစ်ပြီး မိန်းမှာ မြို့ ကတ်မှာ အေးဖြစ်ရာ မြို့အေးဟုအဓိပ္ပာယ်ရလေသည်။ ရာသီဥတုအေးသဖြင့် ထိုသို့ခေါ်ဝေါ်ခဲ့ခြင်းဖြစ်မည်ဟုတွေးမိသည်။ တစ်ဖန် မိန်းကုဟုလည်းခေါ်ဝေါ်ခဲ့ကြောင်း မိန်းမှာ မြို့ဖြစ်ပြီး ကုမှာ ခမောက်ဖြစ်ရာ မြို့ခမောက်ဟုလည်း သိရသည်။ တောင်များအလယ်တွင် ခမောက်ကို ပက်လက်လှန်ထားသည့်ပုံသဏ္ဌာန်ဖြစ်နေသောကြောင့်ဟုလည်း ဆိုသည်။

### ရွာတည်ခဲ့

မိုးကုတ်မြို့တည်ထောင်မှုနှင့်ပတ်သက်ပြီး ကိတ်၊ နဂါး၊ ကြွက် သုံးစပေါ်ယှက်၊ ကျောက်မျက်ရတနာထွက်ပေါ်လာ၊ ဂန္ဓာလတိုင်း၊ သမိုင်းပွင့်ဆန်း၊ ပင်သဖန်းဟု၊ မော်ကွန်းထိုးထုတ်၊ မြို့မိုးကုတ်ဟု တဘောင်အရကိတ်သည် ၉၊ နဂါးသည် ၇၊ ကြွက်က ၅ ဖြစ်ရာ ၎င်းကိုပြောင်းပြန်ယူရာတွင် ၅၇၉ ဖြစ်သဖြင့် မိုးကုတ်သမိုင်းအဆို အရ မြန်မာသက္ကရာဇ် ၅၇၉ ခု၌ မိုးကုတ်မြို့ကို စတင်တည်ခဲ့ကြောင်း သိရသည်။ မိုးမိတ်စော်ဘွားသိုဟန်ဖက်လက်ထက်တွင် သူ၏ပိုင်နက်အတွင်း မုဆိုးသုံးဦးတောလည်ထွက်ရင်း ဤနေရာသို့ရောက်ခဲ့ကြောင်း၊ မိုးချုပ်နေပြီဖြစ်ရာ အနီးရှိ သဖန်းပင်ကြီးအောက်၌ အိပ်စက်ခဲ့ကြကြောင်း၊ နံနက်လင်းသောအခါ အနီးရှိ တောင်ပြိုကျနေသော နေရာအနီးတွင် ကျီးငှက်များပျံဝဲနေသဖြင့် သွားရောက်ကြည့်ရှုရာ အသားထစ်ကဲ့သို့ နီရဲနေသော ပတ္တမြားကျောက်များ တွေ့ရှိခဲ့သဖြင့် ယူဆောင်ပြီး စော်ဘွားထံ ဆက်သခဲ့ကြောင်း၊ စော်ဘွားက ထိုနေရာသို့ အစောင့်များစေလွှတ်ကာ စောင့်ကြပ်ခဲ့ရာမှ သဖန်းပင်အနီးရွာတည်ခဲ့ကြောင်း၊ သဖန်းပင်ရွာဟုအမည်တွင်ခဲ့ပြီး နောက်ပိုင်းမိုးကုတ်မြို့အဖြစ် ရောက်ရှိလာခဲ့ကြောင်း၊ ထို့ကြောင့် မိုးကုတ်အစ သဖန်းပင်ကဟုလည်း ပြောစမှတ်ရှိခဲ့ကြောင်းသိရသည်။ ယခုအခါ မိုးကုတ်မြို့က နှစ် ၈၀၀ ပြည့်ပြီဖြစ်သည်။

မိုးကုတ်မြို့အကြောင်းတွေးနေရာမှ ကဲ ပြန်ကြရအောင်ဟု ကျွန်တော့်မိတ်ဆွေက သတိပေးသဖြင့် ကျောက်မျက်ဈေးမှ ပြန်လာခဲ့ကြသည်။ မိုးကုတ်မြို့ကိုရောက်နေစဉ် မိုးကုတ်ဇာတိ သခင်သာခင်နှင့် ဆရာ သိပ္ပံမှူးတင်တို့ကို သတိရစိတ်ဖြစ်မိသည်။ တစ်ဖန်ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်နှင့် အကယ်ဒမီ ထက်ထက်မိုးဦးတို့လည်း မိုးကုတ်သူများဖြစ်ကြသည်။

ကျွန်တော်တို့ မိုးကုတ်မြို့မှ ပြန်ထွက်လာချိန်မှာ နေမွန်းတည့်နေပြီ ဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်ထက် အမြင့်ပေ ၃၈၀၀ ခန့်တွင် တည်ရှိသော မိုးကုတ်မြို့က တဖြည်းဖြည်းဝေး၍ကျန်ခဲ့သည်။ နေရစ်ခဲ့တော့ ပတ္တမြားမြေဟု စိတ်ထဲရေရွတ်နှုတ်ဆက်ရင်း.....။ ။

## မင်းလှဓမ္မရိပ်သာကျောင်း သင်္ကြန်တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းဟောင်း မင်းလှဓမ္မရိပ်သာကျောင်း သင်္ကြန်တရားစခန်းကို ၁၂-၄-၂၀၁၈ရက်မှ ၁၈-၄-၂၀၁၈ရက်အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီးညွှန်ကြားပြသခဲ့သော ဩဝါဒတော်နှင့် အညီ ဖွင့်လှစ်ပါမည်။

တရားစခန်းဝင်လိုသော ယောဂီများ၊ ဒုလ္လဘရဟန်း သီလရှင်ဝတ်လိုသောသူများ ဧပြီ ၅ ရက် နောက်ဆုံးထားကိုယ်တိုင်လာရောက်စာရင်းပေးရပါမည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၄၁၅၁၅၆၊ ၀၉-၄၅၄၄၅၄၄၈၇၊ ၀၉-၄၃၁၁၆၅၈၀၊ ၀၉-၄၃၀၄၉၂၂၄

## ကျိုက်ဒေးယျံ သင်္ကြန်အထူးတရားစခန်းပွဲ

သန်လျင်မြို့၊ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်အထူးတရားစခန်းကို (ဧပြီ ၉ရက်မှ ၁၉ ရက်ထိ)၊ မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သန်လျင်မြို့ ကျိုက်ဒေးယျံဆရာတော်နှင့်မဟာစည်နာယက ဆရာတော်ကြီးများ၊ အင်းတကော်ဆရာတော်၊ ရှိန်းမကားဆရာတော်၊ ရွှေသန်လျင်ဆရာတော်၊ ရွှေဥက္ကလာဆရာတော်တို့မှ သတိပဋ္ဌာန်တရားတို့ကို ဟောကြားပြသမည်ဖြစ်ပါသည်။ ဧပြီ ၉ရက် ညနေ ၅း၀၀နာရီအရောက် ကြွရောက်၍ ယောဂီများနှင့် ဒုလ္လဘရဟန်း၊ ရှင်သာမဏေ၊ သီလရှင်များ တရားအားထုတ်နိုင်ပါကြောင်းနှင့် ရိပ်သာသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။

ဖုန်း-၀၉-၅၀၃၇၇၃၄၊ ၀၉-၇၉၃၂၄၈၉၀၁

## စံရာအောင်မြေပဲနွယ်ကုန်းမဟာစည်ရိပ်သာ သင်္ကြန်တရားစခန်း

မဟာစည်နာယကပဲနွယ်ကုန်းဆရာတော် ဘဒ္ဒန္တစန္ဒာဝရ ၏ ဦးဆောင်စီမံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးရေကူးဘူတာအနီး စံရာအောင်မြေပဲနွယ်ကုန်းမဟာစည်ရိပ်သာ၌ ၈. ၄. ၂၀၁၈ မှ ၁၇. ၄. ၂၀၁၈ နေ့ထိ ကျင်းပမည့်သင်္ကြန်တရားစခန်းတွင် တရားအားထုတ်ရန်စာရင်းပေးသွင်းထားသူများသည် ၃. ၄. ၂၀၁၈ နေ့တွင် ဖုံး ၀၉-၅၀၄ ၅၉၉၅ သို့ ထပ်မံဆက်သွယ်အတည်ပြုပေးကြပါရန်နှင့် ၇. ၄. ၂၀၁၈နေ့ ညနေ (၃း၃၀)နာရီအရောက် ကြွရောက်ပါရန် အကျိုးတော်ဆောင်အဖွဲ့မှတိုက်တွန်းနှိုးဆော်အပ်ပါသည်။

## ရတနာမဥ္ဇူဓမ္မရိပ်သာ လယ်တီမူအနာဂါမ်ဆရာသက်ကြီးနည်းဖြင့် သင်္ကြန် (၅)ရက်အထူးတရားစခန်း ဖိတ်ကြားအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁) ရပ်ကွက်၊ (၂)လမ်းရှိ ရတနာမဥ္ဇူဓမ္မရိပ်သာ၌ ၁၂-၄-၂၀၁၈ ရက် (တန်ခူးလပြည့်ကျော် ၁၂ ရက်)မှ ၁၇-၄-၂၀၁၈ရက် (ကဆုန်လဆန်း ၃ ရက်)အထိ လယ်တီကမ္မဋ္ဌာနာစရိယ ဒေါက်တာအရှင်ဇေယျာနန္ဒ(ပုဂံ) ဦးစီး၍ လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအလုပ်ပေးတရားစခန်းပွဲ ကျင်းပမည်ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်လိုသူများသည် ၁၂-၄-၂၀၁၈ ရက် (တန်ခူးလပြည့်ကျော် ၁၂ရက်) ညနေ ၆း၀၀ နာရီအရောက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဒုလ္လဘရဟန်း/သီလရှင်ဝတ်မည့်သူများ ၁၂-၄-၂၀၁၈ နံနက် ၇း၀၀နာရီအရောက် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကြိုတင်စာရင်းပေးသွင်းရမည့်ရက် ၃၁-၃-၂၀၁၈ရက်မှ ၁၀-၄-၂၀၁၈ရက်အထိ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေဖျော်ရည် လှူဒါန်းလိုသူများအား လှူဒါန်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ အရုဏ်ဆွမ်း ၇၀၀၀၀ (ခုနစ်သောင်းကျပ်)
၂။ နေ့ဆွမ်း ၁၅၀၀၀၀(တစ်သိန်းငါးသောင်းကျပ်)
၃။ အအေး ၃၀၀၀၀ (သုံးသောင်းကျပ်)

**ရတနာမဥ္ဇူဓမ္မရိပ်သာအကျိုးဆောင်အဖွဲ့**

**ဖုန်း-၀၁-၉၆၆၃၈၀၂၊ ၀၉-၅၁၉၇၀၂၇၊ ၀၉-၄၉၂၄၅၇၉၉**

## ဇေယျာနန္ဒာရာမဝေဠုဝန်တောရလယ်တီဓမ္မရိပ်သာ လယ်တီမူအနာဂါမ်ဆရာသက်ကြီးနည်းဖြင့် သင်္ကြန် (၇)ရက်အထူးတရားစခန်း ဖိတ်ကြားအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ အရိုးတောင်အုပ်စု၊ ဇောတိရွာ၊ ဇေယျာနန္ဒာရာမ ဝေဠုဝန်တောရလယ်တီဓမ္မရိပ်သာ၌ ၁၃-၄-၂၀၁၈ရက် (တန်ခူးလပြည့်ကျော် ၁၃ရက်) မှ ၂၀-၄-၂၀၁၈ရက် (ကဆုန်လဆန်း ၆ ရက်)ထိ လယ်တီကမ္မဋ္ဌာနာစရိယ ဒေါက်တာအရှင်ဇေယျာနန္ဒ(ပုဂံ)ဦးစီး၍ လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအလုပ်ပေးတရားစခန်းပွဲ ကျင်းပမည်ဖြစ်ပါသည်။

တရားစခန်းဝင်ရောက်လိုသူများသည် ၁၃-၄-၂၀၁၈ရက် (တန်ခူးလပြည့်ကျော် ၁၃ရက်) မွန်းတည့် ၁၂း၀၀ နာရီတွင် ရတနာမဥ္ဇူဓမ္မရိပ်သာသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဒုလ္လဘရဟန်း/သီလရှင်ဝတ်မည့်သူများ ကြိုတင်စာရင်းပေးသွင်းပါရန် ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။** ။ကားအကြိုအပို့ရှိပါသည်။(ရတနာမဥ္ဇူဓမ္မရိပ်သာမှ)

**ကြိုတင်စာရင်းပေးသွင်းရမည့်ရက်** - ၃၁-၃-၁၈ရက်မှ ၁၀-၄-၁၈ရက်ထိ

အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ ဖျော်ရည်လှူဒါန်းလိုသူများအား လှူဒါန်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**၁။ အရုဏ်ဆွမ်း** - ၁၀၀၀၀၀(ကျပ်တစ်သိန်း)
**၂။ နေ့ဆွမ်း** - ၂၀၀၀၀၀(ကျပ်နှစ်သိန်း)
**၃။ အအေး** - ၃၀၀၀၀ (ကျပ်သုံးသောင်း)
**၄။ ဓမ္မပူဇာ** - ၁၀၀၀၀ (ကျပ်တစ်သောင်း)
**၅။ ရေမီး** - ၁၀၀၀၀ (ကျပ်တစ်သောင်း)

**ရတနာမဥ္ဇူဓမ္မရိပ်သာအကျိုးဆောင်အဖွဲ့**

ဖုန်း-၀၁-၉၆၆၃၈၀၂၊ ၀၉-၅၁၉၇၀၂၇၊ ၀၉-၄၉၂၄၅၇၉၉

## ဖြူးဆရာတော်၏တပည့် ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ၏ တရားပွဲ

ဖြူးမဟာစည်သာသနာ့ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာန နာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ(နိုင်ငံတော်ဓမ္မကထိက ဗဟုဇနဟိတဓရ)၊ ပြည်တွင်းပြည်ပမဟာစည်နာယက၊ ကမ္မဋ္ဌာနာစရိယ၊ သာသနာပြုနယ်လှည့်ဓမ္မကထိက အရှင်သူမြတ်သည် * ၁၃၇၉ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၄ ရက်၊ ၃၀-၃-၂၀၁၈ရက်(သောကြာနေ့)မာန်ပြေလမ်း တရားပွဲ၊ သာကေတ၊ ရန်ကုန်မြို့။ * နှောင်းတန်ခူးလပြည့်ကျော် (၁/၂)ရက် (၁/၂-၄-၂၀၁၈)ရက် တနင်္ဂနွေနေ့၊ တနင်္လာနေ့ လှိုင်လင်မြို့၊ ရှမ်းပြည်နယ်၊ * နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်၊ ၃-၄-၂၀၁၈ ရက်(အင်္ဂါနေ့) ဖော့ကန်၊ အင်းစိန်၊ ရန်ကုန်မြို့။ * နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်၊ ၄-၄-၂၀၁၈ ရက် (ဗုဒ္ဓဟူး)၊ ဒေါ်နွယ်နွယ်အေး၊ ဒေါ်သန်းသန်းအေး၊ ကိုမောင်မျိုး-မဝင်းဝင်းမော် ညီမတစ်စု (သိက္ခာထပ်၊ရဟန်းခံ၊အလှူတော်) အလုံမြို့နယ်၊ ရန်ကုန်မြို့။ *နှောင်းတန်ခူးလပြည့်ကျော် ၅ ရက်၊ ၅-၄-၂၀၁၈ ရက်(ကြာသပတေးနေ့) ထန်းကုန်းတောင် ကျောင်းဆရာတော် (၁)နှစ်ပြည့် ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး။ *နှောင်းတန်ခူးလပြည့်ကျော် ၆ ရက်၊ ၆-၄-၂၀၁၈ရက် (သောကြာနေ့) သန္တာ ၅လမ်း၊ မြောက်ဥက္ကလာ၊ ရန်ကုန်မြို့။ *နှောင်းတန်ခူးလပြည့်ကျော် ၇ ရက်၊ ၇-၄-၂၀၁၈ ရက်(စနေနေ့) စမ်းမကြီးရွာ၊ ချောက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး။ * နှောင်းတန်ခူးလပြည့်ကျော် ၈ရက်၊ ၈-၄-၂၀၁၈ ရက် (တနင်္ဂနွေနေ့)၊ မုန်းမြို့၊ ကျောက်ကြီးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ * နှောင်းတန်ခူးလပြည့်ကျော် ၉ ရက်၊ ၉-၄-၂၀၁၈ရက် (တနင်္လာနေ့) မဟာစည်ရိပ်သာ ၁၅ ရက်တရားစခန်း၊ ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး။ * နှောင်းကဆုန်လဆန်း ၁ ရက်၊ ၁၅-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့) ဆင်ဖြူကျွန်းမြို့၊ မကွေးတိုင်းဒေသကြီး။ * နှောင်းကဆုန်လဆန်း ၂ ရက်၊ ၁၆-၄-၂၀၁၈ ရက် (တနင်္လာနေ့) သီရိမြိုင် ၇လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ * ၁၃၈၀ခုနှစ် ကဆုန်လဆန်း ၅ ရက် ၁၉-၄-၂၀၁၈ ရက် (ကြာသပတေးနေ့) ကျိုက်ပွန်ဘုရားအနီး၊ ပဲခူးမြို့။ * ကဆုန်လဆန်း ၈ ရက်၊ ၂၂-၄-၂၀၁၈ ရက် (တနင်္ဂနွေနေ့) (ဦးအောင်ကြည်)-ဒေါ်ရှုဝါ၊ ဆုမြတ်ရွှေဆိုင်မိသားစု (သိက္ခာထပ်၊ ရဟန်းခံအလှူတော်) ဖြူးမြို့၊ ပဲခူးတိုင်းဒေသကြီး။ * ကဆုန်လဆန်း ၉ ရက်၊ ၂၃-၄-၂၀၁၈ ရက်၊ တနင်္လာနေ့၊ ဖြူးမဟာစည်ရိပ်သာတရားစခန်းအောင်ပွဲ၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ * ကဆုန်လဆန်း ၁၀ ရက်(၂၄-၄-၂၀၁၈)ရက် အင်္ဂါနေ့ မမြင့်မြင့်အေး မိသားစု (သိက္ခာထပ်၊ ရဟန်းခံအလှူတော်)၊ မန္တလေးမြို့။ * ကဆုန်လဆန်း (၁၁/၁၂)ရက်၊ (၂၅/၂၆-၄-၂၀၁၈)ရက် ဗုဒ္ဓဟူး၊ ကြာသပတေးနေ့၊ အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး။ * ကဆုန်လဆန်း ၁၃ ရက်၊ ၂၇-၄-၂၀၁၈ ရက် (သောကြာနေ့) မေတ္တာရွှေရည်ပရဟိတအသင်း၊ မြကန်သာ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ *ကဆုန်လပြည့်နေ့ ၂၉-၄-၂၀၁၈ရက်(တနင်္ဂနွေနေ့)၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်ပေးမည်ဖြစ်ပါသည်။ **ဆရာတော်၏ တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၅၄-၄၀၇၇၁၊ ၀၅၄-၄၀၀၁၂၊ ၀၉-၅၀၅၆၁၀၇၊ ၀၉-၂၅၀၂၄၉၇၇၊ ၀၉-၂၅၃၆၉၉၆၇၉ တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ပါသည်။**

## ဇောဓိဉာဏဓမ္မအသင်း(မန္တလေး) ထေရဝါဒ ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအသင်း (ရန်ကုန်၊ မန္တလေး)

## ဒုတိယအကြိမ်

ပဓာနနာယကဆရာကြီး ဦးငွေအောင်(မဟာသဒ္ဓမ္မဇောတိကဓဇ)၏ ဗီဒီယိုဖြင့် ဟောကြားသော ဗုဒ္ဓနည်းနာမ်+ ရုပ် လေ့ကျင့်ရေး တရားအလုပ်စခန်းကို သင်္ကြန်တွင်း ၁၀ရက် တရားစခန်းပွဲအဖြစ် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်။

**ရည်ရွယ်ချက် - ဗုဒ္ဓဒေသနာကို ခေတ်ပညာနှင့် ကောင်းစွာဆက်စပ်တတ်ပြီး မြတ်ဗုဒ္ဓ၏ တရားတော်များကို ပိုမို၍ နက်နက်နဲနဲထိုးထိုးထွင်းထွင်း သိမြင်နားလည်လာရန်။**

| | | |
|---|---|---|
| **နေ့ရက်** | - | ၈-၄-၂၀၁၈ရက်မှ ၁၇-၄-၂၀၁၈ရက်ထိ (တန်ခူးလပြည့်ကျော် ၈ရက်မှ နှစ်ဆန်းတစ်ရက်အထိ) |
| **ကျင်းပမည့်နေရာ** | - | ဇောဓိဉာဏ ဓမ္မရိပ်သာ၊ ပုသိမ်ကြီး၊ ရေထွက်ကျေးရွာ |
| **ဆက်သွယ်ရန်နှင့်** | - | ပဒုမ္မာရိပ်ငြိမ်၊ အမှတ် ၃၇၆၊ လမ်း (၈၀)၊ ၂၂×၂၃ လမ်းကြား၊ မန္တလေးမြို့၊ |
| **စာရင်းသွင်းရန်** | | ဖုန်း-၀၉-၄၂၈၈၂၈၈၅၀ |

## အ.လ.က (၃) တာမွေ၊ မအူကုန်း (ယခင် စိန့်မိုက်ကယ်ကျောင်း) ၂၀၁၈ ခုနှစ်၊ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

အ. လ. က (၃) တာမွေတွင် ၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော အသက် (၆၅) နှစ်အထက် ဆရာကြီး၊ ဆရာမကြီးများအား ၂၀၁၈ ခုနှစ်၊ မေလ (၁)ရက် (အင်္ဂါနေ့) (အလုပ်သမားနေ့) နံနက် ၉း၀၀ နာရီတွင် အ. လ. က (၃) တာမွေ၌ အပူဇော်ကန်တော့ခံ ကြွရောက်ပါ ရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ကျောင်းသား ကျောင်းသူဟောင်းများကလည်း စုံညီစွာ တက်ရောက် ကန်တော့ကြပါရန်နှင့် အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ် လှူဒါန်း နိုင်ပါသည်။

| | | | |
|---|---|---|---|
| ၁။ ဒေါက်တာ ဇော်မြင့် | ၀၉-၅၁၃၅၇၇၉ | ၆။ ဒေါ်ဝေဝေမြင့် | ၀၉-၂၅၃၁၀၅၃၁၁ |
| ၂။ ဒေါက်တာ ဒေါ်ခင်စိန် | ၀၉-၅၁၁၃၃၀၂ | ၇။ ဒေါ်သန်းရီ | ၀၁-၂၀၀၁၃၆ |
| ၃။ ဒေါ်ခင်မာအေး | ၀၉-၇၃၁၄၃၁၂၉ | ၈။ ဒေါ်အေးအေးသိန်း | ၀၉-၂၅၀၆၄၀၇၄၀ |
| ၄။ ဒေါ်တင်တင်ကြည် | ၀၉-၇၉၀၂၆၀၉၃၇ | ၉။ ဦးမိုးကျော် | ၀၉-၇၃၀၄၁၉၅၀ |
| ၅။ ဒေါ်ခင်သန်းမြင့် | ၀၉-၄၄၈၀၄၅၃၄၆ | ၁၀။ ကိုအောင်သန်း | ၀၉-၂၅၀၀၉၅၂၄၅ |

## ဖြူးမဟာစည်(ရန်ကုန်) (၄၀)ကြိမ်မြောက် နွေရာသီတရားစခန်းဖွင့်မည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံအနီး၊ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ ကျေးဇူးတော်ရှင် ဖြူးဆရာတော်ကြီး မိန့်မြွက်ထားရှိတော်မူခဲ့သော ဩဝါဒဆန္ဒတော်များကို ဦးထိပ်ပန်ဆင်လျက် နှစ်စဉ်ကျင်းပမြဲဖြစ်သော နွေရာသီမဟာစည်သတိပဋ္ဌာန်ဝိပဿနာ ၁၀ရက်အထူးတရားစခန်းပွဲကြီးကို **ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ (နိုင်ငံတော်ဓမ္မကထိကဗဟုဇနဟိတဓရ)၊ ပြည်တွင်းပြည်ပ မဟာစည်နာယက ကမ္မဋ္ဌာနာစရိယ M.A.Ph.D သာသနာပြုနယ်လှည့်ဓမ္မကထိက** နှင့် ဖြူးဆရာတော်၏တပည့် ဓမ္မကထိက သံဃာတော်များဦးဆောင်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ဒါယကာ၊ ဒါယိကာမများတို့က (၁၃၇၉ခုနှစ် နှောင်းတန်ခူးလဆန်း ၁၂ရက် (ကြာသပတေးနေ့)မှ ၁၃၈၀ခုနှစ် ကဆုန်လဆန်း ၉ ရက် (တနင်္လာနေ့)အထိ၊ ၁၂-၄-၂၀၁၈ရက်မှ ၂၃-၄-၂၀၁၈ရက်အထိ ၁၀ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါသောကြောင့် တရားစခန်းဝင်လိုသော ရဟန်း၊ သာမဏေ၊ သီလရှင်၊ အမျိုးသား၊ အမျိုးသမီး၊ ယောဂီသူတော်စင်များသည် မိမိတို့အဓိဋ္ဌာန်ချက်ရှိသည့်အတိုင်း ကြိုတင်စာရင်းပေးသွင်း၍ တရားအားထုတ်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။ တရားစခန်းအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ ဖျော်ရည်၊ မီး၊ ရေ၊ ဝေယျာဝစ္စ၊ ဓမ္မပူဇာ၊ နဝကမ္မ စသည်တို့ကို ဖုန်း-၀၁-၅၃၀၀၆၈၊ ၀၁-၅၃၀၁၁၃၊ ၀၉-၅၃၉၀၄၁၇၊ ၀၉-၇၈၈၇၉၇၇၅၄၊ ၀၉-၅၀၁၇၅၅၄၊ ၀၉-၄၂၈၄၈၅၃၅၀တို့သို့ ဆက်သွယ်၍ မိမိတို့ သဒ္ဓါတရားစွမ်းအားရှိသမျှ ပါဝင်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅၊ မြေကွက်အမှတ် ၁၅၉၊ မြေကွက်တည်နေရာအမှတ် ၁၅၉၊ ကြေးတိုင်လမ်း၊ (၄၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးတင်ဦး MNI-၀၆၀၉၁၈၊ ၁၂/မရက(နိုင်)၀၆၅၃၈၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဖခင်ဖြစ်သူ ဦးတင်ဦး၊ မိခင်ဖြစ်သူ ဒေါ်ညွန့်နှင့်မောင်ဖြစ်သူ ကိုစောလွင်လွင် (ခ)ကိုစိုးလွင်ဦး(ခ)ကိုလွင်ဦး(လူပျိုကြီးဘ၀)ဖြင့် အသီးသီး(ကွယ်လွန်)သဖြင့် သမီးဖြစ်သူ ဒေါ်ခင်မာငွေးဝင်း ၁၂/မရက(နိုင်)၀၆၅၃၉၀မှ ဂရန်မူရင်း၊ နိုင်ကတ်၊ မိခင်၊ ဖခင်၊ မောင်ဖြစ်သူတို့၏သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ပုဇွန်တောင်မြို့နယ်တရားရုံးကျမ်းကျိန်သူအရာရှိရှေ့တွင် ပြုလုပ်ထားသည့် ၂၅-၁၀-၂၀၁၇ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်စဉ် 10-344 တို့တင်ပြ၍ ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာ အုတ်ကာ၊ သွပ်မိုး(၁)ထပ်ရှိပြီး လျှောက်ထားသူကိုယ်တိုင်မနေ အိမ်ငှားထားရှိခြင်းနှင့်ပတ်သက်၍ တာဝန်ယူကြောင်း ၁၆-၂-၂၀၁၈ ရက်စွဲပါစာအမှတ် ၁၈၃၈ဖြင့် ဝန်ခံကတိပြုတင်ပြလာပါသည်။ သို့ပါ၍ ဒေါ်ခင်မာငွေးဝင်း ၁၂/မရက(နိုင်)၀၆၅၃၉၀ မှ ပိုင်ဆိုင်+အရောင်းမြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**








### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၅၂၆၂၀ Honda Scoopyi 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဇော်ထွန်း ၉/မဟမ(နိုင်)၀၂၀၃၆၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၈ယ/၉၃၃၅၁ Super Anbo, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနှင်းဦး ၉/မရမ(နိုင်) ၀၄၁၉၈၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/4476 ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့၊ အရှေ့ဆင်တိုင်းရပ်၊ တောင်ကြီးရပ်ကွက်နေ မောင်စည်သူအောင် ၉/အမရ(နိုင်)၁၀၅၇၃၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မောင်စည်သူအောင်နှင့် မဝင်းမြတ်သူတို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြရာ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိ၍ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲကြရန် နှစ်ဦးသဘောတူကြ၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘိုကုန်းရပ်ကွက်၌ ၅-၁-၂၀၁၈ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်းကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး ဖြစ်ပါသည်။ ထိုသို့ ကွာရှင်းပြတ်စဲပြီးနောက်ပိုင်း မဝင်းမြတ်သူနှင့်ပတ်သက်သည့် စီးပွားရေး၊ လူမှုရေး၊ ငွေရေးကြေးရေး ကိစ္စအဝဝတို့သည် မောင်စည်သူအောင်နှင့် လုံးဝပတ်သက်ဆက်နွှယ်ခြင်းမရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးထွန်းထွန်းဇော် LL.B(Q)(စဉ်-၈၅၃၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဏ-၁/၆၁)၊ ၆၄လမ်း**
**စွယ်တော်လမ်းနှင့်သရဖီလမ်းကြား၊ မြို့သစ်(၁)ရပ်**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၁၆၇၁၄**

## အများသိစေရန်အသိပေးကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ချမ်းမြသာစည်ရပ်ကွက်၊ အကွက်အမှတ်(၇၀၄/S)၊ ဦးပိုင်အမှတ်(B/၁၈၁)၊ (၅၀×၈၃)ပေအကျယ်အဝန်းရှိ မြို့မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟုအဆိုပြုသူ ဒေါ်မြင့်မြင့်အေးထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတချို့တစ်ဝက်ကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ မြို့မြေကွက်ကို ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုးထွန်းထွန်းဇော် LL.B(Q)(စဉ်-၈၅၃၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဏ-၁/၆၁)၊ ၆၄-လမ်း**
**စွယ်တော်လမ်းနှင့်သရဖီလမ်းကြား၊ မြို့သစ်(၁)ရပ်**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၁၆၇၁၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်လမ်း၊ အမှတ်(၇)တွင် နေထိုင်သည့် ဒေါ်မိမိခိုင် ၁၃/လရန(နိုင်)၁၉၀၄၉၅က G.Home Hotel Supply Center အား ၄င်းတစ်ဦးတည်းပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်းပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဦးသက်ဖြိုးကြည် ၇/ပခန(နိုင်)၂၀၀၀၄၀မှ အဆိုပါလုပ်ငန်းအား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ယင်း G.Home Hotel Supply Center လုပ်ငန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၁၄ရက်အတွင်း ခိုင်မာသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆုဝေနှင်း LL.B, D.B.L, D.I.L, D.M.L**
**အထက်တန်းရှေ့နေ (စဉ်-၄၁၃၉၂)**
**ဖုန်း-၀၉-၄၃၁၇၇၇၉၇**
**အမှတ် (၂၈၀) ငါးလွှာ၊ ဗိုလ်တထောင်ဈေးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးမြို့၊ ရန်နိုင်ရပ်၊ ၂၇ လမ်း၊ အိမ်အမှတ် ၃၃၂ နေ ဦးခင်မောင်ဌေး ၈/မကန(နိုင်)၁၇၇၆၀၆နှင့် ဒေါ်တင်စိန် ၈/နမန(နိုင်)၀၆၉၇၁၃ တို့၏ အငယ်ဆုံးသား မောင်ညီညီထွေး ၈/မကန(နိုင်)၂၁၅၆၃၉ သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိဘနှစ်ပါးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ၄င်း၏သဘောဆန္ဒအလျောက်နေအိမ်မှ ဆင်းသွားပါသဖြင့် ၂၈-၃-၂၀၁၈ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဖခင်-ဦးခင်မောင်ဌေး၊ မိခင်-ဒေါ်တင်စိန်**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးမြို့၊ ရန်နိုင်ရပ်၊ မြေကွက်အမှတ် ၂၆၁၃၊ ဦးပိုင်အမှတ် ၁၃၇၊ ဧရိယာ ၀ဒသမ၀၆၀ဧကရှိ ဂရန်ပါဝိုင်းမြေကွက်အား ယခင် ဗိုလ်ကြီးတင်ဝင်း အမည်ပေါက်မှ ယခုလက်ရှိ ပိုင်ဆိုင်နေထိုင်သူ ကျွန်တော် ဦးသိန်းလှိုင် ၈/မကန (နိုင်)၀၀၃၅၅၆ ဂရန်အမည်ပေါက်သို့ လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းလှိုင်(မကွေးမြို့)**
**ဖုန်း-၀၉-၅၃၄၂၁၇၄**

## အထူးကိုယ်စားလှယ်လွှဲစာ Special Power of Attorney ပြန်လည်ရုပ်သိမ်းခြင်း

မြင်းခြံမြို့၊ အမှတ်(၁၆)ရပ်ကွက်၊ နယ်မြေ(၁၃)နေ ဦးအောင်ကိုစန်း(ဘ)ဦးဇော်မင်း ၉/မခန(နိုင်)၁၉၀၁၃၈ နှင့် ဒေါ်ရီရီဦး(ဘ)ဦးခင်ဦး ၉/မခန(နိုင်)၁၆၃၉၂၅ အတူနေ လင်မယားက မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်ရှိ ဒေါ်စုစုခိုင်(ဘ)ဦးလှအောင် ၉/မခန(နိုင်)၁၄၁၅၂၆ထံ လွှဲအပ်ခဲ့သည့် မြင်းခြံမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂၄-၈-၂၀၁၄ရက်စွဲပါ မှတ်ပုံတင်စာချုပ်အမှတ် ၁၆၈/၂၀၁၄ အထူးကိုယ်စားလှယ်လွှဲစာ (Special Power of Attorney)အား ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်ကိုစန်း-ဒေါ်ရီရီဦး**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ် (၃၃)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်တင်တင် ၁၂/ကမရ(နိုင်)၁၃၄၀၉၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေမှာ အပျိုကြီးတစ်ဦးဖြစ်ပြီး အမွေစားအမွေခံအဖြစ်မည်သူတစ်ဦးတစ်ယောက်ကိုမှ မွေးစားထားခြင်းမရှိပါ။ ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်ရှိလက်ရှိနေထိုင်ရာအိမ်အပါအဝင် ပြည်တွင်းပြည်ပရှိ ပိုင်ဆိုင်မှုပစ္စည်းများအား လှူဒါန်းထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ လှူဒါန်းမှုများ၊ ဆောင်ရွက်မှုများမှာ ပြည်တွင်းပြည်ပရှိ ဆွေမျိုးမည်သူတစ်ဦးတစ်ယောက်နှင့်မျှ သက်ဆိုင်ခြင်းအလျဉ်းမရှိဘဲ မိမိပိုင်ပစ္စည်းများအား မိမိ၏စိတ်ဆန္ဒအရ လှူဒါန်းခြင်းဖြစ်ကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေအား နှောင့်ယှက်မှုများပေါ်ပေါက်လာပါက မည်သူ့ကိုမဆို လွှဲအပ်ညွှန်ကြားချက်အတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်စုရည် LL.B, M.A (Business Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၃၉/၂၀၁၇)**
**ဖုန်း-၀၉-၅၀၈၆၁၀၇**

## အထွေထွေကိုယ်စားလှယ်စာများကို ရုပ်သိမ်းပယ်ဖျက်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဦးဝိစာရလမ်း၊ အမှတ် (၂၈၃)နေ ကျွန်မ ဒေါ်ဖြူဖြူဝင်း (ဘ)ဦးစိန်ဝင်း ၁၂/စခန(နိုင်)၀၅၇၂၁၁၊ XRGN-၀၀၀၂၉၀မှ အစ်မဖြစ်သူ ဒေါ်အေးအေးဝင်း(ဘ)ဦးစိန်ဝင်း ၁၂/စခန(နိုင်)၀၄၃၆၀၉သို့ ဂျပန်နိုင်ငံ တိုကျိုမြို့ မြန်မာနိုင်ငံသံရုံး၏ (၂၂-၁၂-၁၉၉၃) ရက်စွဲပါ စာအမှတ် ၄၄၄၁/၄၈၀၁ ဖြင့်လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာနှင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၃-၁၀-၂၀၀၀ရက်စွဲပါ လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာ နံပါတ်အမှတ် (၁၇၅၇၄/၂၀၁၁)တို့ကို လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါ၍ ဆက်လက်ထားရှိရန် မလိုအပ်တော့သဖြင့် ယနေ့မှစ၍ လွှဲအပ်ထားခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာတို့အား ပြန်လည်ရုပ်သိမ်းပယ်ဖျက်လိုက်ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူဝင်း(ဘ)ဦးစိန်ဝင်း**
**၁၂/စခန(နိုင်)၀၅၇၂၁၁၊ XRGN-၀၀၀၂၉၀**
**အကွက် (န-၁/၂၇)၊ နီလာလမ်း၊ ၆၄×၆၅လမ်းကြား၊**
**၄၀×၄၁လမ်းကြား၊ မဟာမြိုင်အပိုင်း (၁)၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၂၅၁၇၆၈၉၉၅**

## ပဋ္ဌမအကြိမ်မြောက် နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားစခန်းပွဲ

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွှေချီရပ်၊ ကျောင်းသစ်ကျောင်းတိုက်တွင် ပဋ္ဌမအကြိမ်မြောက် ၁၀ ရက်တရားစခန်းပွဲကို ၁၃-၄-၂၀၁၈ ရက်မှ ၂၂-၄-၂၀၁၈ ရက်အထိ ကျင်းပမည်ဖြစ်ပါသည်။

ယင်းတရားစခန်းပွဲ၌ ကမ္မဋ္ဌာန်းတရားများကို ဦးဝင်းအောင် B.Sc, Dip.Ed ကုန်သွယ်ရေးမန်နေဂျာနှင့် အထက်တန်းကျောင်းအုပ်ကြီး(ငြိမ်း)က တရားဟောတရားပြမည်ဖြစ်ပါ၍ နေ့ပိုင်း အချိန်ပိုင်း တရားအားထုတ်လိုသူယောဂီများ ဖုန်း-၀၉-၂၅၀၈၀၀၇၂၉၊ ၀၉-၃၃၅၅၆၅၄၈၊ ၀၉-၄၄၄၀၃၉၉၃၉တို့ကို စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ **အကျိုးတော်ဆောင်အဖွဲ့**

## သင်္ကြန်တွင်း တရားစခန်းဖွင့်မည်

ဝိစိတ္တာရာမ ဗုဒ္ဓဂယာကျောင်းတိုက်အတွင်း တရားစခန်းဖွင့်လှစ်မည်ဖြစ်ပါသည်။

တန်ခူးလပြည့်ကျော် ၁၂ ရက် ညနေမှ ၁၇ ရက် နှစ်ဆန်းတစ်ရက်နေ့အထိ ကျင်းပမည်ဖြစ်ပါ၍ ၁၂-၄-၂၀၁၈ ရက်မှ ၁၇-၄-၂၀၁၈ ရက် ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါသည်။

တရားစခန်းဝင်လိုသောယောဂီများ အောက်ပါဖုန်းသို့ စာရင်းပေးသွင်းနိုင်ပါသည်။

ဝိစိတ္တာရာမဗုဒ္ဓဂယာကျောင်းတိုက် ငါးထပ်ကြီးဘုရားလမ်း၊ ငါးထပ်ကြီးဘုရားအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်၊

**ဖုန်း-၀၉-၅၀၂၈၉၁၁၊ ၀၉-၃၁၄၇၄၉၇၇**

## စံတော်ဝင်မြေဖင်းတောရဓမ္မရိပ်သာ (မိုးကုတ်မြို့) (၁၇) ကြိမ်မြောက် (၂)လတရားစခန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့ လယ်ဦးအုပ်စု၊ ရွှံ့ပန်းလေးရပ်ရှိ "စံတော်ဝင်မြေဖင်းတောရဓမ္မရိပ်သာ" တွင် (၂) လတရားစခန်းကို ၁၃၈၀ ခုနှစ်၊ ကဆုန်လဆန်း (၆) ရက်၊ (၂၀-၄-၂၀၁၈) ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် တရားစခန်းဝင်မည့် ယောဂီများသည် တရားစခန်းဖွင့်ပွဲမတိုင်မီ (၁) ရက်ကြိုတင်၍ လာရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ [အသက် (၅၀) ရှိပါလျှင် လပေါင်း (၆၀၀) မိမိလုပ်ချင်တာလုပ်ခဲ့ကြပါသည်။ ဘဝတစ်ခုလုံးနှင့် သံသရာတစ်လျှောက်လုံးအတွက် (၂) လတရားစခန်းဝင်ကြပါစို့]

ဆက်သွယ်ရန်-၀၉ ၄၀ ၂၆၉၈၆၉၉၉၊ ၀၉ ၄၇၀၁၇၅၇၃၊ ၀၉ ၉၆ ၂၃၀၀၇၅၇၊ ၀၉ ၄၅၁၄၉၃၄၆၄။

သုမင်္ဂလမဏိဇောတဓရ ဦးသန်းနိုင် (စံတော်ဝင်)+ ဒေါ်အေးအေးဝင်း (မြန်မာစံတော်ဝင်၊ စံတော်ဝင်ကျောက်မျက်ရတနာကုမ္ပဏီ)

## ရှမ်းစုဘုန်းတော်ကြီး မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်း
SHANSU BONETAWGYI MOGOK VIPASSANA MEDITATION CENTRE

### သင်္ကြန်တွင်း-မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ဝင်လမ်း (၇)ရက် အဓိဋ္ဌာန်အထူးအလုပ်ပေး တရားစခန်းပွဲ

၁၀-၄-၂၀၁၈ရက် အင်္ဂါနေ့မှ ၁၇-၄-၂၀၁၈ရက် အင်္ဂါနေ့အထိ
၁၃၇၉ ခုနှစ် တန်ခူးလပြည့်ကျော် ၁၀ရက်မှ ၁၃၈၀ ခုနှစ် ကဆုန်လဆန်း ၃ရက် နှစ်ဆန်း(၁)ရက်နေ့အထိ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ အမှတ်(၁)ရှမ်းစုရပ်ကွက်၊ ပြည်လမ်း(ဆီ စက်မှတ်တိုင်)၊ ရှမ်းစုဘုန်းတော်ကြီး မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးအတွင်း၌ လစဉ်ကျင်းပမြဲဖြစ်သော မြတ်ဗုဒ္ဓအလိုတော်ကျ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ဝင်လမ်း ခုနစ်ရက်အဓိဋ္ဌာန် အထူးအလုပ်ပေး တရားစခန်းပွဲကြီး ကျင်းပမည်ဖြစ်ပါ၍ တရားစခန်းဝင် တရားအားထုတ်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

**တရားဟော/တရားပြမည့် ကမ္မဋ္ဌာနာစရိယဆရာတော် - ရှမ်းစုအောင်စကြာဆရာတော် ဒေါက်တာ ဘဒ္ဒန္တသူရိယ**
**အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ၊ သာသနာပြုနယ်လှည့်ဓမ္မကထိက၊ ဓမ္မာစရိယ၊ သူရိယသစ္စာမြတ်သဒ္ဓါပရဟိတအသင်းကြီး၏ ဦးဆောင်နာယကဆရာတော်**

**မှတ်ချက်**။ ။ယောဂီဦးရေကန့်သတ်လက်ခံမည်ဖြစ်၍ ကြိုတင်စာရင်းပေးသွင်းထားရန်
စာရင်းပေးသွင်းသည့်အခါ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်၊ ယောဂီ(၁)ဦးချင်းစီအတွက် ဆွမ်းစရိတ်အလှူငွေ(၅၀၀၀)ကျပ် ပေးသွင်းရမည်။
စာရင်းပေးသွင်းပြီးမှ တရားစခန်းမဝင်ဖြစ်ပါက ဆွမ်းစရိတ်အလှူငွေကို ရိပ်သာဝေယျာဝစ္စလုပ်ငန်းများအတွက် ပေးလှူရမည်။
တရားစခန်းဝင်မည့် ယောဂီများသည် ယောဂီဝတ်စုံ၊ အိပ်ရာလိပ်၊ ကျန်းမာရေးအတွက် မိမိတို့နေ့စဉ်အသုံးပြုနေကျ ဆေးဝါးများကိုယူဆောင်၍ တန်ခူးလပြည့်ကျော် ၉ရက် ၉-၄-၂၀၁၈ရက် တနင်္လာနေ့ ညနေ ၅:၀၀နာရီအတွင်း လာရောက်ရန်နှင့် ရောက်ရှိကြောင်း သတင်းပို့ရန်

တရားစခန်းဝင် သံဃာတော်များ၊ သီလရှင်များနှင့် ယောဂီသူတော်စင်များအတွက် အရုဏ်/နေ့ဆွမ်း၊ အချိုရည် အာဟာရဒါနများ လှူဒါန်းလိုပါက အောက်ပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်း လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရန်** ။ ။ ရှမ်းစုဘုန်းတော်ကြီးမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၊ ပြည်လမ်း(ဆီစက်မှတ်တိုင်)၊ အမှတ်(၁)ရှမ်းစုရပ်ကွက်၊ မှော်ဘီမြို့၊ ဖုန်း-၀၉-၅၄၁၇၄၄၀

## တစ်ဦးတည်းဖြစ်ပါကြောင်း

သာစည်မြို့နယ်၊ လျှော်ဖြူကုန်း အထက(၅)မှ နဝမတန်းဖြေဆိုထားသော မခိုင်နှင်းဝေ၏ ဖခင် ဦးသောင်း ၉/သစန(နိုင်)၁၀၅၃၀၁ နှင့် ဦးမောင်သောင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးသောင်း(ခ)ဦးမောင်သောင်း**

## လှိုင်မဟာစည် (၃၉)နှစ်ပြည့်နှင့် မဟာသင်္ကြန် ဝိပဿနာတရားစခန်း

ရန်ကုန်မြို့၊ လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ပညာပါရမီတော်ဖြည့် မဟာသတိပဋ္ဌာန်မိဂဒါဝုန်ဝိပဿနာသင်တန်း ၁၇ ရက် တရားစခန်းကို ယခုနှစ်တွင်လည်း ၁၂-၄-၂၀၁၈ ရက်မှ ၂၈-၄-၂၀၁၈ ရက်အထိ မဟာသင်္ကြန်တွင်း အထူးတရားစခန်းအဖြစ် ဖွင့်လှစ်မည်ဖြစ်ပါသည်။

ကျေးဇူးရှင် သက်တော်ရှည် လှိုင်မဟာစည် ဆရာတော်ကြီးကိုယ်တိုင် အခြေခံမှစ၍ နည်းစနစ်ကျနစွာ သင်ပြဟောကြားပေးတော်မူမည်ဖြစ်ပြီး၊ မည်သူမဆို (ဆွမ်း၊ ရေ၊ မီးစရိတ်) အခမဲ့ဖြင့် လာရောက်တရားစခန်းဝင် အားထုတ်နိုင်ပါသည်။ တရားစခန်းဝင်လိုသူ၊ ဆွမ်း၊ ရေ၊ မီးစရိတ်လှူဒါန်းလိုသူများ၊ ကိုယ်တိုင်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်။ (ယောဂီစာရင်းကြိုတင်ပေးသွင်းနိုင်ပါသည်။ နေရာအတွက် အရင်ရောက်သူဦးစားပေးဖြစ်ပါသည်။)

**လှိုင်မဟာစည်မိဂဒါဝုန် ဝိပဿနာသင်တန်းကြီးဖြစ်မြောက်ရေးကော်မတီ**

**ယောဂီကျောင်းလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၅၂၆၁၈၂၊ ၀၁-၅၂၁၁၀၇၊ ၀၁-၅၁၉၇၅၀၊ ၀၉-၃၀၃၈၃၃၀၈**

## စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမြင့်သိန်း-ဒေါ်မင်းမင်းသော်
စိမ်းလဲ့မြေသစ်မာစိုက်ပျိုးရေးနှင့် ခုနစ်စဉ်ကြယ်ဧည့်ရိပ်သာတို့၏ တစ်ဦးတည်းသောသား

**မောင်ဇော်ကဲဌေး (ADBA)**
**(Informahics Academy)**
**(Pandora Model)**

နှင့်

ရန်ကုန်မြို့နေ ဦးမြင့်ဌေး (Bosun, Uniteam Marine Co.,Ltd.) -ဒေါ်ဝေဝေတို့၏သမီးကြီး

**မမေသူဇံ(ခ)မြင့်မြတ်သော်တာ Second Year (Eco)**

တို့၏ ၂၇-၃-၂၀၁၈ ရက်တွင် ရန်ကုန်မြို့ Novotel Yangon Max Hotel (Yangon Ballroom) တွင် ပြုလုပ်ကျင်းပခဲ့သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲတွင် စုလျားရစ်ပတ်ထိမ်းမြားလက်ထပ်ပေးပါသော ဝန်ကြီး ဦးဇော်အေးမောင် (ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန၊ အလုပ်သမားရေးရာဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့) နှင့် ဇနီး ဒေါ်လှမြင့်သန်း၊ မင်္ဂလာပန်းကုံးဆင်မြန်းပေးပါသော Capt သန်းဦး (MD Uniteam Manine Yangon Ltd.) နှင့် ဇနီး ဒေါ်မာလာသိန်းရွှေ၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဦးအောင်လင်း (Chief Engineer, MVC Tomo -ငြိမ်း)နှင့် ဇနီး ဒေါ်ကြည်ကြည်မြင့် (MD၊ စကားဝါကုမ္ပဏီ)၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး(MRTV)၊ မင်္ဂလာအခါတော်ပေး ဒေါ်ရီရီသန့်နှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မောင်ချစ်ထိုက်သာ၊ မအိန္ဒြေခင်၊ မင်္ဂလာပန်းကုံးကလပ်ကိုင်ဆောင်ပေးပါသော မအေးသီရိမွန်၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မနှင်းပွင့်ဇေကရီ၊ သတို့သားအရံ မောင်သီဟဝင်းကိုနှင့် မောင်မောင်မောင်၊ သတို့သမီးအရံ မစောသန္တာမိုးနှင့် မမေသူဆုမြတ်၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ပြည်စိုးအောင်နှင့်အဖွဲ့၊ မိတ်ကပ်ဆင်မြန်းပေးပါသော ခင်စန်းဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော Love Diary၊ မင်္ဂလာအခမ်းအနားအား ပန်းပြင်ဆင်ပေးပါသော Floral Paradise၊ မင်္ဂလာဖိတ်စာရိုက်ကူးပေးပါသော ဒဂုံပုံနှိပ်တိုက်၊ Novotel Hotel မှ ဝန်ထမ်းများအားလုံး၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲအား မတက်ရောက်ဖြစ်သော်လည်း ရပ်ဝေးရပ်နီးမှ ပစ္စည်းများ ပေးပို့ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇော်ကဲဌေး-မမေသူဇံ(ခ)မြင့်မြတ်သော်တာ**

## GOLDEN RICH TRAVELS

တောင်ကြီး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မယ်ဆိုင်
ရွှေတိဂုံ၊ ချင်းရှိုင်၊ လော၊ 6N-7D(၂သိန်း)၊ Apl-12
09-450587933, 09-250366279, 09-786674066


## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၅၆၉၁၇ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျော့ကေခိုင် ၁၄/ဟသတ(နိုင်)၁၉၈၆၀၃ က(ကမ-၃)ပျောက်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## အယူခံတော်မှုကိုဆိုင်ရန်ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

**တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၇ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၃၁**

ဒေါ်နန်းသီတာအေး **နှင့်** ၁။ ဒေါ်ချယ်ရီလွင်
၂။ ဦးစိုင်းအောင်ညွန့်

**အယူခံတရားလို** **အယူခံတရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ခပေါင်းလမ်း၊ အမှတ်(၈/ဘီ) နေ အယူခံတရားပြိုင် အမှတ်(၁)ဒေါ်ချယ်ရီလွင်နှင့် အယူခံတရားပြိုင် အမှတ်(၂) ဦးစိုင်းအောင်ညွန့် (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

၂၀၁၆ခုနှစ် နိုဝင်ဘာလ ၂၁ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၈/၂၀၁၅ အမှုတွင်ချမှတ်သော စီရင်ချက်နှင့်ဒီကရီကို အယူတော်ခံမှု။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့် စီရင်ချက်နှင့် ဒီကရီကို အယူခံတရားလိုမှ ပထမအယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း၍ ဤအယူခံမှုကို ၂၀၁၈ ခုနှစ် ဧပြီ ၂၃ ရက် (၁၃၈၀ ခုနှစ် ကဆုန်လဆန်း ၉ရက်)တွင်ဆိုင်ရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာမရောက်ရှိခဲ့လျှင် ၄င်းပြင်ဆင်မှုကို သင်၏မျက်ကွယ်တွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင်သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင်ဒီကရီကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်း ၂၂ အရ ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့သင်ကကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြားအစီရင်ခံစာတင်သွင်းရမည်။

၂၀၁၈ ခုနှစ် မတ်လ ၂၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**အမိန့်အရ -**

(ရီရီဆွေ)
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အယူခံတော်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**
**၂၀၁၇ခုနှစ် တရားမအထွေထွေအယူခံမှုအမှတ်-၂၈၃**

ဒေါ်နန်းသီတာအေး **နှင့်** ဒေါ်ချယ်ရီလွင်

**အယူခံတရားလို** **အယူခံတရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ခပေါင်းလမ်း၊ အမှတ် ၈/ဘီနေ အယူခံတရားပြိုင် ဒေါ်ချယ်ရီလွင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၇ ခုနှစ်၊ မတ် ၃၀ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၅၃/၂၀၁၅ အမှုတွင် ချမှတ်သော စီရင်ချက်နှင့် ဒီကရီကို အယူတော်ခံမှု။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်ပေးသည့် စီရင်ချက်နှင့် ဒီကရီကို အယူခံတရားလိုမှ ပထမအယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းတင်သွင်း၍ ဤအယူခံမှုကို ၂၀၁၈ခုနှစ် ဧပြီ ၂၃ ရက် (၁၃၈၀ ခုနှစ် ကဆုန်လဆန်း ၉ ရက်)တွင် ဆိုင်ရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာမရောက်ရှိခဲ့လျှင် ၄င်းပြင်ဆင်မှုကို သင်၏မျက်ကွယ်တွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံး အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်ကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၈ ခုနှစ် မတ် ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

(ရီရီဆွေ)
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## မြောက်ဦးယဉ်ကျေးမှုအမွေအနှစ် စေတီပုထိုးများပြုပြင်ရန် အလှူငွေထည့်ဝင်လှူဒါန်းနိုင်

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းစေတီ၊ ပုထိုးများသည် နှစ်စဉ်ရာသီဥတု သဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းလျက်ရှိပြီး အများပြည်သူ ကြည်ညိုသဒ္ဓါများစွာ ဖူးမြော်နိုင်ရေးနှင့် ရှေးမူလက်ရာမပျက် ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် အလှူငွေများ လိုအပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ရှေးဟောင်းစေတီ၊ ပုထိုးများကို နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ပါ၍ အများပြည်သူများမှ မိမိတို့တတ်စွမ်းရှိသရွေ့ ပါဝင်လှူဒါန်းကုသိုလ်ပြုနိုင်ရေးအတွက် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

| စဉ် | ပြုပြင်ထိန်းသိမ်းမည့် စေတီ၊ ပုထိုး၏ဘွဲ့အမည် | တည်ထားသည့် မင်း၏ဘွဲ့အမည် | ခန့်မှန်း ကုန်ကျငွေ | မှတ်ချက် |
|---|---|---|---|---|
| ၁ | ရသေ့တောင်စေတီ | | ၂၅၀ သိန်း | |
| ၂ | ကိုးတန်စေ့စေတီ (၁) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၃ | ကိုးတန်စေ့စေတီ (၂) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၄ | ကိုးတန်စေ့စေတီ (၅) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၅ | ကိုးတန်စေ့စေတီ (၆) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၆ | ကိုးတန်စေ့စေတီ (၇) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၇ | ကိုးတန်စေ့စေတီ(၈) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၈ | ကိုးတန်စေ့စေတီ (၉) | မင်းဗာကြီး | ၁၅၀ သိန်း | |
| ၉ | မျှော်တော်မူပေါင်းကူးဂိတ် | ဖုန်ဒတ်စစ်သူကြီးသီဟပတိ | ၅၀ သိန်း | |
| ၁၀ | သင်္ချိုင်းတောင်စေတီထိန်းသိမ်းရေး | စန္ဒသုမန | ၁၅၀ သိန်း | |
| ၁၁ | တေဇရာမစေတီ | စလင်္ကာသူစောမွန် | ၃၆၀ သိန်း | |
| ၁၂ | တောင်သုံးကျစ်တစ်ဆူ | နရနူစောမွန် | ၁၀၀ သိန်း | |
| ၁၃ | စံကားတောင်စေတီ (၁) | မင်းစောမွန် | ၂၀၀ သိန်း | |
| ၁၄ | စံကားတောင်စေတီ (၂) | မင်းစောမွန် | ၂၀၀ သိန်း | |

**ဆက်သွယ်လှူဒါန်းနိုင်သော ဌာနများ**

- ပြည်နယ်ယဉ်ကျေးမှုတာဝန်ခံ
- ပြည်နယ်ဝန်ကြီး၊ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၂၆၅၁
- ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြောက်ဦးမြို့၊ ဖုန်း-၀၄၃-၅၀၂၈၉၊ ၀၄၃-၅၀၂၉၀၊ ၀၄၃-၅၀၂၉၁
- ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲ၊ မြောက်ဦးမြို့ ညွှန်ကြားရေးမှူး ဖုန်း-၀၉-၇၈၅၀၇၁၂၅၄
- ဒုတိယညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၂၉၆၆၀၅၀၆၊ ၀၉-၇၈၉၆၃၂၄၄၂
- လက်ထောက်ညွှန်ကြားရေးမှူး ဖုန်း-၀၉-၄၂၁၇၃၄၀၀၇

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G-4509 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ GMS ထိပ်သီး အစည်းအဝေးဖွင့်ပွဲ တက်ရောက်မိန့်ခွန်းပြောကြား

## လူမှုစီးပွားဖွံ့ဖြိုးရန် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲဆောင်ရွက်လျက်ရှိ




**GMS အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB) ဥက္ကဋ္ဌတို့၏ သီးသန့်အစည်းအဝေး ကျင်းပစဉ်။** သတင်းစဉ်

**ဟန္နိုင်း မတ် ၃၁**

ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် National Convention Center (NCC)၌ ကျင်းပသည့် GMS အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ဥက္ကဋ္ဌတို့၏ သီးသန့်အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ်မြောက် GMS ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့်အတူ နံနက် ၈ နာရီ ၄၅ မိနစ်တွင် National Convention Center (NCC)၌ ကျင်းပသည့် GMS အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)ဥက္ကဋ္ဌတို့၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်သည်။

သီးသန့်အစည်းအဝေးအပြီးတွင် GMS အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ဥက္ကဋ္ဌ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ကမ္ဘာ့ဘဏ် မန်နေဂျင်းဒါရိုက်တာတို့သည် National Convention Center (NCC) ရှိ အစည်းအဝေးခန်းမ၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး GMS (၂၅)နှစ်မြောက် အထိမ်းအမှတ် ဗီဒီယိုဖိုင်ကို ကြည့်ရှုကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❐

# အလုပ်အကိုင်နှစ်သန်း ဖန်တီးပေးမည့် ရန်ကုန်မြို့သစ်စီမံကိန်း စတင်တော့မည်

**ရန်ကုန် မတ် ၃၁**

စက်မှုဇုန်အပါအဝင် စက်ရုံ၊ အလုပ်ရုံများပါဝင်သော ရန်ကုန်မြို့ ကြည့်မြင်တိုင်တစ်ဖက်ကမ်းတွင် နည်းပညာများ တိုးတက်သည့် SMART CITY အဖြစ် ထူထောင်ပြီး အလုပ်အကိုင်အခွင့်အလမ်း နှစ်သန်း ဖော်ဆောင်ပေးနိုင်မည့် ရန်ကုန်မြို့သစ် ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်(New Yangon Development Company Limited - NYDC) ဖွဲ့စည်းထူထောင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်း ၆ မိုင်ခွဲရှိ LOTTE ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ နယ်ပယ်အသီးသီးမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်း ပြည်ပ

*စာမျက်နှာ ၅ ကော်လံ ၁* ✪




**ရန်ကုန်မြို့သစ်စီမံကိန်း ပထမအဆင့် ဆောင်ရွက်မည့် မြေပုံ။**

# လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် နိုင်ပွဲပြန်ရ

**ရန်ကုန် မတ် ၃၁**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကွင်းသုံးကွင်း၌ ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်နှင့် ထိပ်ဆုံးမှ ရန်ကုန်အသင်း နိုင်ပွဲပြန်ရခဲ့သည်။

တောင်ကြီးကွင်း၌ ကျင်းပသည့်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရခိုင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရာသီအစတွင် ရလဒ်ပိုင်းမတည်ငြိမ်ဖြစ်ပြီး နည်းပြအပြောင်းအလဲဖြစ်ထားသည့် ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယာယီနည်းပြချုပ် ဦးအောင်ကျော်ထွန်း လက်ထက် ပထမဆုံးပြည်တွင်းလိဂ်ပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့ပြီး ပုံစံကောင်းပြသနိုင်ခြင်းမရှိသော်လည်း အမှတ်ပြည့်ရယူနိုင်ခဲ့သည်။

ယာယီနည်းပြချုပ်ဖြင့်ပွဲထွက်လာသည့် ရှမ်းယူနိုက်တက်

*စာမျက်နှာ ၁၃ ကော်လံ ၃* ❍

**တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ နက္ခတ်တာရာပြခန်း(နေပြည်တော်)၏ ၁၀ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် စည်ကားစွာကျင်းပ** စာ » ၁၁

**မောင်တောမြို့နယ်တွင် ငွေကျပ်သိန်း ၅၈၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ** စာ » ၁၂

